မြန်မာ့အလင်း
၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

**ငြိမ်းအေးသောစိတ်ရှိ**

အာသဝေါကုန်ပြီးသော ရဟန္တာသည် တစ်စုံတစ်ယောက်အား စိတ်ဆိုးခြင်း၊ အမျက်ထွက်ခြင်း မရှိ၊ ငြိမ်သက်သော ဣန္ဒြေ၊ ငြိမ်းအေးသော စိတ်ရှိကုန်၏။ မည်သို့သော အခြေအနေတွင် မည်သည့်အဖြစ်မျိုးနှင့် ကြုံတွေ့ရသည်ဖြစ်စေ၊ မိမိ၏ အတိတ်သံသရာက ပါလာသော ဝဋ်ကြွေးကြောင့်ဟု ခံယူလိုက်လျှင် စိတ်ချမ်းသာရာရ၏။

အရဟန္တဝဂ်(ဓမ္မပဒ-၉၆)

၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၁၁ ရက် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာ ၁၈ ရက်၊ အင်္ဂါနေ့ အတွဲ (၅၈)၊ အမှတ် (၀၇၉)

# ဒုတိယသမ္မတ ဦးမြင့်ဆွေ (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေး ဗဟိုကော်မတီ တတိယအကြိမ်ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြား




ဒုတိယသမ္မတ ဦးမြင့်ဆွေ ၂၀၁၉ ခုနှစ်၊ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် ဒီဇင်ဘာ ၁၇**

၂၀၁၉ ခုနှစ်၊ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စု အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဒေါက်တာဖေမြင့်၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာမြင့်ထွေး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်မော်၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဗိုလ်ချုပ်အောင်သူ၊ ဗိုလ်ချုပ်သန်းထွဋ်၊ ဒေါက်တာထွန်းနိုင်၊ ဦးဝင်းမော်ထွန်း၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တပ်မတော်မှ အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❐

## တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါး သတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ် ရရှိမှုများ ထုတ်ပြန်

စာ » ၉

## မြောက်ကိုရီးယားအပေါ် အရေးယူပိတ်ဆို့မှုများ လုပ်ဆောင်နေပါက ချုကလီးယားကင်းစင်ရေး အလုပ်မဖြစ်ဟုဆို

စာ » ၁၄

## ရောဝတီတံတား (သရက်-အောင်လံ) ပန္နက်တော်တင် တွင်းတော်ဝန်း ရတနာပိုင်တိုင်စိုက်ထူ

**နေပြည်တော် ဒီဇင်ဘာ ၁၇**

လမ်းပန်းဆက်သွယ်ရေး ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသတွင်းဖွံ့ဖြိုး တိုးတက်ရေး၊ ပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန ၊ တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၃)မှ မကွေးတိုင်းဒေသကြီးအတွင်းရှိ ရောဝတီတံတား (သရက် - အောင်လံ) ပန္နက်တော်တင် တွင်းတော်ဝန်း ရတနာပိုင်တိုင်စိုက်ထူခြင်း မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် အဆိုပါ တံတားတည်ဆောက်မည့် ဧရိယာအတွင်းရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❋






မြန်မာ့အလင်း

## စာတတ်သူတိုင်း စာဖတ်ကြရေး လှုပ်ရှားမှုသည် တစ်ဦးချင်းအတွက်ရော နိုင်ငံအတွက်ပါ အရေးပါ

စာတတ်သူတိုင်း စာဖတ်ရေးလှုပ်ရှားမှုအခမ်းအနားကို မကြာမီ ကျင်းပတော့မည်။ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာတတ်မြောက်သူတိုင်း စာပေဖတ်ရှုသည့် အလေ့အထကောင်းများ ပိုမိုတိုးတက်လာစေရေးအတွက် အားပေးလှုံ့ဆော်ရန်ဟူသော ရည်ရွယ်ချက်က အထက်ဖော်ပြပါ လှုပ်ရှားမှုအခမ်းအနားပြုလုပ်ရခြင်း၏ အဓိကရည်ရွယ်ချက်ဖြစ်ပြီး နိုင်ငံတွင်းရှိ ဒေသအနှံ့အပြားမှာ လှုပ်ရှားမှုများ ဆက်လက်ပြုလုပ်သွားမှာလည်း ဖြစ်သည်။

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံတွင် (အသက် ၁၅ နှစ်နှင့်အထက်) အရွယ်ရောက်ပြီးသူ စာတတ်မြောက်မှုနှုန်းမှာ ၈၉ ဒသမ ၅၂ ရာခိုင်နှုန်းရှိသည်။ အရွယ်ရောက်ပြီးသူ အမျိုးသား ၉၂ ဒသမ ၆ ရာခိုင်နှုန်းသည်လည်းကောင်း၊ အရွယ်ရောက်ပြီးသူ အမျိုးသမီး ၈၆ ဒသမ ၉ ရာခိုင်နှုန်းသည်လည်းကောင်း စာတတ်မြောက်ပြီးသူများ ဖြစ်ကြသည်။ စာတတ်မြောက်ကြခြင်းသည် ကျောင်းသင်ပညာရေးကြောင့်ဖြစ်စေ၊ အသုံးလုံးကဲ့သို့သော စာမတတ်သူ ပပျောက်ရေး လှုပ်ရှားမှုများကြောင့်ဖြစ်စေ စာဖတ်နိုင်စွမ်း ရှိနေကြခြင်းဖြစ်သည်။ ကျောင်းသင်ပညာကြောင့် စာတတ်မြောက်နေကြစေကာမူ စာဖတ်သည့်အလေ့အထနည်းပါးနေမည်ဆိုပါက တန်ဖိုးမြင့်သည့် လူသားအရင်းအမြစ်ဖြစ်လာရေးမှာ စိုးရိမ်ဖွယ်ရာ ဖြစ်သည်။ လွတ်လပ်ပွင့်လင်းလာသည့်ခေတ်မှာ နေ့စဉ်နှင့်အမျှ ထွက်ရှိနေသည့် စာအုပ်များစွာတို့က စာဖတ်ဝါသနာရှင်တို့အတွက် လက်လှမ်းတစ်မီမှာ၊ ရွေးချယ်ဖတ်ရှုရုံသာ ဖြစ်သည်။ စာတတ်သူတိုင်း စာဖတ်ကြသည်နှင့်အမျှ အကြောင်းအရာများစွာ၊ ဘာသာရပ်များစွာတို့အတွက် ဖတ်ရှုစရာစာအုပ်များစွာတို့ စဉ်ဆက်မပြတ် ထုတ်ဝေထွက်ပေါ်လာကြမည် မလွဲ။

စာတတ်သူတိုင်း စာဖတ်ရေးလှုပ်ရှားမှုအတွက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့မှ ပြခန်းများပါဝင်ပြသသွားမည်ဖြစ်ကြောင်းနှင့် မြန်မာတစ်နိုင်ငံလုံးရှိ စာကြည့်တိုက်များအနက်မှ ဆန်းသစ်တီထွင်မှုရှိသည့် စာကြည့်တိုက် ၂၀ ကို ဆုချီးမြှင့်ခြင်း၊ ဆွေးနွေးပွဲ၊ စာတမ်းဖတ်ပွဲများ ကျင်းပခြင်း၊ စာအုပ်စျေးရောင်းပွဲတော်များ ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်းတို့ကို မီဒီယာများသို့ တွေ့ဆုံရှင်းလင်းခဲ့ပြီးဖြစ်သည်။ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ တွင် ဒီဇင်ဘာ ၂၀ ရက်နှင့်နှင့် ၂၁ ရက်တို့တွင် ကျင်းပမည့် စာတတ်သူတိုင်းစာဖတ်ရေး လှုပ်ရှားမှုအခမ်းအနားက ပူးပေါင်းပါဝင်ဆောင်ရွက်ကြသည့်ဌာနအသီးသီးတို့၏ စွမ်းဆောင်မှုများနှင့်အတူ စိတ်ဝင်စားဖွယ်အကြောင်းအရာများနှင့် ပြည့်လျက်ရှိသည်။

စာတတ်သူချင်းအတူတူ စာဖတ်သူက ခေါင်းတစ်လုံး ပိုမြင့်သည်။ စာနည်းနည်းဖတ်သူထက် စာများများဖတ်သူက အသိအမြင်ပိုသည်။ စာကိုပို၍ပို၍ဖတ်လေလေ အသိပညာဗဟုသုတ မိုးကုပ်စက်ဝိုင်းက ပို၍ပို၍ ကျယ်ပြန့်လေလေ ဖြစ်သည်။ စာတတ်သူတိုင်း စာဖတ်ရေး လှုံ့ဆော်ခြင်း အားပေးတိုက်တွန်းခြင်းသည် လူတစ်ဦးချင်းအတွက်ရော နိုင်ငံအတွက်ပါ ကောင်းကျိုးဖြစ်ထွန်းစေမည်မှာ မလွဲကေန်ဟူ၍ ယုံကြည်ပါကြောင်း။ ။

## သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေပေးအပ်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၇**

မြန်မာနိုင်ငံစာရေးဆရာအသင်းက နှစ်စဉ်ကျင်းပမြဲဖြစ်သော မြန်မာနိုင်ငံစာဆိုတော်နေ့ အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် စေတနာရှင်များက အလှူငွေများ လှူဒါန်းလျက်ရှိပြီး အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီတွင် အသင်းရုံးအစည်းအဝေးခန်းမတွင် ကျင်းပမည် ဖြစ်သဖြင့် အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာရေးဆရာအသင်း၊ အမှတ် ၁၇၃/၁၇၅ ပန်းဆိုးတန်းလမ်း (အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၈၅၂၇၃၊ ၀၁-၂၅၂၄၁၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

စာတတ်သူတိုင်း စာဖတ်ရေး
အားလုံးပါဝင်ကူညီပေး

"စာတတ်သူတိုင်း စာဖတ်ရေး" လှုပ်ရှားမှု
အခမ်းအနား

မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန - ၂ (MICC-2)၊ နေပြည်တော်
၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ (၂၀၊ ၂၁) ရက်၊ (ကြာသပတေး၊ သောကြာ) နံနက်(၉)နာရီမှ ညနေ(၅)နာရီအထိ
မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။

## ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် မောင်တော ခရိုင်၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့်တွေ့ဆုံ

**မောင်တော ဒီဇင်ဘာ ၁၇**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ( ရခိုင်ပြည်နယ် ) တာဝန်ခံ ဦးထွန်းခင်သည် ယမန်နေ့က မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မောင်တောခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့် တွေ့ဆုံခဲ့သည်။

ထိုသို့ တွေ့ဆုံရာတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်က ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲ ကျင်းပရန် အချိန်နီးကပ်လာပြီဖြစ်သောကြောင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များတွင် မဲစာရင်းပြုစုရာ၌ ပြည့်စုံမှန်ကန်သော မဲစာရင်းရရှိရေး၊ သွားလာရေးခက်ခဲသည့် ဒေသများအတွက် ကြိုတင်ပြင်ဆင်ထားရှိရန် မှာကြားလိုသည့်အတွက် လာရောက်တွေ့ဆုံရခြင်းဖြစ်ကြောင်း၊ ခရိုင်၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင်များ အနေဖြင့်လည်း မဲစာရင်းပြုစုရာတွင်မှန်ကန်မှုရှိစေရေး၊ ဥပဒေအရ မဲပေးပိုင်ခွင့်ရှိသူများ မဲပေးခွင့်ရရှိရေး၊ ဒေသစွဲ၊ ပုဂ္ဂိုလ်စွဲမထားဘဲ အများယုံကြည်ရသည့် ပုဂ္ဂိုလ်များဖြစ်သည့်အတွက် ရွေးကောက်ပွဲအောင်မြင်ရေး ပူးပေါင်း ဆောင်ရွက်ပေးစေလိုကြောင်း၊ ပြည်သူများကိုလည်း မဲပေးအောင်စည်းရုံးကြရန်၊ မဲပေးမှုဒီမိုကရေစီစနစ် ပီပြင်လာမည်ဖြစ်ကြောင်း ပြောသည်။

ယင်းနောက် ခရိုင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများက အတွေ့အကြုံ၊ အခက်အခဲများနှင့် လိုအပ်ချက်များကို အကြံပြုဆွေးနွေးကြရာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်က ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး ခရိုင်၊ မြို့နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များအနေဖြင့် လွှတ်တော်ဥပဒေ၊ နည်းဥပဒေများ၊ နိုင်ငံရေးပါတီဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ငန်းလမ်းညွှန်များကို နားလည်ထားရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ခရိုင်( ပြန်/ဆက် )**

## ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် သဃ်န်းကျွန်းမြို့နယ်တရားရုံးနှင့် ရဲတပ်ဖွဲ့စခန်းတို့အား စစ်ဆေး

**ရန်ကုန် ဒီဇင်ဘာ ၁၇**

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးလှအေးသည် ယမန်နေ့က ရုံးအဖွဲ့မှူး ဒေါ်နွဲ့နွဲ့ဦး၊ ရန်ကုန်အရှေ့ပိုင်းခရိုင် တွဲဖက်တရားသူကြီး ဒေါ်နုနုခင်တို့နှင့်အတူ သဃ်န်းကျွန်းမြို့နယ် တရားရုံးသစ် ဆောက်လုပ်သည့်မြေနေရာ၊ သဃ်န်းကျွန်းမြို့မ ရဲတပ်ဖွဲ့စခန်း၊ သုဝဏ္ဏနယ်မြေရဲစခန်းနှင့် မြို့နယ်တရားရုံးတို့ကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်က လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**၀၂၅**

## မြန်မာ့အကြီးဆုံး ဖြစ်လာမည့် စည်တော်ကြီးထုလုပ်မှု ရာနှုန်းပြည့်နီးပါးပြီးစီး

**အင်းတော် ဒီဇင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် လက်ပံကုန်းကျေးရွာတွင် ထုလုပ်နေသည့် မြန်မာ့အကြီးဆုံးဖြစ်လာမည့် စည်တော်ကြီးမှာ လက်ရှိတွင် ရာနှုန်းပြည့်နီးပါး ပြီးစီးနေပြီးဖြစ်ကြောင်း "ဆရာပွဲ" မြန်မာတူရိယာအမျိုးမျိုး လုပ်ငန်းမှ သိရသည်။

ထိုစည်တော်ကြီး ထွင်းထုပြုလုပ်နေမှုကို ယခုနှစ် ဖေဖော်ဝါရီလက စတင်ပြုလုပ် ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် အချောသပ် ဆေးခြယ်သည့်လုပ်ငန်းကို လုပ်ဆောင်လျက်ရှိကြောင်းနှင့် ဒီဇင်ဘာ ၂၀ ရက်မတိုင်ခင် ရာခိုင်နှုန်းပြည့် ပြီးစီးမည်ဖြစ်ကြောင်း "ဆရာပွဲ" မြန်မာတူရိယာအမျိုးမျိုး လုပ်ငန်းမှ ဦးကျော်ညွန့်က ပြောသည်။



"စည်မျက်နှာပြင် သားရေကြက်ပြီးသွားပါပြီ။ နောက်လေးရက်၊ ငါးရက်လောက်ဆို အကုန်လုံးပြီးစီးပါပြီ။ ဆေးခြယ်တာတွေ အစရှိသဖြင့် အကုန်လုံးပြီးမယ်။ လက်ရှိက ဆေးခြယ်နေပါတယ်" ဟု ၎င်းက ပြောသည်။

အဆိုပါ မြန်မာ့အကြီးဆုံး စည်တော်ကြီးကို ထွင်းထုနေသည့် အသားမှာ ကုက္ကိုသားဖြစ်ပြီး အင်းတော်မြို့ သုသာန်ရှင်းလင်းရာမှ ရရှိခြင်းဖြစ်ကြောင်းနှင့် စည်တော်ကြီးထုလုပ်ပြီးစီးပါက တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

ကုက္ကိုသားဖြင့် ပြုလုပ်နေသည့် စည်တော်ကြီးမှာ အရှည် ၁၀ ပေ ၈ လက်မ၊ စည်မျက်နှာပြင် ထိပ်ဝတစ်ဖက်လျှင် အကျယ် ၅ ပေ ၄ လက်မ ရှိမည်ဖြစ်ပြီး စည်တော်ကြီး အလယ်နေရာမှာ ၆၃ လက်မ ရှိမည် ဖြစ်သည်။

အလယ်ကျန်သည့် သစ်သားစည်နေရာအပိုင်းကို မြတ်စွာဘုရား၏ ၁၀၈ ကွက်သော ဗုဒ္ဓခြေတော်ရာ စက်လက္ခဏာအား နတ်သားများ ပူဇော်နေသည့်ပုံကို ထည့်သွင်း၍ ကြည်ညိုဖွယ်ရာဖြစ်အောင် ပြုလုပ်ဆောင်ရွက်ထားပြီး စည်အတွင်းပိုင်းတွင် ဂါထာများ ထွင်းထုထားကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**




မြန်မာ့ရိုးရာ ကစားနည်း ဖန်ခုန်ခြင်း

ဓာတ်ပုံ-ကြည်မျိုးသက်

**“လွတ်လပ်ရေးဖခင်ကြီးများ မျှော်မှန်းခဲ့တဲ့ တရားမျှတမှုနဲ့ လွတ်လပ်တဲ့နိုင်ငံ၊ လူခပ်သိမ်းငြိမ်းချမ်းစေဖို့ ခွင့်တူညီမျှ အာမခံမယ့် ဖြူစင်တဲ့ဝါဒ ကျင့်သုံးတဲ့နိုင်ငံ အမှန်တကယ် ဖြစ်စေဖို့ စုပေါင်းအင်အားနဲ့လုပ်ဆောင်ကြပါစို့”**

*[ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် ၂၀၁၇ ခုနှစ်အတွက် နိုင်ငံတော် အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်းမှ ကောက်နုတ်ချက်]*

❐ *ရှေ့ဖုံးမှ*

အစည်းအဝေးတွင် ၂၀၁၉ ခုနှစ်၊ (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ၊ ဒုတိယ သမ္မတက (၇၁)နှစ်မြောက် လွတ်လပ်ရေး နေ့ကျင်းပရေးအခမ်းအနားကို အမျိုးသား ရေးဦးတည်ချက် (၅) ရပ်နှင့်အညီ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် တစ်ဝန်းလုံးတွင် အောင်မြင်စွာ ကျင်းပ ပြုလုပ်နိုင်ရေးအတွက် **(၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟို ကော်မတီ** ကို ၂၀၁၈ ခုနှစ်၊ အောက်တိုဘာ ၄ ရက်တွင် ပြည်ထောင်စုအစိုးရအဖွဲ့မှ အဖွဲ့ဝင် ( ၃၇ ) ဦးဖြင့် ဖွဲ့စည်းပေးခဲ့ ပါကြောင်း။

ဗဟိုကော်မတီ၏ အောက်တွင် လုပ်ငန်းကဏ္ဍအလိုက် စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်သွား နိုင်ရန် ဆပ်ကော်မတီ (၁၀)ခုကို ဖွဲ့စည်း ဆောင်ရွက်ခဲ့ပြီး ဗဟိုကော်မတီ၏ ပထမ အကြိမ် ညှိနှိုင်းအစည်းအဝေးကို ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် ကျင်းပခဲ့ရာ အစည်းအဝေး ဆုံးဖြတ်ချက် (၂၂) ချက် ချမှတ်ဆောင်ရွက်ခဲ့ပါ ကြောင်း၊ ဒုတိယအကြိမ် ညှိနှိုင်းအစည်း အဝေးကို ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၉ ရက် တွင် ကျင်းပခဲ့ပြီး အစည်းအဝေးဆုံးဖြတ် ချက် (၂၃) ချက် ချမှတ်ခဲ့ကာ အဆိုပါ အစည်းအဝေး ဆုံးဖြတ်ချက်အားလုံးကို သက်ဆိုင်ရာ ဆပ်ကော်မတီအလိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိသည်ကို တွေ့ရှိရပါကြောင်း၊ ဆပ်ကော် မတီများအနေဖြင့် ယခင်နှစ်က ကျင်းပခဲ့ သည့် လွတ်လပ်ရေးနေ့အခမ်းအနားတွင် တွေ့ကြုံခဲ့သည့် အားနည်းချက်၊ အားသာ ချက်များအပေါ် သုံးသပ်ပြီး အကောင်းဆုံး လုပ်ဆောင်သွားမည်ဟု ယုံကြည်ပါ ကြောင်း။

**ပွင့်ပွင့်လင်းလင်းတင်ပြဆွေးနွေး**

လွတ်လပ်ရေးနေ့အခမ်းအနား အစီ အစဉ်ကို အပိုင်းနှစ်ပိုင်းဖြင့် ကျင်းပသွား မည်ဖြစ်ပြီး နံနက်ပိုင်းတွင် နိုင်ငံတော် အလံတင်နှင့် နိုင်ငံတော်အလံအလေးပြုပွဲ စစ်ရေးပြအခမ်းအနားနှင့် နိုင်ငံတော် သမ္မတ၏ လွတ်လပ်ရေးနေ့သဝဏ်လွှာ ဖတ်ကြားသည့် အခမ်းအနား၊ ညနေပိုင်း တွင် ညှိခံပွဲနှင့် ညစာစားပွဲအခမ်းအနား တို့ ဖြစ်ပါကြောင်း၊ အဆိုပါ အခမ်းအနား များကို အကောင်အထည်ဖော် ဆောင် ရွက်ကြမည့်ဆပ်ကော်မတီ (၁၀)ခုအနေ ဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များ အောင် မြင်စေရေး စနစ်တကျစီမံဆောင်ရွက် သွားရန်နှင့် လိုအပ်ချက်မရှိအောင် သက်ဆိုင်ရာကဏ္ဍအလိုက် ပေါင်းစပ် ညှိနှိုင်း ဆောင်ရွက်သွားကြရမည်ဖြစ်ပါ ကြောင်း၊ အခမ်းအနားကျင်းပမည့်ရက် နီးကပ်လာသည်နှင့်အမျှ ဆပ်ကော်မတီ အလိုက် တာဝန်ယူဆောင်ရွက်ရသည့် လုပ်ငန်းများ ပြီးပြည့်စုံနေမည်ဟု ယုံကြည်ပါကြောင်း၊ ယခုအခမ်းအနား သည် နိုင်ငံတော်အခမ်းအနားဖြစ်သည့် အတွက် အဘက်ဘက်မှ လစ်ဟာမှုများ မရှိအောင် ဝိုင်းဝန်းပူးပေါင်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ပြီး ရာသီဥတု

**“ဆပ်ကော်မတီများအနေဖြင့် ယခင်နှစ်က ကျင်းပခဲ့သည့် လွတ်လပ်ရေးနေ့ အခမ်းအနားတွင် တွေ့ကြုံခဲ့သည့် အားနည်းချက်၊ အားသာချက်များအပေါ် သုံးသပ်ပြီး အကောင်းဆုံးလုပ်ဆောင်”**

အခြေအနေအပေါ် တွက်ဆကာ ကြိုတင် ပြင်ဆင်မှုများ စီမံဆောင်ရွက်ထားရန် လိုအပ်ပါကြောင်း၊ သက်ဆိုင်ရာ ဆပ် ကော်မတီများက ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီး မှု၊ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင် ရွက်သွားမည့် အခြေအနေများ၊ အခြား လိုအပ်ချက်များနှင့် အခက်အခဲများ ရှိပါ က ပွင့်ပွင့်လင်းလင်း တင်ပြဆွေးနွေးသွား ရန် တိုက်တွန်းပါကြောင်း ပြောကြား သည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် နိုင်ငံတော်အလံတင် နှင့် နိုင်ငံတော်အလံအလေးပြုပွဲစစ်ရေး ပြ ဆပ်ကော်မတီဆိုင်ရာ ကိစ္စရပ်များအား နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်မော်က လည်းကောင်း၊ နိုင်ငံ တော်အလံ အလေးပြုပွဲအခမ်းအနား ကျင်းပရေး၊ ပြင်ဆင်ရေးနှင့် ဖိတ်ကြားရေး ဆပ်ကော်မတီဆိုင်ရာ ကိစ္စရပ်များအား နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မျိုးအောင်နှင့် အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်တို့က လည်းကောင်း၊ လွတ်လပ်ရေးနေ့ ညှိခံပွဲနှင့် ညစာစားပွဲ ကျင်းပရေးဆပ်ကော်မတီဆိုင်ရာကိစ္စရပ် များအား နိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်နှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင် အေးဟန်တို့ကလည်းကောင်း၊ မီးရှူး မီးပန်းများ ပစ်ဖောက်ရေးဆပ်ကော်မတီ ဆိုင်ရာ ကိစ္စရပ်များအား စစ်လက်နက် ပစ္စည်းညွှန်ကြားရေးမှူးရုံး ဒုတိယ ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ် သန်းကျော် စိုးက လည်းကောင်း၊ လုံခြုံရေးဆပ် ကော်မတီဆိုင်ရာ ကိစ္စရပ်များအား ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက လည်းကောင်း၊ ပြန်ကြားရေးဆပ်ကော်မတီ ဆိုင်ရာကိစ္စ ရပ်များအား ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံတို့က လည်းကောင်း၊ နိုင်ငံတော်သမ္မတ၏ လွတ်လပ်ရေးနေ့ သဝဏ်လွှာပြုစုရေး ဆပ်ကော်မတီဆိုင်ရာ ကိစ္စရပ်များအား ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက လည်းကောင်း၊ ကျန်းမာရေး ဆပ်ကော်မတီဆိုင်ရာကိစ္စ ရပ်များအား ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်သီတာလှက လည်း ကောင်း၊ အားကစားပြိုင်ပွဲများ ကျင်းပ ရေးဆပ်ကော်မတီဆိုင်ရာ ကိစ္စရပ်များ အား ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က လည်းကောင်း၊ စာရင်းစစ်ဆေးရေး ဆပ်ကော်မတီဆိုင်ရာ ကိစ္စရပ်များအား ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးမှ အမြဲ တမ်းအတွင်းဝန် ဒေါ်နိုင်သက်ဦးက လည်း ကောင်း၊ အခမ်းအနားများအတွက် မော်တော်ယာဉ် ဝင်/ထွက် လမ်း ကြောင်းများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ယာဉ်ထိန်းတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်ကိုဦးကလည်းကောင်း ရှင်းလင်း တင်ပြကြသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ကျန်းမာ ရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တို့က (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင် ရေးအတွက် လိုအပ်သည်များကို အကြံပြု ဖြည့်စွက် ဆွေးနွေးတင်ပြကြသည်။

**နိဂုံးချုပ်အမှာစကားပြော**

ယင်းနောက် ဗဟိုကော်မတီ ဥက္ကဋ္ဌ၊ ဒုတိယသမ္မတက ဆပ်ကော်မတီများ အလိုက် ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာ စကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

# (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ဂုဏ်ထူးဆောင်ဘွဲ့ များ ချီးမြှင့်အပ်နှင်းနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၇**

၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ ၄ ရက်(လွတ်လပ်ရေးနေ့)တွင် နိုင်ငံတော်သမ္မတမှ နိုင်ငံတော် အခမ်းအနားဖြင့် ဂုဏ်ထူးဆောင်ဘွဲ့များချီးမြှင့်အပ်နှင်းနိုင်ရေးနှင့် အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲ တွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စု ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေက ၂၀၁၈ ခုနှစ် လွတ်လပ်ရေးနေ့၌ တပ်မတော် ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းခြင်းခံခဲ့ရသည့် သူရဘွဲ့ရရှိသူ နှစ်ဦးကို နိုင်ငံတော်သမ္မတမှ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် အခမ်းအနားဖြင့် ချီးမြှင့်အပ်နှင်းသွားမည်ဖြစ်၍ အခမ်းအနား ကျင်းပရေးဗဟိုကော်မတီဖွဲ့စည်းပြီး ဗဟိုကော်မတီအဖွဲ့ဝင် ဝန်ကြီးဌာနအလိုက် သက်ဆိုင်ရာတာဝန်များအား ခွဲဝေဆောင်ရွက်နိုင်ရေး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက် နိုင်ရန်နှင့် အခမ်းအနားအား အောင်မြင်စွာ ကျင်းပနိုင်ရေးတို့အတွက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အဆင့် အခမ်းအနားဖြစ်သည့် အတွက် လုံခြုံရေးအပါအဝင် ဆောင်ရွက်ဖွယ်ရာလုပ်ငန်းများကို စနစ်တကျ ကြိုတင် ပြင်ဆင်ခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်း၊ အကြံဉာဏ်ကောင်းများပေးခြင်းဖြင့် ဝိုင်းဝန်း တာဝန်ယူ ဆောင်ရွက်ပေးကြရန်ဖြစ်ကြောင်း ပြောကြားသည်။ **(ယာပုံ)**

ထို့နောက် တက်ရောက်လာကြသည့် အခမ်းအနားကျင်းပရေး ဗဟိုကော်မတီ အဖွဲ့ဝင်များမှ သက်ဆိုင်ရာကဏ္ဍအလိုက် ပါဝင်ဆောင်ရွက်မည့်အခြေအနေများအား ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

အခမ်းအနားသို့ ကျင်းပရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်သူနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ အဖွဲ့ဝင်များ၊ တာဝန်ရှိသူများတက်ရောက် ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၁၇**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက် တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင် သည်။

**မိုး/ဇလ**

## ရှမ်းပြည်နယ်ဝန်ကြီးများ ပြောင်းလဲတာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၄၆/၂၀၁၈**
**၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၁၀ ရက်**
**(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်)**
**ရှမ်းပြည်နယ်ဝန်ကြီးများ ပြောင်းလဲတာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (စ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဆ) တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ပါ ရှမ်းပြည်နယ်ဝန်ကြီးများကို ယှဉ်တွဲပါဝန်ကြီးဌာန အသီးသီးတွင် ပြောင်းလဲတာဝန်ပေးလိုက်သည်-

(၁) ဦးစိုင်းရဲန်တစ်လုံ — လျှပ်စစ်၊ စွမ်းအင်နှင့်စက်မှုဝန်ကြီးဌာန
(၂) ဦးစိုးညွန့်လွင် — စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## တိုင်းဒေသကြီး တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးခန့်အပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၄၇/၂၀၁၈**
**၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၁၀ ရက်**
**(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်)**
**တိုင်းဒေသကြီး တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (စ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ (ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မ ၈၂၊ ပုဒ်မခွဲ (ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂)၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးစိုင်းပန်းဆိုင် (ခ) ဦးစိုင်းထွန်းစိန် (ခ) ဦးကျော်စိန်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ပြည်နယ်ဝန်ကြီးဌာန ပြင်ဆင်ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်ကြော်ငြာစာ**
**အမှတ်၊ ၉၇/၂၀၁၈**
**၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၁၀ ရက်**
**(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်)**
**ပြည်နယ်ဝန်ကြီးဌာန ပြင်ဆင်ဖွဲ့စည်းခြင်း**

ရှမ်းပြည်နယ်လွှတ်တော်၏ သဘောတူညီချက်အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရှိ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာနနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့ကို ပူးပေါင်း၍ **စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန** အဖြစ် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## တရားမအထွေထွေ လျှောက်ထားမှု (စာချွန်တော်)(၅)မှုကို စီရင်ချက်ချမှတ်၊ (၁၁)မှုကို ရုံးထိုင်ကြားနာ

**နေပြည်တော် ဒီဇင်ဘာ ၁၇**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ ဖြစ်ကြသော ဦးမြင့်အောင်နှင့် ဦးမျိုးတင့်တို့ ပါဝင်သည့် အပြီးသတ် ကြားနာဆုံးဖြတ်ရေးအဖွဲ့သည် ယနေ့ နံနက် ၉ နာရီခွဲက ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးခန်း အမှတ် (၁)တွင် ရုံးထိုင်ပြီး တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်) (၅)မှုကို စီရင်ချက်ချမှတ်ပြီး တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်) (၁၁)မှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**


# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် (၄) ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးတက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၁၇**

အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၁၇ ရက်တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ လွှန်ပရာဘန်မြို့၌ ကျင်းပခဲ့သော (၄) ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

အစည်းအဝေးကို "ဖွံ့ဖြိုးမှုတွေ မျှဝေဖို့ ပူးပေါင်းမှုတွေ မြှင့်တင်စို့" (enhancing Partnership for Shared Prosperity) ဟူသည့် ခေါင်းစဉ်ဖြင့်ကျင်းပခဲ့သည်။ အစည်းအဝေးတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Saleumxaykommasith နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Wang Yi တို့က ပူးတွဲ သဘာပတိများအဖြစ် ဆောင်ရွက်ခဲ့ကြပြီး ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Hor Namhong၊ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Don Pramudwainai နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ်နှင့်နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Pham Binh Minh တို့လည်း တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် မဲခေါင်-လန်ချန်း ခေါင်းဆောင်များအစည်းအဝေးများ၏ လမ်းညွှန်ချက်များအား အကောင်အထည်ဖော်မှု၊ မဲခေါင်-လန်ချန်း အထူးရန်ပုံငွေဖြင့် ဆောင်ရွက်သည့်မဲခေါင်-လန်ချန်းစီမံကိန်းများ အကောင်အထည်ဖော်မှု အခြေအနေများနှင့် မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု၏ အနာဂတ်လုပ်ငန်းစဉ်များကို အလေးပေးဆွေးနွေးခဲ့ကြသည်။ ထို့ပြင် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှု ရရှိစေရေးအတွက် ချစ်ကြည်ရင်းနှီးမှု၊ အိမ်နီးချင်းကောင်းပီသမှု၊



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Wang Yi အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

တန်းတူရည်တူရှိမှု အခြေခံများဖြင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးကို ဆက်လက်ဆောင်ရွက်သွားကြရန် ထပ်လောင်း အတည်ပြုခဲ့ကြသည်။ အစည်းအဝေးတွင် မဲခေါင်-လန်ချန်း အထူးရန်ပုံငွေဖြင့် အကောင်အထည်ဖော်မည့် စီမံကိန်းများကို အတည်ပြုခဲ့ရာ မြန်မာနိုင်ငံမှ အဆိုပြုထားသည့် စီမံကိန်း ၁၉ ခုလည်း ပါဝင်ခဲ့သည်။ အစည်းအဝေးအပြီးတွင် ပူးတွဲသတင်းကြေညာချက်တစ်ရပ်ကိုလည်း ထုတ်ပြန်နိုင်ခဲ့သည်။

ဒီဇင်ဘာ ၁၆ ရက် ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်၊ နိုင်ငံခြားရေးဝန်ကြီး Mr. Wang Yi နှင့်တွေ့ဆုံဆွေးနွေးခဲ့သည်။ တွေ့ဆုံဆွေးနွေးပွဲသို့ လာအိုနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးဦးကိုကိုနိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းဇေယျာထွန်းနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် တရုတ်နိုင်ငံမှ ကူညီပံ့ပိုးမှုဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ၊ အထူးသဖြင့် ရပ်ဝန်းနှင့်ပိုးလမ်းမဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု (OBOR) အောက်မှ အကောင်အထည်ဖော်မည့် အခြေခံအဆောက်အအုံစီမံကိန်းများဆိုင်ရာ ကိစ္စရပ်များ၊ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုတွင် မြန်မာပြည်သူများအကျိုးရှိစေမည့် စီမံကိန်းများတိုးမြှင့် အဆိုပြုရေးဆိုင်ရာ ကိစ္စရပ်များ၊ ကုလသမဂ္ဂ မျက်နှာစာတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးကိစ္စများနှင့် ရခိုင်ပြည်နယ်အရေးကိစ္စဖြေရှင်းရေးအတွက် မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်နေမှု ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် လာအိုနိုင်ငံခြားရေးဝန်ကြီးက စတုတ္ထအကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်လာသည့် ကိုယ်စားလှယ်အဖွဲ့များအား တည်ခင်းသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်သည် ၂၀၁၄ ခုနှစ်က မြန်မာနိုင်ငံတွင်ကျင်းပခဲ့သော (၁၇) ကြိမ်မြောက် အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေးတွင် တရုတ်ဝန်ကြီးချုပ် Mr.Li Keqiang က စတင်အဆိုပြုချက်အရ မဲခေါင်ဒေသ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်လျက် ၂၀၁၆ ခုနှစ်တွင် တည်ထောင်ခဲ့ခြင်းဖြစ်သည်။ အဖွဲ့ဝင်များအဖြစ် မဲခေါင်-လန်ချန်းမြစ်ဝှမ်းနိုင်ငံများဖြစ်ကြသည့် ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့်ဗီယက်နမ်နိုင်ငံတို့ ပါဝင်သည်။ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အောက်တွင် ပေါင်းစည်းဆက်သွယ်ရေး၊ ထုတ်လုပ်မှုစွမ်းရည်မြှင့်တင်ရေး၊ နယ်စပ်ဖြတ်ကျော်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊ ရေအရင်းအမြစ် ပူးပေါင်းဆောင်ရွက်ရေး၊ စိုက်ပျိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဟူသည့် ဦးစားပေးနယ်ပယ်ငါးခုဖြင့် စတင် ပူးပေါင်းဆောင်ရွက်လျက် ရှိခဲ့ရာမှ နောက်ပိုင်းတွင် ပညာရေး၊ ယဉ်ကျေးမှု၊ ကျန်းမာရေးစသည့်ကဏ္ဍများတွင်လည်း တိုးချဲ့ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ငံခြားရေး ဝန်ကြီးဌာနမှ သိရသည်။ **သတင်းစဉ်**

❊ *ရှေ့ဖုံးမှ*

ရှေးဦးစွာ ရောဝတီတံတား (သရက် - အောင်လံ)အား မကွေးတိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတာ၊ ဒုတိယဥက္ကဋ္ဌ ဦးဇော်မျိုးဝင်း၊ ဆောက်လုပ်ရေးနှင့်ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး ဦးတင်နွယ်ဦး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဝင်းတင့်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (သရက်မြို့နယ်) ဦးကံမြင့်နှင့် (အောင်လံမြို့နယ်)ဦးအောင်ထူးမြင့်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် မဲဆန္ဒနယ် အမှတ်(၈) ဦးဝင်းမြင့်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် (သရက်မြို့နယ်) ဦးဇော်မိုးအောင် နှင့် (အောင်လံမြို့နယ်) ဦးအေးကျော်၊ ရပ်မိရပ်ဖ ဦးတင်အောင်မြင့်တို့က မင်္ဂလာအချိန်တွင် သတ်မှတ်နေရာအသီးသီး၌ ပန္နက်တော်တင် တွင်းတော်ဝန်းပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်နှင့် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုတို့က ရောဝတီတံတား (သရက် - အောင်လံ) ပထမပန္နက်တော်တွင် Stand Pipe အား Vibro Hammer ဖြင့် စက်ခလုတ်နှိပ်ရိုက်သွင်းပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များအား တံတားတည်ဆောက်ရေး ရှင်းလင်းခန်းမဆောင်တွင် တံတားတည်ဆောက်ရေးတာဝန်ခံ အင်ဂျင်နီယာ ညွှန်ကြားရေးမှူး (မြို့ပြ) ဦးထွန်းလင်းက တံတားတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်မည့်အစီအစဉ် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့် တံတားကြီးတည်ဆောက်ပြီးစီးသွားပါက ဒေသဖွံ့ဖြိုးရေးအခြေအနေတို့ကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြကာ ညွှန်ကြားရေးမှူးချုပ် ဦးရွှေလေးက ဖြည့်စွက်ရှင်းလင်းတင်ပြမှုတို့အပေါ် ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ကြီးချုပ်တို့က လိုအပ်သည်များ မှာကြားသည်။

ရောဝတီတံတား (သရက် - အောင်လံ)သည် မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နှင့် အောင်လံမြို့တို့ကို ဆက်သွယ်တည်ဆောက်ထားပြီး တံတားအမျိုးအစားမှာ သံမဏိသံပေါင်ခုံး အမျိုးအစားဖြစ်ပြီး စုစုပေါင်းတံတားအရှည် ၇၄၅၆ ပေ၊ တံတားအကျယ် ၃၄ ဒသမ ၅ ပေ၊ ရေလမ်းကင်းလွတ်အကျယ် ၄၂၆ ဒသမ ၅ ပေ၊ အမြင့် ၅၆ ပေရှိသည်။

တံတားကြီး တည်ဆောက်ပြီးစီးသွားပါက ရောဝတီမြစ် အရှေ့ဘက်ကမ်း အောင်လံမြို့နှင့် အနောက်ဘက်ကမ်း သရက်မြို့တို့မှ ဒေသခံပြည်သူများ သွားလာရေး လွယ်ကူအဆင်ပြေလာမည်ဖြစ်ပြီး ကုန်စည်စီးဆင်းမှုများလည်း သွက်လက်မြန်ဆန်လာမည်ဖြစ်ကာ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့်လူမှုရေးတို့ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

နောင်တွင် ယခုတံတားကြီးကို အဓိကထားပြီး နေပြည်တော် - ကျောက်ဖြူလမ်းမကြီး ပေါ်ထွန်းလာပါက ကျောက်ဖြူအထူးစီးပွားရေးဇုန်မှ မအီ ၊ မင်းတုန်း ၊ သရက် ၊ အောင်လံ ၊ နေပြည်တော်အနီးမှ ဖြတ်သန်းပြီး ရွှေလီအထိ ဆက်သွယ်နိုင်သော လမ်းမကြီးတစ်ခုအဖြစ် အရေးပါလာမည်ဖြစ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးချုပ်နှင့်အတူ သရက်ခရိုင် ၊ သရက်မြို့နယ် တုံ - ပါးပွတ် - ပုဏ္ဏားလမ်း ကျေးလက်လမ်းပေါ်တွင် JIP အဖွဲ့၏ အကူအညီဖြင့် ဆောင်ရွက်နေသော ပါးပွတ်တံတား (Submersible Bridge) တည်ဆောက်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေး ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြစ်ကူးတံတားကြီးများ တည်ဆောက်ပေးလျက်ရှိသလို ကျေးလက်လမ်းများပေါ်ရှိ ချောင်းကူးတံတားများကိုလည်း တည်ဆောက်ပေးလျက်ရှိသည်။ ယခုတည်ဆောက်နေသည့် ပါးပွတ်တံတားပြီးစီးသွားပါက တုံ - ပါးပွတ် - ပုဏ္ဏား ကျေးလက်လမ်းအနီးရှိ ကျေးရွာများမှ ဒေသခံပြည်သူများ သွားလာရေးလွယ်ကူအဆင်ပြေ ချောမွေ့သွားမည် ဖြစ်ကြောင်း သိရှိရသည်။ **သတင်းစဉ်**

# အင်းလေးဓမ္မာရုံ(နေပြည်တော်) ရတနာပန္နက်တော်တင်နှင့် ရတနာအုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားကျင်းပ



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အင်းလေးဓမ္မာရုံ(နေပြည်တော်) ရတနာပန္နက်တော်တင် မင်္ဂလာပြုလုပ်စဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၇**

ဓမ္မပူဇော်ပွဲများ ကျင်းပပြုလုပ်ရန်နှင့် ခရီးသွားပြည်သူများ ခေတ္တနားနေရန် ရည်ရွယ်၍ အင်းလေးဒေသမှ အင်းတိုင်းရင်းသူ၊ တိုင်းရင်းသားများ စုပေါင်းဆောက်လုပ်လှူဒါန်းမည့် အင်းလေးဓမ္မာရုံ(နေပြည်တော်) ရတနာပန္နက်တော်တင်နှင့် ရတနာအုတ်မြစ်တော်စီမင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ရာဇဌာနီလမ်း ဥပ္ပါတသန္တိစေတီတော် ပွဲတော်ကွင်းအနီး၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာန နာယက ဆရာတော် နိုင်ငံတော်သြဝါဒစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဒေါက်တာ ဘဒ္ဒန္တ ကဝိသာရ အမှူးပြု၍ အင်းလေးဒေသကျောင်းတော်အသီးသီးမှ ပင့်ဖိတ်သံဃာတော် အပါး ၅၀ တို့ ကြွရောက်တော်မူကြပြီး ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အလှူ့ရှင်များ၊ အင်းသူအင်းသားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ဆက်ကပ်လှူဒါန်း**

အခမ်းအနားတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် တက်ရောက်လာကြသူများက ဆရာတော်များထံ ရတနာ ပန္နက်တော်၊ ရတနာငွေကြုတ်တော်၊ ရတနာအုတ်မြစ်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

၎င်းနောက် အင်းလေးဓမ္မာရုံ(နေပြည်တော်) မြေနေရာနှင့် အလှူငွေများ ပေးအပ်လှူဒါန်းခြင်းကို ပြုလုပ်ရာ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများမှ လှူဒါန်းငွေကျပ် သိန်း ၁၀၀ အား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း က ပေးအပ်လှူဒါန်းပြီး အင်းလေးဓမ္မာရုံ(နေပြည်တော်) တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကြည်ဝင်း က လက်ခံရယူသည်။ ထို့နောက် မြေအလှူ့ရှင်မှ တစ်ဧကအကျယ်အဝန်းရှိ မြေပိုင်ဆိုင်မှုအထောက်အထားနှင့် အင်းသူအင်းသား အလှူ့ရှင်များက လှူဒါန်းငွေစုစုပေါင်း ငွေကျပ်သိန်း ၉၀၀ အား ပေးအပ်လှူဒါန်းကြရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် တပ်မတော်အရာရှိကြီးများက လက်ခံရယူကြသည်။

**အနုမောဒနာတရားနာကြား**

၎င်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် တက်ရောက်လာကြသူများက မဟာဝိသုတာရာမဈေးကုန်းကျောင်းတိုက် ဆရာတော်ထံမှ အနုမောဒနာ တရားနာကြား၍ ရေစက်သွန်းချ အမျှပေးဝေကြသည်။

**ပန္နက်တော်တင်မင်္ဂလာပြုလုပ်**

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အလှူ့ရှင်များ၊ ဧည့်ပရိသတ်များက ရတနာပန္နက်တော်များနှင့် ရတနာအုတ်မြစ်တော်များကို ဓမ္မာရုံဝတ္ထုကံမြေသို့ ပင့်ဆောင်သယ်ယူကြပြီး မင်္ဂလာအခါတော်အချိန်တွင် ပန္နက်တော်တင်မင်္ဂလာ ပြုလုပ်ကြကာ ပရိတ်နံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြခြင်းနှင့် နဂါးစာကျွေးခြင်းတို့အား အစီအစဉ်အတိုင်း ပြုလုပ်ကြသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ရတနာအုတ်မြစ်တော်ဗဟိုဌာနတွင် ရတနာ ငွေကြုတ်တော်နှင့် ပတ္တမြားရတနာစီခြယ်ထားသော ရတနာအုတ်မြစ်တော်ကို စီသွင်းပူဇော်ပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်သည်။

၎င်းနောက် တက်ရောက်လာကြသူများက ရတနာအုတ်မြစ်တော်များကို သတ်မှတ်နေရာများ၌ စီသွင်းပူဇော်ကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းရရှိသည်။

**သတင်းစဉ်**

# ကာတာနိုင်ငံ တည်ထောင်သည့်နေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ



**ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း မြန်မာနိုင်ငံဆိုင်ရာ ကာတာနိုင်ငံ သံရုံးယာယီတာဝန်ခံ Mr. Mansoor Mubarak Al-Khayarin အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**

**ရန်ကုန် ဒီဇင်ဘာ ၁၇**

ကာတာနိုင်ငံ တည်ထောင်သည့်နေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့ ည ၇ နာရီတွင် ရန်ကုန်မြို့ Novotel Hotel ၌ ကျင်းပရာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း တက်ရောက်သည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သီချင်းနှင့် ကာတာနိုင်ငံ သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းနှင့် မြန်မာနိုင်ငံဆိုင်ရာ ကာတာနိုင်ငံ သံရုံးယာယီတာဝန်ခံ Mr. Mansoor Mubarak Al-Khayarin တို့က ကာတာနိုင်ငံ တည်ထောင်သည့်နေ့ အထိမ်းအမှတ် ကိတ်ကို လှီးဖြတ်ကြပြီး၊ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကာ အခမ်းအနားသို့ တက်ရောက်လာသည့် ဧည့်သည်တော်များအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာပြည်သူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်တွင် အာဆီယံမှ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် အာဆီယံအတွင်းရေးမှူးချုပ်နှင့်အဖွဲ့ ကွင်းဆင်းလေ့လာ



**နေပြည်တော် ဒီဇင်ဘာ ၁၇**

ရခိုင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာသူများကိုပြန်လည်လက်ခံရေးလုပ်ငန်းစဉ်တွင် အာဆီယံအနေဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် နိုဝင်ဘာလတွင် ကျင်းပပြုလုပ်ခဲ့သည့် (၃၃)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး၌ အတည်ပြုဆုံးဖြတ်ခဲ့သည်။

အဆိုပါ အစည်းအဝေး ဆုံးဖြတ်ချက်အရ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်အတွက် လိုအပ်ချက်များကို ဆန်းစစ်ဖော်ထုတ်ရန်နှင့် အာဆီယံမှ ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ရန်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနသည် အာဆီယံအတွင်းရေးမှူးချုပ်ရုံး သဘာဝဘေးစီမံခန့်ခွဲမှုအတွက် လူသားချင်းစာနာကူညီမှုဆိုင်ရာ အာဆီယံညှိနှိုင်းရေးမှူးရုံး( ASEAN Coordinating Centre for Humanitarian Assistance on Disaster Management -AHA Centre) တို့နှင့် ကြိုတင်ညှိနှိုင်းမှုများကို ပြုလုပ်ခဲ့သည်။

**လိုက်လံကြည့်ရှု**

မြန်မာနိုင်ငံက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များ၏ ပြီးစီးမှုအခြေအနေများကို လေ့လာနိုင်ရန်အတွက် အာဆီယံအတွင်းရေးမှူးချုပ် H.E. Mr. Lim Jock Hoi ၊ လူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်းဆိုင်ရာ အာဆီယံ ဒုတိယအတွင်းရေးမှူးချုပ်နှင့် သဘာဝဘေးစီမံခန့်ခွဲမှုအတွက် လူသားချင်းစာနာကူညီမှုဆိုင်ရာ အာဆီယံညှိနှိုင်းရေးမှူးရုံး၏ အမှုဆောင်ညွှန်ကြားရေးမှူး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့်အတူ ရခိုင်ပြည်နယ် မောင်တောမြို့နယ်ရှိ တောင်ပြိုလက်ဝဲ ပြန်လည်လက်ခံရေးစခန်း၊ ငါးခူရ ပြန်လည်လက်ခံရေး၊ လှဖိုးခေါင်ကြားစခန်းနှင့် ရွှေဇားကျေးရွာများ၌ မြေပြင်ဆောင်ရွက်ပြီးစီးမှုများကို လိုက်လံကြည့်ရှုကြသည်။

**တောင်ပြိုလက်ဝဲနှင့်ငါးခူရ**

မောင်တောမြို့နယ် အတွင်းရှိ တောင်ပြိုလက်ဝဲနှင့် ငါးခူရပြန်လည်လက်ခံရေးစခန်းများတွင် အခြေခံအဆောက်အအုံများ တည်ဆောက်ထားမှု၊ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စိစစ်ရေးလုပ်ငန်းများ၊ နေထိုင်စားသောက်ရေးတို့အတွက် ကြိုတင်ပြင်ဆင်ထားမှု၊ လူ့အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးရန် စီစဉ်ထားမှုများကို ကြည့်ရှုလေ့လာခဲ့ကြသည်။

**လှဖိုးခေါင်ကြားစခန်း**

ထို့နောက် လှဖိုးခေါင်ကြားစခန်းသို့ရောက်ရှိပြီး လက်ခံရေးစခန်းများမှ ရောက်ရှိလာသူများ ခေတ္တနေထိုင်နိုင်ရေးအတွက် လူနေထိုင်ရန် အိမ်ခန်းတွဲများ တည်ဆောက်ထားမှု၊ တရုတ် ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းထားသည့် Modular Houses များ စီစဉ်ထားမှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် စီစဉ်ထားမှုများ၊ အသက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေရရှိရေးလုပ်ငန်းများ ကြိုတင်ပြင်ဆင်ထားမှု၊ ယာယီစာသင်ခန်းများ၊ ကျန်းမာရေးဆေးပေးခန်းများ၊ ကလေးငယ်များအတွက် ကလေးပျော်နေရာများနှင့် အမျိုးသမီးများအတွက် အိမ်တွင်းမှုလုပ်ငန်းများ ကြိုတင်ပြင်ဆင်ထားမှုများကို ကြည့်ရှုလေ့လာကြသည်။

**ရွှေဇားကျေးရွာ**

ထိုမှတစ်ဆင့် ကိုယ်စားလှယ်အဖွဲ့သည် ရွှေဇားကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံ၍ ရင်းရင်းနှီးနှီး နှုတ်ဆက်စကားပြောကြားကြပြီး ကျေးရွာအတွင်း နေရပ်စွန့်ခွာသူများအတွက် ပြန်လည်အခြေချနေထိုင်ရန် UEHRD ဦးဆောင်မှု၊ အိန္ဒိယနိုင်ငံမှ လှူဒါန်းမှုဖြင့် လူနေအိမ်များ တည်ဆောက်ထားမှုကို လိုက်လံကြည့်ရှုကြသည်။

မွန်းလွဲပိုင်းတွင် ကိုယ်စားလှယ်အဖွဲ့သည် စစ်တွေမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ပြည်နယ် ဝန်ကြီးချုပ် ဦးညီပုနှင့် တွေ့ဆုံ၍ ခရီးစဉ်၏ ရည်ရွယ်ချက်နှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရင်းရင်းနှီးနှီး ဆွေးနွေးပြောကြားကြသည်။

**သတင်းစဉ်**

# ပီတိစား ဆရာများသို့ ဂါရဝ

သိန်းထွန်း (IR)

**ကာလယန္တရားအားဖြင့်ဆိုလျှင် နှစ်ပေါင်း ၃၀ ကျော်ရှိပေပြီ။ အချိန်ကာလအတိုင်းအတာအရ ရှည်လျားသော်လည်း မေတ္တာအား၊ စေတနာအား၊ ပညာအားတို့သည် မနေ့တစ်နေ့ကကဲ့သို့ပင် ရှင်သန်နေဆဲ၊ လန်းဆန်းနေဆဲ၊ ဝေဆာနေဆဲပင်။ တစ်ချိန်တစ်ခါက လန်းဆန်းခဲ့သော ထိုအရာတို့သည် မသိစိတ်အတွင်းနှင့် အသိမှတ်ဉာဏ်အတွင်း အလိုလိုသိမှု ဖြစ်နေခြင်းသည်မှာ မိမိတစ်ဦးတည်းသာမဟုတ်။ ထိုတစ်ချိန်က ကျောင်းသားအားလုံး၏ ကိုယ်စီစိတ်သန္တာန်တွင် ရှိနေကြသည်ဟု သိရချိန် ပို၍ပို၍ ကျေနပ်ပီတိခံစားရမိသည်။ ထိုစွဲမြဲနေသည့် သိမှုဆိုသည်မှာ ပီတိစားအားရှိကြသည့် ဆရာများ၏ ကျေးဇူးတရားပင် ဖြစ်သည်။**

တက္ကသီလာဆိုသည်မှာ အဆင့်မြင့်ပညာများ လေ့လာသင်ယူဆည်းပူးနိုင်သည့် နေရာ။ ထိုထို ထူးခြားမှု ဝိသေသများပြည့်နေသည့်နေရာသို့ စတင်ခြေချမိချိန်က မိမိအတွက် သူစိမ်းပြင်ပြင်ဟု ဆိုရမည်။ တက္ကသီလာ ကျောင်းတော်ကြီးတက်ရမည်ဆိုတော့ ဝမ်းသာသည်လား ဝမ်းနည်းသည်လား မဆိုနိုင်။ မိဘရင်ခွင်မှ တစ်ခါမှ မခွဲစဖူး။ ထို့အတွက် ဝမ်းနည်းရသည်။ တစ်ဖက်တွင်လည်း တက္ကသိုလ်ကျောင်းတော်ကြီးတွင် ပညာသင်ကြား ရတော့မည်ဆို၍လည်း ထူးခြားစွာပျော်မိသည်။ မိဘရင်ခွင်မှသည် ဆရာများ၏ မေတ္တာရင်ခွင်ဆီသို့ ကူးပြောင်းရတော့ အမှတ်တရများ အပြည့်နှင့်။ တက္ကသိုလ်ကျောင်းသားဘဝသည် အထက်တန်းကျောင်းသားတစ်ဦးဘဝနှင့် များစွာကွာခြားလှသည်။ တက္ကသိုလ်ကျောင်းသားဘဝသည် ပညာရပ်အားဖြင့်ဖြစ်စေ၊ အတွေးအခေါ်အားဖြင့်ဖြစ်စေ၊ လူမှုဆက်ဆံရေးအသိုင်းအဝိုင်းအားဖြင့်ဖြစ်စေ စသည့်စသည့် နယ်ပယ်များစွာ ကျယ်ပြန့်လွန်းသည်။ ကျယ်ပြောလှသည့် ပညာ့ရပ်ဝန်းကြီးဖြစ်သည်။ ထိုပညာရပ်ဝန်းကြီးကို အောင်မြင်စွာဖြတ်သန်း၍ လက်တွေ့ဘဝများတွင် ကျင်လည်နိုင်ရန် ဆရာများက ပဲ့ကိုင်ပေးနေသည်။

### ဆရာဟူသည်

တက္ကသိုလ်ကျောင်းသားဘဝ၏ ပထမဆုံးနေ့ဖြစ်သည်။ မှတ်မှတ်ရရ ၁၉၈၅ ခုနှစ် ဒီဇင်ဘာလ ၅ ရက်နေ့။ ကျောင်းတက်ချိန်သည် နံနက် ၈ နာရီတိတိ။ သူငယ်ချင်းလေးယောက် နံနက် ၈ နာရီ ၁၀ မိနစ်မှ စာသင်ခန်းသို့ ဝင်ခဲ့သည်။ သိထားသည်က တက္ကသိုလ်ဆိုသည်မှာ အတန်းကို တက်ချင်လည်းရသည်၊ မတက်ချင်လည်း ရသည်ဟု။ ထိုအသိဖြင့် ကျောင်းချိန်နောက်ကျစွာဖြင့် စာသင်ခန်းတံခါးကိုဖွင့်၍ အတန်းတွင်းသို့ ဝင်လိုက်သည်နှင့် ...

Why are you late? If you are not punctual, you must change major.

အတန်းရှေ့တွင် လက်ချာဝင်နေသည့် ဆရာကြီးထံမှ အင်္ဂလိပ်လို ပြောလိုက်သည်ကို ကြားလိုက်သည်။ သို့သော် ဘာပြောမှန်း နားမလည်။ ဆရာပြောသည့်စကားပင် နားမလည်တာ၊ ပြန်ဖြေရှင်းဖို့ဆိုသည်မှာ ဝေလာဝေး။ တက္ကသိုလ်ကျောင်းကြီး၏ ပထမဆုံးနေ့မှာရသည့် ပထမဆုံးသင်ခန်းစာမှာ ဤသို့ပင်။ ထိုသင်ခန်းစာအား သင်ကြားပေးခဲ့သူမှာ အခြားသူမဟုတ်။ ဆရာကြီး ဒေါက်တာခင်မောင်ညွန့်ပင် ဖြစ်သည်။

ထိုဆရာကြီးများ၏ မေတ္တာရိပ်တွင် လေ့လာဆည်းပူးရမည့် တက္ကသီလာဆိုသည်မှာ တမာထနောင်းနဲ့ အညာကျောင်း မန်းတက္ကသိုလ်ဖြစ်သည်။ လေ့လာသင်ယူရမည့် ဘာသာရပ်က နိုင်ငံတကာဆက်ဆံရေးနှင့် နိုင်ငံတကာ အုပ်ချုပ်ရေးဘာသာရပ်။ နောက်ပိုင်းတွင် နိုင်ငံတကာဆက်ဆံရေးဘာသာရပ်အဖြစ် အမည်ပြောင်းခဲ့သည်။ ထိုအချိန်က ယင်းဘာသာရပ်သည် အသစ်ဖွင့်ခါစ။ ၁၉၈၄ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ခြင်း ဖြစ်သည်။

မန္တလေးတက္ကသိုလ်၊ နိုင်ငံတကာဆက်ဆံရေးဘာသာရပ် ဖွင့်စအချိန်က ပထမနှစ်၊ ဒုတိယနှစ် အတန်းများကို ဖားသားလဖုန်း ခေါ် ရတနာဘုမ္မိတွင် တက်ကြရသည်။ အခြားဘာသာရပ်များလည်း ရတနာဘုမ္မိတွင် တက်ရသည်။ မန္တလေးတက္ကသိုလ်၊ နိုင်ငံတကာဆက်ဆံရေးပညာဌာန၏ ပထမဆုံးပါမောက္ခဌာနမှူးမှာ ဆရာကြီး ဒေါက်တာ ခင်မောင်ညွန့် ဖြစ်သည်။

ယင်းအချိန်က ဆရာကြီး ဒေါက်တာခင်မောင်ညွန့်နှင့်အတူ တပည့်များကို တက်ညီလက်ညီဖြင့် ထုဆစ်ပုံဖော်ပေးခဲ့ကြသည့် ဆရာကြီးများမှာ ဦးတင်မောင်ဌေး၊ ဦးအောင်ဝင်း၊ ဦးမောင်မောင်လေး၊ ဦးအောင်မြင့်၊ ဦးချစ်ခင်၊ ဦးအက်စ်ဇာပန်းတို့ ဖြစ်ကြသည်။ ဆရာမကြီးများတွင် ဒေါ်လှကြည်၊ ဒေါ်ခင်ထွေးရီ၊ ဒေါ်မြမြ၊ ဒေါ်စောခင်ကြီး၊ ဒေါ်ခင်ငြိမ်း၊ ဒေါ်မြင့်မြင့်ခင်တို့ ဖြစ်ကြသည်။ အချို့ဆရာကြီး ဆရာမကြီးများလည်း ကွယ်လွန်သွားခဲ့ပြီဖြစ်သည်။

ဆရာကြီးနှင့်အတူ ဌာနမှ ဆရာကြီး ဆရာမကြီးများသည် တပည့်များအား စေတနာအပြည့်နှင့် သင်ကြားပေးကြသည်။ ဆရာကြီး ဒေါက်တာခင်မောင်ညွန့်က သူ့တပည့်များအပေါ် မျှော်လင့်ချက်များစွာထားသည်။ ဘာသာရပ်အားဖြင့်ဖြစ်စေ၊ ဘာသာစကားအားဖြင့်ဖြစ်စေ၊ ဟောပြောပို့ချမှုဖြစ်စေ၊ ပြင်ပဗဟုသုတအားဖြင့်ဖြစ်စေ ဘက်စုံပြည့်ဝစေရန် ဆရာများအားလုံးက အထူးကြိုးပမ်းခဲ့ကြသည်။ အင်္ဂလိပ်စာ ထူးချွန်စေဖို့ မြန်မာစာဘာသာရပ်မှလွဲ၍ ကျန်ဘာသာအားလုံးကို အင်္ဂလိပ်လိုပင် ရှင်းပြသည်။ အင်္ဂလိပ်လိုသင်ခန်းစာကို ဆရာများက အင်္ဂလိပ်လို ရှင်းပြသောအခါ ကျွန်တော်တို့မှာ ငိုရခက်၊ ရယ်ရခက်။ ကိုယ့်ဘာသာ သင်ခန်းစာကို နားမလည်ရသည့်အထဲ နားရည်မဝသေးသည့် အင်္ဂလိပ်ဘာသာနဲ့ ထပ်ရှင်းပြသည့်အခါ ပို၍ရှုပ်ကုန်တော့သည်။ တပည့်များအား တတ်စေချင်လွန်း၍ ဆရာများက ဇိကုတ်နတ်ပြည်တင်ပေးသည်။ ဆရာများ၏ စေတနာကို နောင်တစ်ချိန်မှ နားလည်ရသည်။

ထိုထက်ပိုဆိုးသည့်အဖြစ်များ ရှိသေးသည်။ ဆရာကြီး ဒေါက်တာခင်မောင်ညွန့် လက်ချာချိန်ဆိုပါက ဆရာကြီးက သင်ခန်းစာကို အင်္ဂလိပ်လိုရှင်းပြရင်း ပုံတိုပတ်စဗဟုသုတတွေ၊

> **“ပညာမျိုးစေ့များ ရှင်သန်ကြီးထွားလာစေရေးတွင် မိမိကိုယ်တိုင်အတွက်ဖြစ်စေ၊ လူ့အသိုင်းအဝိုင်းအတွက်ဖြစ်စေ အရေးပါလှသည့် တက္ကသိုလ်ကျောင်းသားဘဝများ၏ ပဲ့ကိုင်ရှင်ဆရာများ၏ ကဏ္ဍမှာ ပို၍ပင် အရေးပါနေပါသည်။ ကျယ်ပြန့်လွန်း၊ နက်နဲလွန်းသည့် ပညာရပ်များ၊ အတွေးအခေါ်များ၊ နည်းနာများကို လေ့လာဆည်းပူးရန် ဆိုသည်မှာ မြတ်စွာဘုရားရှင်မှလွဲ၍ ကျန်ပုထုဇဉ်လူသားအားလုံးသည် လမ်းညွှန်သင်ကြားပြသသူ ရှိရန်လိုအပ်ပေသည်။ ထိုလမ်းညွှန်ပြသသူများမှာ ဆရာများပင်ဖြစ်”**

ဟာသတွေကို အင်္ဂလိပ်လို ပြောပြလေ့ရှိသည်။ ခက်သည်က ရယ်စရာဟာသကို အင်္ဂလိပ်လိုပြောသည့်အခါ ဆရာကြီး ပြောပြီးသည်အထိ ကျွန်တော်တို့က ဘယ်စကားနားလည်လို့ ဘယ်လိုရယ်ရမှန်းမသိ။ ဘေးလူကိုကြည့်တော့လည်း သူက ကိုယ့်ပြန်ကြည့်နဲ့။ အဲဒီလို တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန်ကြည့်တော့မှ ရယ်ရသည်။ ဆရာကြီးပြောသည့် ရယ်စရာကို နားလည်၍ မဟုတ်။ နားမလည်သူအချင်းချင်း ကြည့်၍ ရယ်ရခြင်း ဖြစ်သည်။

အမှန်တော့ ဆရာကြီး ဆရာမကြီးများက တပည့်များကို ရေကူးတတ်စေချင်လို့ ရေထဲဆွဲချနေခြင်း ဖြစ်သည်။ ရေထဲမဆင်းဘဲနှင့် ရေကူး မတတ်သည်မှာ သေချာသည်။

### ပညာပြည့်ဝ နှလုံးလှဆရာများ

ဆရာများသည် စာပေသင်ကြားရေးမှ အနားယူကြသည် ဆိုသော်လည်း တပည့်ဖြစ်သူများနှင့် တွေ့သည့်အခါ ယခင်ကကဲ့သို့ စိတ်ဓာတ်များ တက်ကြွနေသည်ကို ကိုယ်တိုင်တွေ့ရသည့်အခါ လွန်စွာအံ့သြရသည်။ လွန်ခဲ့သည့် နှစ်နှစ်က ဆရာကန်တော့ပွဲတွင် ဆရာကြီး ဒေါက်တာခင်မောင်ညွန့် အပါအဝင် ဆရာများနှင့် ပြန်ဆုံခဲ့ရသည်။ ဆရာများ၏ စိတ်အားတက်ကြွမှု၊ အတွေးအခေါ်များ လန်းဆန်းနေမှုမှာ အတုယူရန်ပင် ခက်ခဲလှပါသည်။ ယူ၍မကုန်နိုင်သည့် ပညာများ၊ စံပြုရမည့် နှလုံးသားလှလွန်းသည့် ဆရာများဟု စိတ်တွင်းမှ မှတ်ချက်ပြုမိသည်။ ဆရာများအား ကန်တော့ပြီး၍ ဆရာများအား တစ်ဦးချင်း လိုက်လံနှုတ်ဆက်စဉ် ဆရာကြီး ဦးမောင်မောင်လေးအား စကားစမိသည်။

“ဆရာကြီးခင်ဗျား မြန်မာနိုင်ငံရဲ့ နိုင်ငံရေးအသွင်ကူးပြောင်းမှု အလားအလာကို ဆရာကြီးနဲ့ ပြောချင်လိုက်တာ” လို့ ကျွန်တော်က ပြောမိသည့်အခါ ဆရာကြီးက ...

“အေးလေ လာခဲ့လိုက်။ ဘာအနှောင်အဖွဲ့မှမပါဘဲ သီအိုရီသဘောနဲ့ လက်တွေ့အခြေအနေတွေကို အကုန်ဆွေးနွေးမယ် ... မင်းလာမယ့်အချိန် လှမ်းပြောလိုက် ဆရာစောင့်နေမယ်”

ဆရာကြီး၏စကားကို ကြားမိသည့်အခါ လွန်စွာမှင်တက်မိသည်။ ဆရာကြီး ဆရာမကြီးများ၏ ပညာရည်ပြည့်ဝမှုနှင့် စိတ်ဓာတ်မှာ ခြွင်းချက်မရှိလှုပေတကား။ ဆရာများ၏ စေတနာသည် အချိန်ကန့်သတ်ချက်၊ နေရာကန့်သတ်ချက်၊ အခြေအနေကန့်သတ်ချက်မရှိ တက်ကြွဆဲဟု ဆိုရမည်။ ဆရာကြီး ဆရာမကြီးများနှင့် တွေ့ဆုံရလေတိုင်း အသိပညာ၊ အတတ်ပညာ၊ အတွေးအခေါ်များ ပိုမိုတိုးတက်ရသည်။ တပည့်ဖြစ်သည့် ကျွန်တော်တို့အတွက် အတုယူရန် စံပြနမူနာကောင်းများသည် ဝေးလံသောနေရာတွင်မဟုတ်။ လက်တစ်ကမ်းတွင် ရှိနေသည်။ နီးလျက်နှင့် မဝေးကြရန်သာ လိုပေလိမ့်မည်။

ဆရာကန်တော့ပွဲတွင် ဆရာများနှင့် တပည့်များ ဆုံရသည့်အခါ ဝမ်းသာကြည်နူးရသလို ကွယ်လွန်သွားသော ဆရာကြီး ဆရာမကြီးများကိုလည်း အထူးသတိရမိသည်။ ကွယ်လွန်သွားပြီဖြစ်သော ဆရာကြီး ဦးအောင်မြင့်မှာ ကျွန်တော်တို့ နားမလည်သောစာများကို အိမ်သွားမေးပါက ဆရာကြီးက စာရှင်းပြပေးသည်။ ဆရာကြီး၏ဇနီးက မုန့်ကျွေးသည်။ ကျွန်တော်တို့မှာ နယ်မှကျောင်းသားဖြစ်သည့်အတွက် အားနာနာနှင့် ဆရာကြီး၏ဇနီး ကျွေးသည့်မုန့် အကုန်စားသည်။ စာလည်းရ၊ ဗိုက်လည်းဝ။ အဆင်ပြေလှသည်။ ဤသို့သော ဆရာများ၏ စေတနာ၊ မေတ္တာကို မေ့ပျောက်ရန် ခက်ခဲလွန်းလှသည်။

ဆရာကြီး ဆရာမကြီးများ ဌာနမှအနားယူသွားကြသော်လည်း တပည့်များမှာ ဆရာများသင်ကြားပေးခဲ့သည့် ပညာများ၊ အတွေးအခေါ်များ၊ ရည်မှန်းချက်များဖြင့် ကျရာတာဝန်များကို ဆက်လက်လျှောက်လှမ်းနေကြလေပြီ။ ဆရာကောင်းတပည့် ပီသစွာ တပည့်များ၏ ကြိုးစားအားထုတ်မှုများဖြင့် ဆရာများ၏ ပင်ပန်းနွမ်းနယ်မှုကို ပြေပျောက်စေလိုသည်၊ ဆရာများ၏ မျှော်လင့်ချက်များ ရှင်သန်စေလိုလှသည်။ ထိုအချိန် ထိုအခါတွင် ဆရာများ၏ ပီတိအပြုံး၊ ပီတိစကား၊ ပီတိမျက်နှာတို့သည် တပည့်များအတွက် ကြီးစွာသော အနာဂတ်ခွန်အားများ ဖြစ်စေမည်မှာ အမှန်ပင်။

### မျိုးစေ့မှသည် အသီးအပွင့်သို့

ဘဝ၏အစိတ်အပိုင်းတစ်ရပ်ဖြစ်သည့် တက္ကသိုလ်ဆိုသည်မှာ အဘယ်နည်း။ ဆရာဟူသည် အဘယ်နည်း။ ပညာဟူသည် အဘယ်နည်း။ တက္ကသိုလ်ကျောင်းသားဟူသည် အဘယ်နည်း ဆိုသည့် မေးခွန်းများ၏အနက်ကို ဖွင့်ဆိုရန်မှာ ကျယ်ပြန့်လှပါသည်။ တစ်ခါတစ်ရံ အနက်အဓိပ္ပာယ်ကို သိသော်လည်း လက်တွေ့ဘဝနှင့် ယှဉ်တွဲမစဉ်းစားမိတတ်။ ထိုအနက်ဆိုလိုရင်းများကို သိနိုင်ခဲ့၊ ပေါင်းစည်းနိုင်ခဲ့၊ လိုက်နာနိုင်ခဲ့မည်ဆိုပါက ပညာရေး၏ ရည်မှန်းချက်တစ်ရပ်ဖြစ်သည့် ပညာပြည့်ဝ နှလုံးလှသူများ၊ စဉ်ဆက်မပြတ်လေ့လာသူများ ဖြစ်လာမည်မှာ သေချာပါသည်။ တက္ကသိုလ်ကျောင်းသားဘဝ အချိန်ကာလသည် လူတစ်ဦးသက်တမ်းနှင့် နှိုင်းယှဉ်လျှင် အစိတ်အပိုင်းတစ်ခုမျှသာ။ အချိန်အားဖြင့် ဘဝအစိတ်အပိုင်းတစ်ရပ်သာဖြစ်သော်လည်း ဘဝအပေါ် အကျိုးသက်ရောက်မှု၊ ဘဝရှေ့ရေးလျှောက်လှမ်းမှုတွင် အစိတ်အပိုင်းကြီးစွာ ပါဝင်နေသည်။ ပစ္စုပ္ပန်တွင် အရေးပါနေသလို အနာဂတ်လျှောက်လှမ်းရမည့် ဘဝလှေကားထစ်တိုင်းအတွက်လည်း ဆက်လက်အရေးပါနေမည်ဖြစ်သည်။ ထိုမျိုးစေ့တို့ကို မည်ကဲ့သို့ ပြုစုပျိုးထောင်ကြမည်နည်း။

ပညာမျိုးစေ့များ ရှင်သန်ကြီးထွားလာစေရေးတွင် မိမိကိုယ်တိုင်အတွက်ဖြစ်စေ၊ လူ့အသိုင်းအဝိုင်းအတွက်ဖြစ်စေ အရေးပါလှသည့် တက္ကသိုလ်ကျောင်းသားဘဝများ၏ ပဲ့ကိုင်ရှင်ဆရာများ၏ ကဏ္ဍမှာ ပို၍ပင် အရေးပါနေပါသည်။ ကျယ်ပြန့်လွန်း၊ နက်နဲလွန်းသည့် ပညာရပ်များ၊ အတွေးအခေါ်များ၊ နည်းနာများကို လေ့လာဆည်းပူးရန်ဆိုသည်မှာ မြတ်စွာဘုရားရှင်မှလွဲ၍ ကျန်ပုထုဇဉ်လူသားအားလုံးသည် လမ်းညွှန်သင်ကြားပြသသူ ရှိရန်လိုအပ်ပေသည်။ ထိုလမ်းညွှန်ပြသသူများမှာ ဆရာများပင် ဖြစ်သည်။ တစ်နည်းအားဖြင့် ပညာမျိုးစေ့များကို ရှင်သန်စေ၊ ကြီးထွားစေ၊ သီးပွင့်စေသူများဟု တင်စားနိုင်ပါသည်။ မိမိတို့၏ ဆရာများသည်လည်း တပည့်များ၏ ပညာမျိုးစေ့ ရှင်သန်စေရေး အပင်ပန်းခံခဲ့ကြသည်မှာ ယနေ့အထိ အမှတ်ရနေဆဲဖြစ်သည်။

မှတ်မိသလောက် ဆရာကြီး ဦးအောင်ဝင်း၊ ဆရာမကြီး ဒေါ်ခင်ထွေးရီ၊ ဆရာမကြီး ဒေါ်မြမြတို့မှာ တပည့်များကို သင်ကြားရာတွင် အပင်ပန်းခံသည်။ အားကြိုးမာန်တက် ရှင်းပြသည်။ အင်္ဂလိပ်လိုရှင်းပြခြင်းဖြစ်၍ တပည့်များ နားလည်အောင် အထပ်ထပ်ရှင်းပြရသည်ကို ယခုချိန် ပြန်လည်တွေးမိသည့်အခါ ဆရာကြီး ဆရာမကြီးများကို ကိုယ်ချင်းစာမိသည်။ တစ်ခါတစ်ရံ အထပ်ထပ်ရှင်းပြရ၍ ဆရာများမှာ အသံပင်ဝင်သွားတတ်သည်။

တက္ကသိုလ်ကျောင်းသားဘဝတွင် အဆင့်မြင့်ပညာရပ်များကို သင်ကြားပေးရုံမက ဘဝတစ်သက်တာ ပညာဆည်းပူးနိုင်သည့် အလေ့အကျင့် မျိုးစေ့များကို ဆရာများက ပြုစုပျိုးထောင်ပေးခဲ့ကြသည်။ တပည့်ဖြစ်သည့် ကျွန်တော်တို့ တစ်တွေကရော ပညာမျိုးစေ့များ ရှင်သန်ကြီးထွားရန် မည်သည့်အတိုင်းအတာ၊ မည်သည့်ပမာဏအထိ လိုက်နာနိုင်ခဲ့ကြပါသနည်း။ ထိုမေးခွန်းကို ဖြေဆိုရန်မှာ လွယ်ကူသည်တော့မဟုတ်။ ပြည့်စုံသောအဖြေတစ်ရပ် ရရှိရန်အတွက် မိမိကိုယ်မိမိ ပြင်ဆင်ရန်၊ ဖြည့်တင်းရန်များ ရှိနေသေးသည်ဟု သုံးသပ်မိသည်။ ဆရာများခင်းခဲ့သော လမ်းများပေါ် ဆက်လက်လျှောက်လှမ်းနိုင်၊ ကိုယ်တိုင်လည်း လမ်းသစ်ဖောက်လုပ်နိုင်ကြမှသာ အားလုံးမျှော်လင့်ခဲ့ကြ၊ မျှော်လင့်နေကြသည့် မျိုးဆက်သစ်များ၏ အနာဂတ်အသီးအပွင့်တို့ လှပမည်ဟု ယုံကြည်ပါသည်။

### ပီတိစား ဆရာများသို့ ဂါရဝ

တစ်ချိန်က ဆရာများသည် မိမိတို့အား ပညာစွမ်းအား၊ စိတ်ဓာတ်ခွန်အားများကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ပေးအပ်ခဲ့ပြီးဖြစ်သည်။ ထို့အတူ ဆရာများ၏ လက်ဆင့်ကမ်းအမွေများကို နောင်မျိုးဆက်သစ် အဆက်ဆက်တို့ကလည်း ဆက်လက်လျှောက်လှမ်းနေကြပေပြီ။ ဆရာကြီး ဆရာမကြီးများ အနားယူသွားကြသော်လည်း ဆရာများ၏ မေတ္တာ၊ စေတနာများက မိမိတို့၏ စိတ်သန္တာန်တွင် ရှင်သန်နေဆဲဖြစ်သည်။ ဆရာများသည် လူအိုသော်လည်း ပညာမအိုသေး၊ မေတ္တာ စေတနာ မအိုသေးချေ။ ထိုရှင်သန်မှုများနှင့် မျိုးဆက်သစ်တို့၏ အနာဂတ်ကို ပုံဖော်လိုပါသည်။ ဆရာကြီး ဒေါက်တာခင်မောင်ညွန့် ပြောသည့် စကားကို အမှတ်ရနေဆဲဖြစ်သည်။

“တပည့်တို့ နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်တဲ့ နိုင်ငံ့သားကောင်းများဖြစ်အောင် ကြိုးစားကြပါ၊ ကျောင်းပြီးချိန်မှာလည်း အတွဲကိုယ်စီရအောင် ကြိုးစားကြပါ” လို့ ဟာသနှော မှာပါတယ်။

မကြာမီ မန္တလေးတက္ကသိုလ်၊ နိုင်ငံတကာဆက်ဆံရေးပညာဌာန၏ ဆရာကန်တော့ပွဲ ကျင်းပပါတော့မည်။ ဆရာကြီး၊ ဆရာမကြီးများကို တွေ့ဆုံဂါရဝပြုရပါတော့မည်။ ထိုဆရာကန်တော့ပွဲတွင် ဆရာကြီး ဆရာမကြီးတို့၏ ပီတိမျက်နှာများတွင် တပည့်များအပေါ် မျှော်လင့်ချက်များလည်း တွေ့မြင်ကြရပေမည်။ ပြန်လည်ဆုံတွေ့ချိန်တွင် ဆရာကြီး ဆရာမကြီးများကို ကြည်နူးပီတိဖြစ်စေလိုသည်မှာ တပည့်များ၏ စေတနာ အမှန်ပင် ဖြစ်ပါသည်။ သို့အတွက် ဆရာများ၏ ဂုဏ်ကျေးဇူးကို ဤဆောင်းပါးဖြင့် ဂါရဝပြုလိုက်ရပါသည်။ ။

# မြေဆိပ်ဖြေဆေးများကို ပြည်တွင်းလိုအပ်ချက်နှင့် ပြည်ပလိုအပ်ချက်အပေါ်မူတည်ပြီး ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး စီမံဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၁၇**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ အစီရင်ခံစာ နှစ်ခု ဖတ်ကြားတင်ပြခြင်းနှင့် အဆို တစ်ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် တွံ့တေးမဲဆန္ဒနယ်မှ ဦးမြင့်လွင်၏ **နိုင်ငံခြားတွင် သွားရောက်အလုပ်လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသားများထံမှ ပြန်လည်ပေးပို့သော ငွေများနှင့် စပ်လျဉ်းသည့် အချက်အလက်များကို သိလိုခြင်း**နှင့် စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြည်ပရောက် မြန်မာလုပ်သားဦးရေနှင့် ရရှိသောငွေများကို ချိန်ဆကြည့်ပါက ၎င်းတို့လွှဲပို့နေသော မိသားစုအတွက်ငွေသည် နည်းပါးနေသေးကြောင်း၊ မြန်မာနိုင်ငံသည် စီးပွားရေးပိတ်ဆို့အရေးယူမှု ခံခဲ့ရသဖြင့် ပြည်ပနိုင်ငံများမှ မြန်မာနိုင်ငံသို့ တရားဝင်ဘဏ်စနစ်ဖြင့် လွှဲပြောင်းပေးပို့ရန် ခက်ခဲသည်ကို အကြောင်းပြု၍ ဟွန်ဒီငွေလွှဲစနစ်လုပ်ဆောင်သူများမှ အခွင့်ကောင်းယူကာ မိသားစုလွှဲပို့ငွေကိစ္စများ ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရှိရပါကြောင်း။

## တရားဝင်လမ်းကြောင်းမှ ငွေလွှဲပြောင်းပေးပို့နိုင်ရေးကို အလေးထား ဆောင်ရွက်လျက်ရှိ

ပြည်ပရောက်လုပ်သားများမှ ဟွန်ဒီစနစ်ဖြင့် ငွေလွှဲပို့ခြင်းသည် နိုင်ငံတော်အတွက် အခွန်များမရရှိသည့်အပြင် စာရင်းဇယားများလည်း မရရှိခြင်း၊ အချို့ ဟွန်ဒီငွေလွှဲလုပ်ငန်းလုပ်ကိုင်သူများမှ ငွေများလိမ်လည်ခြင်း စသည့် ပြဿနာများရှိပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံအား စီးပွားရေးပိတ်ဆို့အရေးယူမှု ကင်းလွတ်ခွင့်ရသည့်အချိန်မှစ၍ တရားဝင်လမ်းကြောင်းမှ ငွေလွှဲပြောင်းပေးပို့နိုင်ရေးကို အလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်ပတွင် အလုပ်လုပ်ကိုင်လျက်ရှိသော မြန်မာနိုင်ငံသားများ၏ လစာဝင်ငွေနှင့် စပ်လျဉ်း၍ ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ အခွန်ကောက်ဥပဒေအရ ပြည်ပနေနိုင်ငံသားများ၏ နိုင်ငံခြားငွေဖြင့်ရရှိသော လစာခါးစည်းမှ ဝင်ငွေအပေါ် ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုထားပြီးဖြစ်သောကြောင့် ဘဏ္ဍာငွေ ကောက်ခံရရှိခြင်းမရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဒလမဲဆန္ဒနယ်မှ ဒေါက်တာဦးစိန်မြအေး၏ **ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့ပေါ်တွင် မြန်မာ့စီးပွားရေးဘဏ်ဖွင့်လှစ်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်တွင် ပြည်သူလူထုနှင့် အစိုးရဌာနဆိုင်ရာများအတွက် ငွေကြေးအပ်နှံထုတ်ယူသုံးစွဲခြင်း လျင်မြန်လွယ်ကူချောမွေ့စေရန် ဒလမြို့နယ် ဘဏ်ခွဲအဆင့် ဖွင့်လှစ်သင့်ကြောင်း မြန်မာ့စီးပွားရေးဘဏ် စီမံခန့်ခွဲမှုအဖွဲ့က သုံးသပ်တင်ပြထားပြီးဖြစ်ပါကြောင်း၊ ယခုအခါတွင် ဒလ-တွံ့တေး ကားလမ်းဘေး၊ ကျန်စစ်သားရပ်ကွက်တွင် ပေ(၁၀၀×၁၀၀) အကျယ်အဝန်းရှိ မြန်မာ့စီးပွားရေးဘဏ်ပိုင် မြေကွက်ပေါ်တွင် ဘဏ်ခွဲ အဆောက်အအုံသစ် ပေ(၅၀×၃၀) RC တစ်ထပ် တည်ဆောက်ပေးရန် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ငွေလုံးငွေရင်း ရန်ပုံငွေလျာထား တောင်းခံဆောင်ရွက်ခဲ့ပါကြောင်း၊ လွှတ်တော်မှ စိစစ်ပြီးသည့်အခါ ရန်ပုံငွေ ငွေကျပ်သန်း ၆၀ ရရှိခဲ့ပြီး ဘဏ်ခွဲအဆောက်အအုံသစ် ဆောက်လုပ်နိုင်ရေးအတွက် တင်ဒါခေါ်ယူဆောင်ရွက်နိုင်ရန် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ လုပ်ငန်းအပ်နှံဆောင်ရွက်ထားပြီး ဖြစ်ပါကြောင်း။

## ဒလမြို့တွင် မြို့နယ်မြန်မာ့စီးပွားရေးဘဏ်ခွဲကို ဖွင့်လှစ်ဆောင်ရွက်သွားမည်

အဆိုပါ ဘဏ်ခွဲအဆောက်အအုံနှင့်အတူ ရဲစခန်းဝင်းအတွင်း ငွေသိုလှောင်ခန်းအဆောက်အအုံဆောက်လုပ်ရန် ရန်ပုံငွေကို တစ်ပြိုင်တည်း တင်ပြတောင်းခံခဲ့ရာတွင် လွှတ်တော်ပူးပေါင်းစိစစ်အဖွဲ့မှ စိစစ်၍ ရန်ပုံငွေဖြတ်တောက်ခဲ့ခြင်းကြောင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေ တင်ပြတောင်းခံချိန်တွင် ငွေသိုလှောင်ခန်းဆောက်လုပ်ရန်အတွက် ပြန်လည်တင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်း၊ ဘဏ်ခွဲအဆောက်အအုံနှင့် ငွေသိုလှောင်ခန်းအဆောက်အအုံများ ဆောက်လုပ်ပြီးစီးပါက ဒလမြို့တွင် မြို့နယ်မြန်မာ့စီးပွားရေးဘဏ်ခွဲကို ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

လှိုင်းဘွဲ့ မဲဆန္ဒနယ်မှ ဦးခင်ချို၏ **မြန်မာနိုင်ငံအတွင်း မြွေကိုက်ခံရမှုများနှင့် ပတ်သက်၍ အနီးစပ်ဆုံး ငါးနှစ်တာ ကာလအတွင်း မြွေကိုက်ခံရမှုအခြေအနေများကို သိလိုခြင်း၊ BPI မှ ထုတ်လုပ်နိုင်သည့် မြွေအဆိပ်ဖြေဆေးများ ပြည်ပသို့ တင်ပို့ရောင်းချရန် လျာထားချက်၊ ဈေးကွက်အခြေအနေအား သိလိုခြင်း**နှင့် စပ်လျဉ်း၍ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက မြန်မာနိုင်ငံတွင် ဖြစ်ပွားသော မြွေကိုက်မှုဖြစ်စဉ်၏ ၉၀ ရာခိုင်နှုန်းသည် မြွေပွေးကိုက်ခံရခြင်းနှင့် ၆ ရာခိုင်နှုန်းမှာ မြွေဟောက်ကိုက်ခံရခြင်းဖြစ်ပြီး ကျန် ၄ ရာခိုင်နှုန်းမှာ အခြားမြွေအမျိုးအစားကိုက်ခံရခြင်းတို့ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဆေးဝါးစက်ရုံ(အင်းစိန်) အနေဖြင့် မြွေပွေးအဆိပ်ဖြေဆေးကို ၉၀ ရာခိုင်နှုန်းထုတ်လုပ်ပြီး မြွေဟောက်အဆိပ်ဖြေဆေးကို ၁၀ ရာခိုင်နှုန်းထုတ်လုပ်ပါကြောင်း။

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အထိ ငါးနှစ်တာကာလအတွင်း ဆေးဝါးစက်ရုံ(အင်းစိန်)မှ မြွေပွေးအဆိပ်ဖြေဆေးနှင့် မြွေဟောက်အဆိပ်ဖြေဆေး စုစုပေါင်း ၄၁၆ ၂၁၄ လုံး ထုတ်လုပ်ခဲ့ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အဖွဲ့အစည်းများက ဝယ်ယူခဲ့ပါကြောင်း၊ ကိုက်သည့် မြွေအမျိုးအစား ခွဲခြားနိုင်ခြင်းမရှိသည့် လူနာများအတွက် မြွေပွေးနှင့်မြွေဟောက်အဆိပ် နှစ်မျိုးလုံးကို ဖြေပေးနိုင်သည့် Bivalent မြွေဆိပ် ဖြေဆေးများကိုလည်း ထုတ်လုပ်လျက်ရှိပါကြောင်း။

ပြည်တွင်းလိုအပ်ချက်ထက် ပိုလျှံသော မြွေဆိပ်ဖြေဆေးများအား ပြည်ပသို့ တင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ကမ္ဘောဒီးယားနိုင်ငံနှင့် လာအိုနိုင်ငံတို့သို့ မြွေဆိပ်ဖြေဆေး အလုံး ၅၀၀ စမ်းသပ်တင်ပို့ခဲ့ပါကြောင်း၊ ထပ်မံ၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင်လည်း မြွေဆိပ်ဖြေဆေးအလုံး ၅၀၀၀ ခန့် တင်ပို့နိုင်ရေး လျာထားဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံသို့လည်း အိမ်နီးချင်းနိုင်ငံများမှ ထုတ်လုပ်သည့် မြွေဆိပ်ဖြေဆေးများကို တင်သွင်းလျက်ရှိပါကြောင်း၊ ဆေးဝါးစက်ရုံ(အင်းစိန်)မှ ထုတ်လုပ်သည့် မြွေဆိပ်ဖြေဆေးနှင့် ပြည်ပမှ တင်သွင်းလျက်ရှိသည့် မြွေဆိပ်ဖြေဆေးများနှိုင်းယှဉ်ပါက အာနိသင်နှင့် ဈေးနှုန်းများ သိသိသာသာကွာခြားပြီး ဆေးဝါးစက်ရုံ(အင်းစိန်)ထုတ် မြွေဆိပ်ဖြေဆေးများမှ အာနိသင်ပိုမိုကောင်းမွန်၍ ဈေးနှုန်းလျှော့နည်း သက်သာသည်ကို တွေ့ရှိရပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို



လှိုင်းဘွဲ့ မဲဆန္ဒနယ်မှ ဦးခင်ချို

## မြွေဆိပ်ဖြေဆေး ဆောင်ထားလိုသူများအတွက် အလွယ်တကူ တိုက်ရိုက်ဝယ်ယူနိုင်ရန် ဆေးဝါးစက်ရုံ(အင်းစိန်)တွင် စီစဉ်ထား

ယခုဆိုလျှင် မြွေဆိပ်ဖြေဆေးဆောင်ထားလိုသူများအတွက် တစ်ဦးချင်းဖြစ်စေ၊ အသင်းအဖွဲ့လိုက်ဖြစ်စေ အလွယ်တကူ တိုက်ရိုက်ဝယ်ယူနိုင်ရန် ဆေးဝါးစက်ရုံ(အင်းစိန်)တွင် စီစဉ်ထားရှိပြီးဖြစ်ပါကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ စတင်၍ တစ်နှစ်လျှင် မြွေဆိပ်ဖြေဆေး အလုံး တစ်သိန်း ထုတ်လုပ်နိုင်ခဲ့ပြီး ပြည်သူများ၏ ကျန်းမာရေးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ယခင် အရည်ပုံစံအစားသာမန်အခန်းအပူချိန်တွင်ထားရှိ သိုလှောင်နိုင်သည့် အေးခဲခြောက် မြွေဆိပ်ဖြေဆေးများကို မှာယူထားသောကြောင့် အေးခဲခြောက်အလုံး ၁၃၀၀၀၀ ထုတ်လုပ်ပေးမည်ဖြစ်ပါကြောင်း၊ မြန်မာ့ဆေးဝါးလုပ်ငန်းအနေဖြင့် မြွေကိုက်ခံရသည့် လူနာများအား အထိရောက်ဆုံးကုသပေးနိုင်သည့် မြွေဆိပ်ဖြေဆေးများကို ပြည်တွင်း လိုအပ်ချက်နှင့် ပြည်ပလိုအပ်ချက်အပေါ် မူတည်ပြီး တစ်နှစ်လျှင် အလုံးရေ နှစ်သိန်းမှ သုံးသိန်းအထိ ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး စီမံဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ငပုတောမဲဆန္ဒနယ်မှ ဦးသန်းအောင်၊ မိုင်းရှူးမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းအေး၊ စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦးနှင့် ရွှေကျင် မဲဆန္ဒယ်နယ်မှ ဦးစောသလေးစောတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်တို့က ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ၏ အစီရင်ခံစာကို ကော်မတီဝင် ဒေါ်နန်းမိုးက ဖတ်ကြားတင်ပြပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဘဏ်များနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာကို ကော်မတီဝင် ဦးနေစိုးအောင်က ဖတ်ကြားတင်ပြပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ မိုင်းရှူးမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းအေး၊ ထီးလင်းမဲဆန္ဒနယ်မှ ဦးမြတ်လေးဦး၊ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်းနှင့် ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ဦးလုံဂျုံဆန်မိုင်တို့က ဆွေးနွေးကြသည်။

ထို့နောက် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီဥက္ကဋ္ဌ ဦးခွန်မောင်သောင်းက လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ကော်မတီဝင် ဒေါက်တာစိုင်းလှသိန်းက အဆိုပါ အစီရင်ခံစာအား သဘောတူလက်ခံရန် အဆိုတင်သွင်းပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားရယူ အတည်ပြုသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ၂၀၁၈ ခုနှစ် လောင်းကစားဥပဒေကြမ်းကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော စက်မှုဒီဇိုင်းမူပိုင်ခွင့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားရယူ အတည်ပြုသည်။

ထို့နောက် ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်မှ ဦးအေးနိုင် တင်သွင်းသည့် **ကမ္ဘာ့အမွေအနှစ်၊ အာရှအမွေအနှစ် အသိအမှတ်ပြုခံ သဘာဝထိန်းသိမ်းရေးနယ်မြေများအပါအဝင် နိုင်ငံတစ်ဝန်း သဘာဝထိန်းသိမ်းရေးနယ်မြေများ၊ ကမ္ဘာ့ရှားပါးတောရိုင်းတိရစ္ဆာန်မျိုးစိတ်များအား ဒေသခံပြည်သူတို့၏ အခွင့်အရေးထိခိုက်မှု အနည်းဆုံးဖြင့် ပိုမို အင်အားဖြည့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်စေရန်အတွက် သက်ဆိုင်ရာ သစ်တောဦးစီးဌာန၏ ဝန်းကျင်၊ သားငှက်ဌာနခွဲအား ဦးစီးဌာနကြီးတစ်ရပ်အဖြစ် မြှင့်တင်တိုးချဲ့လျက် ဘဏ္ဍာငွေတိုးမြှင့်သုံးစွဲကာ အနာဂတ်မြန်မာတိုင်းရင်းသားသားသမီးမြေးမြစ်တို့ အကျိုးအတွက် ရေရှည်တည်တံ့ခိုင်မြဲစေရန် လည်းကောင်း၊ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုအား ဝိုင်းဝန်းကူညီထိန်းသိမ်းနိုင်ရန်အတွက် လည်းကောင်း၊ သဘာဝအလှအပ အရင်းအမြစ်များကို ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် လည်းကောင်း၊ ဂေဟာခရီးသွားစနစ် တိုးတက်စေရန်အတွက်လည်းကောင်း၊ စီမံချက်များ ချမှတ်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်ကိုယ်စားလှယ်(၁၁)ဦးက ဆွေးနွေးကြသည်။

ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးမင်းနောင်က မိမိအနေဖြင့် သဘာဝနယ်မြေနှင့် သစ်တောတို့ကို ပိုမိုထိရောက်စွာ ထိန်းသိမ်းနိုင်ရေးအတွက် သစ်တောဦးစီးဌာနကို အရည်အသွေးပြည့်ဝသော ဝန်ထမ်းများ အင်အားတိုးချဲ့ခန့်ထားရေးနှင့် သစ်တောဦးစီးဌာနလက်အောက်ရှိ ဝန်းကျင်သားငှက် ထိန်းသိမ်းရေးဌာနခွဲကို ဦးစီးဌာနကြီးတစ်ခုအဖြစ် မြှင့်တင်တိုးချဲ့ရေးကို ဆွေးနွေးမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် သစ်ပင်သစ်တောနှင့် သားငှက်မျိုးစုံ စုံလင်လှပါကြောင်း၊ ယင်းသတ္တဝါမျိုးစိတ်နှင့် အပင်များသည် လူဦးရေတိုးပွားလာခြင်းနှင့်အတူ လူ့ပယောဂများကြောင့် ပျက်စီးလာပါကြောင်း၊ ထို့ကြောင့် ပြည်သူလူထုပိုမိုပူးပေါင်းရန်၊ သဘာဝပတ်ဝန်းကျင်ကို ပိုမိုလေးစားတန်ဖိုးထားရန် ကျောင်းပညာသင်ခန်းစာများတွင် ထိရောက်သော အသိပညာပေးမှုအားနည်းခြင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများ၏ တာဝန်ယူမှု၊ တာဝန်ခံမှု မရှိခြင်းတို့ကြောင့် ယခင်ကထက် တိုးတက်မှုအနည်းငယ်ရှိသော်လည်း ဝန်ကြီးဌာနအနေဖြင့် ထိန်းသိမ်းဆောင်ရွက်နိုင်စွမ်းအားနည်းနေသည်ကို မြင်တွေ့ရပါကြောင်း။

## သုတေသနလုပ်ငန်းများကို ဘက်ပေါင်းစုံမှ အားထည့်ပြီး စနစ်တကျလုပ်ကြရမည်

သဘာဝလောကကြီးသည် ဟန်ချက်ညီညီ အချိတ်အဆက်ကောင်းမွန်စွာနှင့် ဂေဟလောကကြီး စနစ်တကျ ဖြစ်တည်ခဲ့ပါကြောင်း၊ အားလုံးသည် လိုအပ်၍ တည်ရှိခဲ့ခြင်းဖြစ်ပါကြောင်း၊ မည်သည့်မျိုးစိတ်မှ ပျောက်ကွယ်၍ မရပါကြောင်း၊ လူသားနှင့် ဇီဝအဝန်းနယ်မြေအတွက် အမာခံထိန်းသိမ်းရေးနယ်မြေများ၊ ကြားခံနယ်မြေများ၊ ဖွံ့ဖြိုးရေးဇုန်နယ်မြေများ သုတေသနလုပ်ငန်းများကို ဘက်ပေါင်းစုံမှ အားထည့်ပြီး စနစ်တကျလုပ်ကြရမည်ဖြစ်ပါကြောင်း အကြံပြုထောက်ခံဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းမြင့်ဦး(ခ)ဦးနေမျိုး၊ လဟယ်မဲဆန္ဒနယ်မှ ဦးသက်နောင်၊ ကောလင်း မဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင်၊ မိုးကုတ်မဲဆန္ဒနယ်မှ ဦးအောင်နိုင်(ခ) ဦးနိုင်ငံကျော်၊ စေတုတ္တရာ မဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်၊ ပုဗ္ဗသီရိ မဲဆန္ဒနယ်မှ ဦးရည်မွန် (ခ) မောင်တင်သစ်၊ ပန်းတနော်မဲဆန္ဒနယ်မှ ဦးမန်းညွန့်သိန်း၊ ဆော့လော် မဲဆန္ဒနယ်မှ ဦးလာမာလေး၊ ကွန်ဟိန်း မဲဆန္ဒနယ်မှ ဒေါ်နန်းခင်စောနှင့် မိုးကောင်း မဲဆန္ဒနယ်မှ ဦးဝင်းနိုင်တို့က ဆွေးနွေးကြသည်။

ယင်းနောက် အဆိုနှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနအား သီးခြားဦးစီးဌာနအဖြစ် သတ်မှတ်ရန် ဝန်ထမ်းအင်အားနှင့် ရန်ပုံငွေလိုအပ်ချက်များ ရှိနေသည့်အပြင် နှစ်အတန်ကြာ အချိန်ယူရေးဆွဲခဲ့ပြီး ၂၀၁၈ ခုနှစ် မေ ၂၁ ရက်က ပြဋ္ဌာန်းခဲ့သည့် ဥပဒေကို ပြင်ဆင်ရေးဆွဲရန်လိုအပ်မည်ဖြစ်ပါကြောင်း၊ လက်ရှိအခြေအနေအရ သဘာဝထိန်းသိမ်းရေးနယ်မြေများကို ပီပြင်စွာ စီမံခန့်ခွဲ အုပ်ချုပ်ရန် အဓိက လိုအပ်ချက်မှာ ဖွဲ့စည်းပုံနှင့်အညီ အင်အားအပြည့်အဝ ခန့်ထားခွင့်ရရှိရေးနှင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ဆောင်ရွက်ပေးရန်တို့ကို တွေ့ရှိရပါကြောင်း။

## ဦးစီးဌာနတစ်ခုအဖြစ် သတ်မှတ်ဆောင်ရွက်နိုင်ရန်အတွက် ကျွမ်းကျင်ဝန်ထမ်းများ ခန့်အပ်ရန်လိုအပ်

ဦးစီးဌာနတစ်ခုအဖြစ် သတ်မှတ်ဆောင်ရွက်နိုင်ရန်အတွက် ကျွမ်းကျင်ဝန်ထမ်းများ ခန့်အပ်ရန်လိုအပ်ခြင်း၊ ဝန်ထမ်းများ၏ လစာနှင့် လုပ်ငန်းရန်ပုံငွေများ တင်ပြတောင်းခံရန် လိုအပ်ခြင်း၊ ဆက်စပ်ဝန်ကြီးဌာနများနှင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် သဘောတူညီချက်ရယူရန် လိုအပ်ခြင်း စသည့် အချက်များကြောင့် အချိန်ယူဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ လက်ရှိအခြေအနေတွင် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝနယ်မြေများ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းအတွက် ကျွမ်းကျင်ဝန်ထမ်းများ မွေးထုတ်ပေးနိုင်ရန် သင်တန်းကျောင်းတစ်ခုအား သစ်တောဦးစီးဌာနမှ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဖွင့်လှစ်နိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ လုပ်ထုံးလုပ်နည်းနှင့်အညီ လုပ်ငန်းများကောင်းမွန်စွာ လည်ပတ်နိုင်ရေး၊ နိုင်ငံတကာမှ စံနမူနာများအား ထိရောက်စွာဆောင်ရွက်နိုင်သည့် ထိန်းသိမ်းရေးဦးစီးဌာနတစ်ခုအဖြစ် ပေါ်ထွန်းလာရေးတို့အတွက် အဆိုအား အချိန်ယူဆောင်ရွက်ပေးသွားမည်ဖြစ်သည့်အတွက် အဆိုအား မှတ်တမ်းထားရှိ စောင့်ကြည့်ပေးနိုင်ရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုရှင်၏ သဘောထားရယူရာ အဆိုရှင်က မှတ်တမ်းတင်စောင့်ကြည့်မည်ဖြစ်ကြောင်းနှင့် ဆောင်ရွက်ခြင်းမရှိပါက ထပ်မံတိုက်တွန်းမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုအား မှတ်တမ်းတင်စောင့်ကြည့်ရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို ဒီဇင်ဘာ ၁၉ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၇**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ၁၅ ရက် မြောက်နေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်းအစီရင်ခံစာနှစ်ခု ဖတ်ကြားခြင်းနှင့် ဥပဒေကြမ်းတစ်ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

## မဟာဘွဲ့ရ မူလတန်းပြနှင့် အလယ်တန်းပြ ဆရာ၊ ဆရာမများအား လစ်လပ်ဘာသာရပ်နှင့် ဆန္ဒပြုဒေသကိုက်ညီပါက အထက်တန်းပြရာထူး တိုးမြှင့်ခန့်ထားပေးလျက်ရှိ

အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကိုကိုနိုင်၏ **ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအတွင်း မြို့နယ်ပေါင်း (၃၃၀) ရှိ အခြေခံပညာ အထက်တန်းကျောင်းများနှင့် အခြေခံပညာအထက်တန်းကျောင်း (ခွဲ) များတွင် အထက်တန်းပြ ဆရာ၊ ဆရာမများ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန်အတွက် မဟာသိပ္ပံဘွဲ့ရ၊ မဟာဝိဇ္ဇာဘွဲ့ရများကို အထက်တန်းပြရာထူးများ ခန့်အပ်ပေးသွားရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အခြေခံပညာအထက်တန်းကျောင်းများနှင့် အခြေခံပညာ အထက်တန်းကျောင်း (ခွဲ)များတွင် အထက်တန်းပြဆရာ၊ ဆရာမများ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် ဌာနတွင်းမှ ကျောင်းသင်ဘာသာရပ်နှင့် ကိုက်ညီသည့် မဟာဘွဲ့ရ မူလတန်းပြနှင့် အလယ်တန်းပြ ဆရာ၊ ဆရာမများအား လစ်လပ်ဘာသာရပ်နှင့် ဆန္ဒပြုဒေသကိုက်ညီပါက အထက်တန်းပြ ရာထူးတိုးမြှင့်ခန့်ထားပေးလျက်ရှိပါကြောင်းနှင့် အထက်တန်းပြ လစ်လပ်နေရာများအား ထပ်မံဖြည့်ဆည်းခန့်ထားပေးနိုင်ရေး တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၏ သဘောထားမှတ်ချက်ရယူပြီး ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်း၏ **စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ မြင်းမူမြို့နယ်၊ တောချောင်းဦးကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်းတွင် တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာန ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက တောချောင်းဦးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းတွင် တက္ကသိုလ်ဝင်တန်း စာစစ်ဌာနအသစ်ဖွင့်လှစ်ရန်အတွက် မြို့နယ်ပညာရေးမှူးရုံး၊ ခရိုင်ပညာရေးမှူးရုံး၊ တိုင်းဒေသကြီး ပညာရေးမှူးရုံးတို့မှ ဖွင့်လှစ်ခွင့်ပြုသင့်ကြောင်း ထောက်ခံချက်ဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ ဆက်လက်တင်ပြခဲ့သော်လည်း တိုင်းဒေသကြီးအစိုးရအဖွဲ့က ၎င်းတို့၏ သတ်မှတ်ချက်များနှင့် မကိုက်ညီသည့်အတွက် ထောက်ခံမှုမပြုသဖြင့် အဆိုပါကျောင်း၌ စာစစ်ဌာနဖွင့်လှစ်ခွင့်ပြုရန် ကိစ္စအပေါ် အခြေခံပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနတို့မှ ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း ဖြေကြားသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါ်စန်းစန်းမြင့်၏ **ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ် အောင်မြင်ကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း (ခွဲ)၊ ခတ်ချိုကွင်းကျေးရွာ၊ အခြေခံပညာအလယ်တန်းကျောင်း (ခွဲ)နှင့် စစ်ဘိုကြီးကျေးရွာ၊ အခြေခံပညာမူလတန်း (လွန်)ကျောင်းတို့တွင် ပညာသင်ကြားနေသော အရှိ (ချင်း) တိုင်းရင်းသားများ ကျောင်းပုံနှိပ်စာအုပ်များ မည်သည့်အတွက်ကြောင့် မရရှိသည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ၂၀၁၇ - ၂၀၁၈ ပညာသင်နှစ်တွင် တိုင်းရင်းသားဘာသာစာအုပ်များ ပုံနှိပ်ထုတ်ဝေရန်အတွက် တင်ဒါများခေါ်ယူခဲ့သော်လည်း တင်ဒါခေါ်ယူမှု ဈေးနှုန်းများကြောင့် ရိုက်နှိပ်ဖြန့်ဝေပေးနိုင်ခဲ့ခြင်း မရှိခဲ့ပါကြောင်းနှင့် ၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်အတွက်လည်း အမျိုးသားပညာရေးဥပဒေပုဒ်မ ၄၄ အရ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့တို့၏ အစီအစဉ်ဖြင့်သာ ဆောင်ရွက်ရမည် ဖြစ်သည့်အတွက် တိုင်းဒေသကြီး /ပြည်နယ်အစိုးရအဖွဲ့များ၏ သဘောထားမှတ်ချက်များ ရယူညှိနှိုင်းဆဲ ဖြစ်သည့်အတွက် အခမဲ့ပုံနှိပ်ဖြန့်ဝေပေးမှု မရှိသေးပါကြောင်းနှင့် တိုင်းရင်းသားဘာသာ စာအုပ်များ ရိုက်နှိပ်ဖြန့်ဝေပြီးမှသာ ခွဲတမ်းအရေအတွက်အတိုင်း ခွဲဝေပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း

အလားတူ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦး၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးညီစိန်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ကျော်ဝင်းနှင့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးငွေတင်းတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌမန်းဝင်းခိုင်သန်းက **အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်း**ကို အသိပေးတင်ပြ၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးကျော်ကျော်က **ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော မြန်မာနိုင်ငံ စာရင်းကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားရှင်းလင်းသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက စိစစ်တင်ပြသည့် အစီရင်ခံစာအပေါ် လွှတ်တော်၏အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

## ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေး

ထို့နောက် **ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင် က ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေသည် အရေးကြီးသည့် ဥပဒေ တစ်ခုဖြစ်ပါကြောင်း၊ ယဉ်ကျေးမှု အမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းခြင်းသည် နိုင်ငံသားများ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားစေပြီး ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်စေပါကြောင်း၊ တိုင်းရင်းသားဒေသများတွင်လည်း ယဉ်ကျေးမှုဆိုင်ရာအမွေအနှစ်များကို ဖော်ထုတ်ပြီး ကာကွယ်ထိန်းသိမ်းရန် လိုအပ်မည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကျော်မင်းထွန်းက ယဉ်ကျေးမှုအမွေအနှစ်သည် စကားရပ်တစ်ခု ဖြစ်သော်လည်း ဂုဏ်ရည်နှင့်တန်ဖိုးမှာ နက်နဲလှပါကြောင်း၊ အမွေအနှစ်တစ်ခု၏ ဂုဏ်ရည်နှင့် တန်ဖိုးကို ဆက်လက်ထိန်းသိမ်း ထားနိုင်ရေးအတွက် ရှေ့ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းများမှာ များပြားလှပါကြောင်း၊ နောင်မျိုးဆက်သစ်ထိတိုင် စဉ်ဆက်မပြတ် အသိပညာရှင်များ၊ အတတ်ပညာရှင်များနှင့်အတူ ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းစောင့်ရှောက်မှသာ အမွေအနှစ်ကောင်းများအဖြစ် ထားရစ်နိုင်မည်ဖြစ်ပါကြောင်း၊ အဆိုပါအမွေအနှစ်များ ရေရှည်တည်တံ့စေရေး၊ ကာကွယ်စောင့်ရှောက်ထိန်းသိမ်းသွားနိုင်စေရေးတို့အတွက် ဥပဒေတစ်ရပ်ကို ထုတ်ပြန်မည်ဆိုပါက ယင်းဥပဒေကို လိုက်ပါဆောင်ရွက်ရမည့် ဌာန၊ အဖွဲ့အစည်း၊ ကော်မတီများ အနေဖြင့် လျင်မြန်လွယ်ကူစွာ အချိတ်အဆက်မိမိအကောင်အထည်ဖော်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးဝင်းကြိုင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း (ခ) ဦးမောင်စိုး၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူး မင်းရဲထွန်း၊ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ဉာဏ်ရွှေ၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူး ဇော်ဝင်းဦးနှင့် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ ဦးကျော်တုတ်တို့က ဆက်လက်ဆွေးနွေးကြသည်။

ထို့နောက် အမျိုးသားလွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိမ်းဆွေက ကော်မတီ၏ **ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ နဝမပုံမှန်အစည်းအဝေးအထိ တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာ**ကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းရာတွင် ကော်မတီသည် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ နဝမပုံမှန်အစည်း အဝေးအတွင်း ကိုယ်စားလှယ်များ တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများနှင့် စပ်လျဉ်း၍ ကွင်းဆင်းစစ်ဆေးခဲ့ရာ ၁၁ ကြိမ်မြောက် ရှိခဲ့ပြီ ဖြစ်ပါကြောင်း၊ နောက်နောင်များတွင်လည်း ကိုယ်စားလှယ်များ တင်သွင်းမေးမြန်းသည့် အဆိုများ၊ မေးခွန်းများနှင့် စပ်လျဉ်း၍ ကွင်းဆင်းစစ်ဆေးသင့်သည့် ကိစ္စရပ်များကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏လမ်းညွှန်မှုကို ခံယူ၍ ဆက်လက်ကွင်းဆင်းစိစစ်သွားမည်ဖြစ်ပြီး ကွင်းဆင်းစိစစ်ရာတွင်လည်း အဆိုနှင့် မေးခွန်းရှင်ကိုယ်စားလှယ်များကလည်း ယခုထက်ပိုမို၍ ကော်မတီနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်ပါရန်နှင့် ကော်မတီမှလည်း ကတိဖြစ်ပေါ်ခဲ့သည့် အဆို၊ မေးခွန်းများနှင့် စပ်လျဉ်း၍လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်နှင့် ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေကို စိစစ်ရာတွင် ငြင်းပယ်မှုမရှိစေရေးအတွက် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီသို့ အချိန်နှင့်တစ်ပြေးညီ ဆက်လက်ပေးပို့လျက်ရှိပါကြောင်း ပြောကြားသည်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါအစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာ

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါအစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို ဒီဇင်ဘာ ၁၉ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်**

**လူမော် (သတင်းစဉ်)**

# ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီကိုယ်စားလှယ်အဖွဲ့ တရုတ်သို့ လေ့လာရေးခရီးသွားရောက်

**ရန်ကုန် ဒီဇင်ဘာ ၁၇**

တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် (JMC-S) အဖွဲ့ဝင်များ ပါဝင်သော ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး၏ စီစဉ်ပေးမှုဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်လေ့လာရန် ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့မှ တရုတ်နိုင်ငံ ကူမင်းမြို့သို့ ထွက်ခွာသွားကြောင်း သိရသည်။ **(အောက်ပုံ)**

ကိုယ်စားလှယ်အဖွဲ့သည် ခရီးစဉ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်အတွင်းရှိ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ တရုတ် - မြန်မာ နှစ်နိုင်ငံနယ်စပ်ဒေသ ဖွံ့ဖြိုးမှုများကို လေ့လာကြမည်ဖြစ်ပြီး ခရီးစဉ်မှာ ဒီဇင်ဘာ ၂၁ ရက်အထိ ငါးရက်ကြာမြင့်မည်ဖြစ်သည်။



ကိုယ်စားလှယ်အဖွဲ့ကို ရှမ်းပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီဝင် (JMC-S) ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး လှဦးက ဦးဆောင်ပြီး ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ JMC-S ကော်မတီဝင်များ၊ အထောက်အကူပြုဝန်ထမ်းများ စုစုပေါင်း ၁၈ ဦး လိုက်ပါသွားကြောင်း JMC မှ သိရသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့် JMC- S ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပထမဆုံးအကြိမ်အဖြစ် လေ့လာရေးခရီးသွားရောက်ခြင်း ဖြစ်သည်။ **ညွန့်ကိုကို**

## ဆိုင်ကလုန်းမုန်တိုင်း "ဖီထိုင်း" ရနမ်မြို့အနီးမှ ဖြတ်ကျော်

**နေပြည်တော် ဒီဇင်ဘာ ၁၇**

ယနေ့ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း " ဖီထိုင်း "သည် မြောက်ဘက်သို့ရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်ကမ်းခြေကို ရနမ်မြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်လျက်ရှိသည်။ အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း"ဖီထိုင်း" သည် အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားလျက်ရှိသည်။

ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။

မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၂၈ / ၂၀၁၈**
**၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၁၀ ရက်**
**(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်)**

**"တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျလက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်း တိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၁၈ခုနှစ်၊ ဒီဇင်ဘာလ (၁၅) ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်၊ ကျောက်မှော်ကျေးရွာနေ ဒေါ်စီမသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၁-၁၂-၂၀၁၈ ရက်နေ့တွင် ထီးချိုင့်မြို့နယ်၊ ကျောက်မှော်ကျေးရွာနေ ဒေါ်စီမ (ခ)ဒေါ်လှယဉ်(၅၈)နှစ်၊ (ဘ)ဦးပွကြီး၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းအား မမစ (ထီးချိုင့်) မယ(ပ)၄၅/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | တနင်္သာရီတိုင်း ဒေသကြီး၊ ဘုတ်ပြင်းမြို့၊ ရွှေဘုံသာရပ်ကွက်နေ မူဆာသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၉-၁၂-၂၀၁၈ ရက်နေ့တွင် ဘုတ်ပြင်းမြို့၊ ရွှေဘုံသာရပ်ကွက်နေ မူဆာ(ခ) ဇော်မင်းနိုင်(၃၇)နှစ်၊ (ဘ)ဦးကြည်အေး၏ နေအိမ်အားဝင်ရောက်ရှာဖွေရာ WY စာတန်းပါစိတ်ကြွဆေးများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းအား မမစ (ဘုတ်ပြင်း) မယ(ပ) ၄၅/ ၂၀၁၈ ၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၃ | ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ အုတ်ကျွတ်တန်း (၁၀)ရပ်ကွက်၊ (၁၀)လမ်းရှိ ဝိုင်းဝိုင်းလည် ထမင်းဆိုင်မှ သိန်းဇော်ဝင်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၁-၁၂-၂၀၁၈ ရက်နေ့တွင် တောင်ငူမြို့ အုတ်ကျွတ်တန်း (၁၀)ရပ်ကွက်၊ (၁၀) လမ်း၊ အမှတ်(၁၀/၂၈၇)နေ သိန်းဇော်ဝင်း (၄၅)နှစ်၊ (ဘ)ဦးလှသောင်း၏ ဝိုင်းဝိုင်းလည်ထမင်းဆိုင်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းအား မမစ(တောင်ငူ) မယ (ပ)၂၄/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄ | ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သရက်တော(မြောက်) ရပ်ကွက်၊ ဟံသာဝတီလမ်း၊ မြို့တော်သတင်းစာတိုက် ဝန်ထမ်းအိမ်ရာနေ ထိန်လင်း(ခ)ကျော်မိုးသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၄-၁၂-၂၀၁၈ ရက်နေ့တွင် ကြည့်မြင်တိုင်မြို့နယ်၊ သရက်တော(မြောက်) ရပ်ကွက်၊ ဟံသာဝတီလမ်း၊ မြို့တော်သတင်းစာတိုက် ဝန်ထမ်းအိမ်ရာနေ ထိန်လင်း(ခ)ကျော်မိုး (၄၅)နှစ်၊ (ဘ) ဦးမြင့်သိန်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရပ်ကွက်တည်းနေ အောင်နိုင်ဝင်း(ခ) အောင်ကြီး (၃၁)နှစ်၊ (ဘ)ဦးနိုင်နိုင်၊ ကမာရွတ်မြို့နယ်၊ (၅)ရပ်ကွက်နေ ခင်အောင်(၄၈) နှစ်၊ (ဘ)ဦးမြထွန်း၊ စွမ်းထက်ဟိန်း (ခ) တုံတုံ(၂၃)နှစ်၊ (ဘ)ဦးလှဌေး၊ ဟိန်းဝဏ္ဏအောင် (ခ)တွတ်ပီ(၂၁)နှစ်၊ (ဘ)ဦးအောင်ကျော်နှင့် မနှင်းဝတ်ရည်လွင်(ခ)သဲသဲ(၂၆)နှစ်၊ (ဘ)ဦးအောင်မြိုင် တို့အား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့(၆)ဦးအား မမစ (ကြည့်မြင်တိုင်) မယ(ပ) ၃၁/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/၂၁ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၅ | ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကွတ်ခိုင်မြို့ ရပ်ကွက်(၄)၊ အုပ်စု(၁၀) တောင်ကုန်းပေါ်တွင် နေ့စဉ်နှင့် အမျှ လူအများ မူးယစ်ဆေးဝါးများ ရောင်းဝယ်ဖောက်ကား ပြုလုပ်လျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၂၈)မှု ဖော်ထုတ်ဖမ်းဆီး တရားခံ ကျား(၂၅)ဦး၊ မ(၃)ဦး၊ ပေါင်း(၂၈)ဦးအား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများနှင့်အတူ ဥပဒေနှင့်အညီ အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။ ၁၄-၁၂-၂၀၁၈ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိအမှုများမှ ကွင်းဆက်သတင်းအရ ကွတ်ခိုင်မြို့၊ ရပ်ကွက်(၄)အတွင်း စောင့်ဆိုင်းစစ်စစ်နေစဉ် မန်ပြိန်းအုပ်စု၊ ပုန်းထွန် ကျေးရွာနေ ဇော်မိုင်(၂၀)နှစ်၊ (ဘ)ဦးဇော်အောင်အား 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ကွတ်ခိုင်) မယ(ပ) ၁၃၇/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှု အပါအဝင် ၁၅-၁၂-၂၀၁၈ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၄၃၂)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၅၆၄) ဦး၊ မ(၁၀၉) ဦး၊ ပေါင်း(၆၇၃) ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၅၅၉၄.၃၇)ဂရမ်၊ ICE (၂၅.၀၁) ဂရမ်၊ ဘိန်း(၃၈၅၆၉.၇၄)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၃၂၉.၆)ဂရမ်၊ ဘိန်းစာမှုန့်(၁၂၂၆၃.၂၈)ဂရမ်၊ ဘိန်းစာရွက်(၇၂၇၃.၉၉) ဂရမ်၊ စိတ်ကြွဆေးပြား(၁၉၈၉၈၃)ပြား၊ ဆေးခြောက်(၃၇၀၁.၀၃)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၂၂၇.၄)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့် (၁.၆၅)ဂရမ်၊ Ecstasy အကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ (၁၃)လက်၊ ကျည်မျိုးစုံ(၁၉၄)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါး သတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ် ဖမ်းဆီးအရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာနသို့ တိုင်ကြားပေးပို့သော သတင်းများကို စိစစ်ဖော်ထုတ်အရေးယူခဲ့သည့်အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သီးခြားရရှိသော မူးယစ်ဆေးဝါးသတင်းများအပေါ် စိစစ်ဖော်ထုတ်ခြင်း၊ နယ်စပ်ပူးပေါင်းစစ်ဆေးဂိတ်များတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ နယ်မြေရှင်းလင်းခြင်း၊ သတင်းအရ မော်တော်ယာဉ်/ဆိုင်ကယ်များကို ရှာဖွေစစ်ဆေးခြင်းတို့ဆောင်ရွက်ခဲ့ရာ ယခုတစ်ပတ်အတွင်း နယ်စပ်ဒေသများ၊ ပူးပေါင်းစစ်ဆေးရေးဂိတ်များအပါအဝင် ပြည်နယ်/တိုင်းဒေသကြီး အသီးသီး၌ ကချင်ပြည်နယ်၊ ဟိုပင်မြို့နယ်၊ ဟိုပင်- လုံးတုံ- ညောင်ပင်ရွာသွားကားလမ်းမပေါ်၌ ရပ်တန့်ထားသည့် Hilux Surf ယာဉ်အား စိစစ်ရန်သွားရောက်စဉ် ယာဉ်ပေါ်ပါ အမျိုးသား(၄)ဦးမှာ ထွက်ပြေးသွားပြီး ယာဉ်ပေါ်မှ ဘိန်းဖြူ (၅၇၂၀)ဂရမ်၊ စိတ်ကြွဆေးပြား(၆၆၆၉၀၀)ပြား၊ ဘိန်းဆီခဲ(၁၄၃၇၀)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ ကရင်ပြည်နယ်၊ မြဝတီမြို့ ရပ်ကွက်(၁)၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၀၀၀)ပြား၊ ရှမ်းပြည်နယ်၊ လားရှိုးမြို့၊ မန်ဆူအဝေးပြေးကားဝန်းရှိ Gold Power ကားဂိတ်တွင် မုံရွာမြို့သို့ခရီးသည်မပါ တန်ဆာခဖြင့် ပို့ဆောင်ရန် အပ်နှံထားခဲ့သည့် စက္ကူဂျပ်ဖာအား မသင်္ကာသဖြင့်စိစစ်ရာ ၎င်းဂျပ်ဖာအတွင်းမှ စိတ်ကြွဆေးပြား(၂၄၀၀)ပြား၊ နမ့်စန်မြို့နယ်၊ ဝမ်းကျောင်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၄၇၅)ပြား၊ ဆီဆိုင်မြို့၊ အောင်ချမ်းသာရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦး ထံမှ စိတ်ကြွဆေးပြား (၄၂၉၅) ပြား၊ ရွှေညောင်မြို့၊ ရတနာရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၀၁၀)ပြား၊ မိုင်းတုံမြို့ နောင်ပါရင်ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၁၂၀)ပြား၊ ဟိုပုံးမြို့နယ်၊ လွယ်ဝိုးတုတ်ကျေးရွာအနီး မိုင်တိုင် အမှတ်(၁၄၄/၃)၌ ယာဉ်များအား ရပ်တန့်စိစစ်စဉ် မိုင်းရှူးမှ တောင်ကြီးသို့လာသည့် ခရီးသည်တင်ယာဉ်ဖြင့် လိုက်ပါလာသော တရားခံအမျိုးသမီး(၁)ဦးထံမှ ဘိန်းဖြူ(၂၆၄၀)ဂရမ်၊ ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ ကပ္ပကောင်းကျေးရွာ၌ သတင်းအရ ရှာဖွေစိစစ်ရာ ပုဇွန်ကန်ဘောင်ရေလွှဲမြောင်းတွင် မြေကျင်းတူး၍ ဝှက်ထားသော ဆာလာအိတ်အတွင်းမှ စိတ်ကြွဆေးပြား(၂၉၂၅၀၀)ပြား၊ စစ်တွေမြို့နယ်၊ ရေချမ်းပြင်ဆိပ်ကမ်း၌ သတင်းအရ သုံးဘီးဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးနှင့် ကွင်းဆက်တရားခံအမျိုးသား(၁)ဦး၊ ပေါင်း(၂)ဦး ထံမှ စိတ်ကြွဆေးပြား(၁၃၀၀၀၀)ပြား၊ သုံးဘီးဆိုင်ကယ်(၁) စီး၊ နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အောင်းကုန်းကျေးရွာထိပ်တွင် ရပ်တန့်ထားသည့် Toyota Landcruiser ယာဉ်နှင့် ဆိုင်ကယ်(၁)စီးတို့အား သတင်းအရ စိစစ်ရာ တရားခံအမျိုးသား(၃)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၄)ဦးတို့ အရောင်းအဝယ်ပြုလုပ်နေစဉ် စိတ်ကြွဆေးပြား(၂၀၀၀)ပြား၊ မော်တော်ယာဉ်(၁)စီး၊ ဆိုင်ကယ်(၁)စီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ နန့်မကျိုင်းကျေးရွာအနီး ရွှေဘို - မြစ်ကြီးနားသွားကားလမ်းမပေါ်တွင် သတင်းအရ Toyota VOXY ယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၁၄၀၀၀)ပြား၊ ဘိန်းဖြူ(၄၄၁၀)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ တက္ကသိုလ်ရပ်ကွက်၊ ဗာရာဏသီကျောင်းလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၃၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ဝက်ဝံကျေးရွာ၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၂၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ပိတ်ချင်းမြောင်လိုဏ်ဂူသွား ကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၃၈၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ နောင်ချိုမြို့နယ်၊ ညောင်ထောက်(တောင်) ကျေးရွာရှိ နေအိမ်မှ စိတ်ကြွဆေးပြား(၃၁၇၇)ပြား၊တကောင်းမြို့၊ အမှတ်(၁)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁) ဦး၊ ပေါင်း(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၉၈၈)ပြား၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့် မြို့နယ်၊ ကန်တော်ကြီးကန်ပတ်လမ်း၊ ကန်တော်ကြီးဂိတ်(၁) ဝင်ပေါက်အနီး၌ သတင်းရရှိထားသည့် တရားခံအမျိုးသား(၁)ဦးအားစိစစ်ရာ ၎င်းထံမှ စိတ်ကြွဆေးပြား (၉၈၀၀)ပြား၊ လမ်းမတော်မြို့နယ်၊ အမှတ်(၆)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ Tramadolဆေးတောင့်(၉၅၀၀)၊ Mophine Injection(၇၀)လုံး၊ Diazepam Tablet (၁၉၀၀)ပြား၊ Diazepam Injection(၄၅)လုံး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းကျေးရွာ၊ ရွှေမြင့်မိုရ်လမ်း၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၂၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ဒဂုံမြောက်မြို့နယ်၊ (၄၂)ရပ်ကွက်၌ သတင်းအရ နေအိမ်အားစိစစ်ရာ အမျိုးသား(၁)ဦး၊ အမျိုးသမီး (၁)ဦး၊ ပေါင်း(၂)ဦးမှာ ကြိုတင်တိမ်းရှောင်နေပြီး နေအိမ်အတွင်းမှ ဘိန်းဖြူ(၂၅)ဂရမ်၊ စိတ်ကြွဆေးပြား (၈၀၁၀)ပြားတို့အား လည်းကောင်း၊ လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိမှုဖြစ်စဉ်(၂)ခုရှိခဲ့ပြီး မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့၊ ဖောင်စိန်ရပ်ကွက်၌ တရားခံ အမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၅၃)ပြား၊ တူမီးသေနတ်(၁)လက်၊ ယမ်းတောင့်(၈)လုံး၊ ရှမ်းပြည်နယ်၊ နောင်ချိုမြို့နယ်၊ နောင်လင်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၀၈၁)ပြား၊ တူမီးသေနတ်(၂)လက်တို့အား လည်းကောင်း၊ နိုင်ငံခြားသားများ ပါဝင်ပတ်သက်သော ဖမ်းဆီးရမိမှုဖြစ်စဉ် (၂)ခုရှိခဲ့ပြီး ရှမ်းပြည်နယ်၊ မူဆယ်မြို့နယ်၊ ဟိုလောင်ကျေးရွာအနီး၌ သတင်းအရ ရပ်တန့်ထားသည့် Dongfeng (၆)ဘီးယာဉ်(၄)စီးအားစိစစ်ရာ တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား အမျိုးသား(၃)ဦးထံမှ Hydrochloric Acid (၈၁၀၄)လီတာ၊ Acetone(၁၇၂၈၀)လီတာ၊ မော်တော်ယာဉ်(၄)စီး၊ မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ရွှေမွန်တောင်ရပ်ကွက်ရှိ KTV အား သတင်းအရ ဝင်ရောက်စိစစ်ရာ တရားခံအမျိုးသား(၁၂)ဦး၊ အမျိုးသမီး(၆)ဦး၊ တရုတ်နိုင်ငံသား အမျိုးသား(၁)ဦး၊ ပေါင်း(၁၉)ဦးတို့ထံမှ ဆေးခြောက်(၃.၅)ဂရမ်၊ Ketamine(၃.၅၀၁)ဂရမ်၊ ICE(၀.၅)ဂရမ်၊ Ecstasy(၁)ပြား၊ Caldina ယာဉ်(၁)စီးအား လည်းကောင်း၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ DHL ရန်ကုန်ရုံးချုပ်သို့ ရောက်ရှိလာသည့် နိုင်ငံခြားသို့ ပို့ဆောင်မည့်ပါဆယ်ထုပ်(၂) ထုပ်အားမသင်္ကာသဖြင့် စစ်ဆေးရာ အတွင်းမှ Ketamine (၉၀၀) ဂရမ် သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်စိစစ်လျက်ရှိကြောင်းနှင့် သီးခြားဖော်ထုတ်ဖမ်းဆီးမှု စုစုပေါင်းအနေဖြင့် ယခုသီတင်းပတ် (၉-၁၂-၂၀၁၈ ရက်နေ့မှ ၁၅-၁၂-၂၀၁၈ ရက်နေ့အထိ)အတွင်း မူးယစ်အမှုပေါင်း(၂၁၇)မှုတွင် တရားခံကျား(၂၈၀)ဦး၊ မ(၄၂)ဦး၊ ပေါင်း(၃၂၂)ဦးကို ဘိန်းဖြူ (၁၄၀၅၈.၀၁၁) ဂရမ်၊ ICE (၂၅.၈၉) ဂရမ်၊ ဘိန်း (၁)ဂရမ်၊ ဘိန်းစာမှုန့် (၂၅၂၄.၂)ဂရမ်၊ ဘိန်းစာရွက်အစို(၁၉၅၉၆)ဂရမ်၊ စိတ်ကြွဆေးပြား(၂၄၃၂၀၆၆) ပြား၊ ဆေးခြောက်(၃၄.၇)ဂရမ်၊ ဘိန်းဆီခဲ(၁၄၃၇၆)ဂရမ်၊ Ecstasy ဆေးပြား(၁)ပြား၊ Ketamine (၉၀၃.၅၀၁)ဂရမ်၊ Tramadol ဆေးတောင့်(၉၅၀၀)၊ Mophine Injection (၇၀)လုံး၊ Diazepam Injection (၄၅)လုံး၊ Diazepam Tablet (၁၉၀၀) ပြား၊ Hydrochloric Acid (၈၁၀၄)လီတာ၊ Acetone (၁၇၂၈၀)လီတာ၊ တူမီးသေနတ်(၃)လက်၊ ယမ်းတောင့်(၈)လုံးတို့ကို ဖော်ထုတ်သိမ်းဆည်းရမိကြောင်း သတင်းရရှိပါသည်။

၅။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့် ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှု ကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါး အထူးသတင်း တိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

| | | |
|---|---|---|
| **အော်တိုတယ်လီဖုန်းနံပါတ်** | - | **၀၆၇-၃၉၀၂၀၀** |
| **ဖက်စ်ဖုန်းနံပါတ်** | - | **၀၆၇-၃၉၀၂၃၃** |
| **အီးမေးလ်လိပ်စာ** | - | **antinarcotics@presidentoffice.gov.mm** |

# စာတတ်သူများ စာဖတ်ရေး ခေါင်းစဉ်ဖြင့် စာဖတ်ဝိုင်းကျင်းပ

**ပြည် ဒီဇင်ဘာ ၁၇**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်ခရိုင်ရုံး၌ ဒီဇင်ဘာ ၁၆ ရက် နံနက် ၉ နာရီက ပြည်မြို့စာပေချစ်မြတ်နိုးသူများအဖွဲ့၏ စာဖတ်ဝိုင်းကျင်းပခဲ့သည်။

စာဖတ်ဝိုင်းတွင် ဦးမြဝင်း(ပါမောက္ခချုပ်-ငြိမ်း)(စာရေးဆရာမြဝင်း- ဒဿန) ဦးဆောင်သော စာပေချစ်မြတ်နိုးသူများအဖွဲ့ဝင် စုစုပေါင်း ၂၁ ဦးတို့က "စာတတ်သူများ စာဖတ်ရေး" ခေါင်းစဉ်ဖြင့် ဒေသတွင်းစာတတ်သူများအားလုံး စာပေဖတ်ရှုလေ့လာရေးအတွက်ဆောင်ရွက်သွားရမည့် အခြေအနေများကိုဆွေးနွေးခြင်းနှင့် ၎င်းတို့ဖတ်ရှုလေ့လာထားသည့်စာပေဆိုင်ရာ အသိအမြင်များကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

အဆိုပါအဖွဲ့သည် ၂၀၁၈ခုနှစ် ဇွန် ၁၆ ရက်မှစတင်ကာ ပြည်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ လစဉ် စာဖတ်ဝိုင်းပြုလုပ်၍ သုတ၊ ရသ စာပေဆိုင်ရာအကြောင်းအရာများကို စဉ်ဆက်မပြတ် ဆွေးနွေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးကျော်ကြီး(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာစာရေးဆရာကလပ် ဗဟိုကော်မတီဝင်များနှင့် တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၁၇**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် မြန်မာစာရေးဆရာကလပ်မှ ဗဟိုကော်မတီဝင်များဖြစ်ကြသောဥက္ကဋ္ဌ ဦးကောင်းသန့်၊ ဒု-ဥက္ကဋ္ဌ (၁) ဒေါ်စမ်းစမ်းနွဲ့(သာယာဝတီ)၊ ဒု-ဥက္ကဋ္ဌ(၂) ဒေါက်တာခင်မောင်ညို၊ အတွင်းရေးမှူး ဦးထင်လင်းဦးနှင့် တွဲဖက်အတွင်းရေးမှူး(၂) ဒေါ်နှင်းဝေငြိမ်းတို့အား ယနေ့ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ညှိနှိုင်းခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် စာပေဆိုင်ရာ၊ ပြည်သူ့နီတိဆိုင်ရာ စာပေဟောပြောပွဲများ၊ စကားဝိုင်းများ ကျင်းပနိုင်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ မြန်မာစာရေးဆရာအသင်းမှ ဗဟိုကော်မတီဝင်များဖြစ်ကြသော ဥက္ကဋ္ဌ ဦးကောင်းသန့်၊ ဒု-ဥက္ကဋ္ဌ (၁) ဒေါ်စမ်းစမ်းနွဲ့(သာယာဝတီ)၊ ဒု-ဥက္ကဋ္ဌ(၂) ဒေါက်တာခင်မောင်ညို၊ အတွင်းရေးမှူး ဦးထင်လင်းဦးနှင့် တွဲဖက်အတွင်းရေးမှူး(၂) ဒေါ်နှင်းဝေငြိမ်းနှင့် တာဝန်ရှိသူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

# မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ပြည်သူများအား ပညာပေးလှုံ့ဆော်ရေးအဖွဲ့ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၇**

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ပြည်သူများအား ပညာပေးလှုံ့ဆော်ရေးအဖွဲ့၏ ဒုတိယအကြိမ်လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ဆွေးနွေးဆုံးဖြတ်ခဲ့**

အစည်းအဝေးတွင် ပြည်သူများအား ပညာပေးလှုံ့ဆော်ရေးအဖွဲ့ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၁၄ ရက်က ကျင်းပခဲ့ရာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး၊ ပညာပေးရေး၊ ကုသရေးနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်ရန် ခေတ်စနစ်နှင့် လျော်ညီသည့် အကောင်းဆုံး နည်းလမ်းများကို ရှာဖွေ၍ အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရန်၊ ပြည်သူများအား ပညာပေးလှုံ့ဆော်ရေးလုပ်ငန်းများ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် မူဝါဒနှင့် လုပ်ငန်းအစီအစဉ်များ ရေးဆွဲဆောင်ရွက်ခြင်းနှင့် ဆောင်ရွက်လျက်ရှိသည့် မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ၏ ရေတိုရေရှည် အကျိုးသက်ရောက်မှုများကို သိရှိစေရေး လေ့လာဆန်းစစ်မှုများဆောင်ရွက်ရန်၊ လေ့လာဆန်းစစ်ချက်များအရ ရရှိသည့်တွေ့ရှိချက်များအပေါ် အခြေခံ၍ ပညာပေးအစီအစဉ်များ ရေးဆွဲဆောင်ရွက်ခြင်းနှင့် လုပ်ငန်းခွင် မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေး လုပ်ငန်းစဉ်များ ရေးဆွဲဆောင်ရွက်ရန် စသည့်ဆုံးဖြတ်ချက်များကို ဆွေးနွေးဆုံးဖြတ်ခဲ့ကြကြောင်း။

**နည်းလမ်းသစ်များရှာဖွေ**

ပြောင်းလဲလာခဲ့သည့် အခြေအနေများနှင့်အညီ ပြည်သူများအား ထိရောက်စွာ ပညာပေးလှုံ့ဆော်ရေးလုပ်ငန်းသည် ကျယ်ပြန့်သည့်အတွက် ယခင်ဆွေးနွေးခဲ့မှုများကို အခြေခံ၍ နောက်ထပ်ဆောင်ရွက်ရန် လိုအပ်သည့်လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ထပ်မံဆွေးနွေးကြစေလိုပါကြောင်း၊ အထူးသဖြင့် ဆိုရှယ်မီဒီယာများနှင့် အွန်လိုင်းမီဒီယာများမှတစ်ဆင့် ထိရောက်သည့် ပညာပေးလှုံ့ဆော်ရေး နည်းလမ်းသစ်များ ရှာဖွေရေးကို ဆွေးနွေးကြစေလိုပါကြောင်း ပြောကြားသည်။



**အကြံပြုဆွေးနွေး**

ထို့နောက် တက်ရောက်လာသူများက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးနှင့် စပ်လျဉ်း၍ ပြည်သူများအား အသိပညာပေးလှုံ့ဆော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သင့်သည့် နည်းလမ်းသစ်များ အကျယ်တဝင့် အကြံပြုဆွေးနွေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ပြည်သူများအား အသိပညာပေးလှုံ့ဆော်ရေးနှင့် စပ်လျဉ်း၍ ထပ်မံကျင်းပမည့် အစည်းအဝေးများတွင် အခြားပါဝင်သင့်သည့် အဖွဲ့အစည်းများကို စဉ်းစားရွေးချယ်ပြီး ဖိတ်ကြားစေလိုပါကြောင်း၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးနှင့် စပ်လျဉ်း၍ပြည်သူများအား အသိပညာပေးလှုံ့ဆော်ရေး အမျိုးသားအဆင့် အသိပညာပေးပြပွဲ ဆောင်ရွက်နိုင်ရန် ကြိုးပမ်းလုပ်ဆောင်သွားရန် လိုအပ်ပါကြောင်းပြောကြားပြီး အစည်းအဝေးကို ရပ်နားခဲ့သည်။

**တက်ရောက်**

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံသတင်းစာဆရာများအသင်း၊ Forever Group Co. Ltd. နှင့် Inforithm-Maze Ltd. တို့မှ တာဝန်ရှိသူများနှင့် အထူးဖိတ်ကြားထားသည့် ပြင်ပပညာရှင်များ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ပုဏ္ဏားကျွန်းမြို့နယ် အောက်သင်ပုန်းတန်းကျေးရွာရှိ နယ်မြေလုံခြုံရေးအခြေအနေကြောင့် နေရပ်စွန့်ခွာ ယာယီခိုလှုံနေသူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**စစ်တွေ ဒီဇင်ဘာ ၁၇**

ပြည်နယ်ကြက်ခြေနီအသင်းနှင့် စစ်တွေခရိုင် စီမံခန့်ခွဲမှုကော်မတီတို့မှ တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ပုဏ္ဏားကျွန်းမြို့နယ် အောက်သင်ပုန်းတန်းကျေးရွာရှိ နယ်မြေလုံခြုံရေးအခြေအနေကြောင့် နေရပ်စွန့်ခွာ ယာယီခိုလှုံနေသူများအား သွားရောက်တွေ့ဆုံ၍ အားပေးစကားပြောကြားပြီး ဆန်နှင့် အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်ကြသည်။

ယနေ့တွင် အောက်သင်ပုန်းတန်းကျေးရွာရှိ နယ်မြေလုံခြုံရေးအခြေအနေကြောင့် နေရပ်စွန့်ခွာ ယာယီခိုလှုံနေသူ အိမ်ထောင်စု ၅၈ စုအတွက် ပုဏ္ဏားကျွန်းမြို့နယ် စီမံခန့်ခွဲမှုကော်မတီနှင့် မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများမှ အလှူရှင်များ၏ ထောက်ပံ့မှုဖြင့် ဆန်အိတ် ၃၀၊ ပြည်နယ်ကြက်ခြေနီနှင့် ခရိုင်စီမံခန့်ခွဲမှုကော်မတီမှ မိသားစုသုံးပစ္စည်းပုံး ၅၈ ပုံး၊ တစ်ကိုယ်ရေသုံးကျန်းမာရေးပစ္စည်းပုံး ၅၈ ပုံး၊ မီးဖိုချောင်သုံးပစ္စည်းပုံး ၅၈ ပုံးနှင့် မိုးကာအချပ် ၆၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြသည်။ **(ယာပုံ)**

ဒီဇင်ဘာ ၁၆ ရက်ကလည်း အောက်သင်ပုန်းတန်းကျေးရွာရှိ နယ်မြေလုံခြုံရေးအခြေအနေကြောင့် နေရပ်စွန့်ခွာ ယာယီခိုလှုံနေသူ အိမ်ထောင်စု ၅၈ စုအတွက် ပုဏ္ဏားကျွန်းမြို့နယ် စီမံခန့်ခွဲမှုကော်မတီနှင့် မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများမှ အလှူရှင်များ၏ ထောက်ပံ့မှုဖြင့် ဆန်အိတ် ၂၀၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ပစ္စည်းလေးမျိုးနှင့် ဆန်ရိက္ခာဖိုး ငွေကျပ် ၆၀၉၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်း- မော်စီ၊ ကိုမင်း**
**ဓာတ်ပုံ- ပုဏ္ဏားကျွန်း(ပြန်/ဆက်)**



# အာမခံလုပ်သား ၁ ဒသမ ၂၅ သန်းအတွက် လူမှုဖူလုံရေးအကျိုးခံစားခွင့်များ အပြည့်အဝရရှိစေရန် ကြိုးပမ်းနေ

**နေပြည်တော် ဒီဇင်ဘာ ၁၇**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့သည် အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့အစည်းအဝေး (၂/၂၀၁၈)ကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော် ရုံးအမှတ်(၅၁) အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန စုဝေးခန်းမကြီး၌ အာမခံအလုပ်သမားများအတွက် လူမှုဖူလုံရေးခံစားခွင့်များ ပိုမိုတိုးတက်ရရှိစေရန် ရည်ရွယ်ကျင်းပခဲ့သည်။ **(ယာပုံ)**



အခမ်းအနားတွင် အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့ဥက္ကဋ္ဌ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက အမှာစကားပြောကြားရာ၌ ပြည်ထောင်စုဝန်ကြီးက World Social Protection Report အရ ယနေ့ ကမ္ဘာပေါ်ရှိ လူဦးရေ ၄၅ ရာခိုင်နှုန်းသာ လူမှုကာကွယ်စောင့်ရှောက်ရေး ခံစားရပါကြောင်း၊ ယင်း ၄၅ ရာခိုင်နှုန်းတွင် ၂၉ ရာခိုင်နှုန်းသာ အခွင့်အရေးများ အပြည့်အဝရရှိပါကြောင်း၊ မကြာမီက ဖြစ်ပေါ်ခဲ့သည့် စီးပွားရေးအကျပ်အတည်းများသည် နိုင်ငံအဆင့်နှင့် ဒေသအဆင့်တို့၌ လူမှုကာကွယ်စောင့်ရှောက်မှု တိုးချဲ့ဆောင်ရွက်ရန် လိုအပ်မှုကို မီးမောင်းထိုးထောက်ပြလျက်ရှိပါကြောင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေးသည် ကြီးမားကျယ်ပြန့်သည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပြီး လူမှုဘဝလုံခြုံမှုအတွက် ရှုထောင့်ပေါင်းစုံက လုပ်ဆောင်ရာတွင် လူမှုဖူလုံရေးအဖွဲ့သည် အရေးကြီးသည့်အခန်းကဏ္ဍမှာ ပါဝင်နေကြောင်း ထည့်သွင်းပြောကြားသည်။

နိုင်ငံတော်၏ ပြောင်းလဲတိုးတက်လာသော လူမှုစီးပွားရေးအခြေအနေနှင့်အညီ အာမခံအလုပ်သမားများအား ပိုမိုထိရောက်သော အကျိုးခံစားခွင့်များပေးနိုင်ရန်အတွက် ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေကို အသစ်ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၄ ခုနှစ် ဧပြီ ၁ ရက်နေ့မှစ၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်မှာ ယခုအခါ လေးနှစ်ကျော်ကာလရှိပြီဖြစ်ကြောင်း သိရှိရပြီး နိုင်ငံတကာတွင် လူမှုအကာအကွယ်ပေးရေးအစီအစဉ်ကို ပုံစံနှစ်မျိုးဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ လူမှုဖူလုံရေးအဖွဲ့အနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လူမှုဖူလုံရေးစီမံကိန်းသည် အလုပ်ရှင်၊ အလုပ်သမားများ၏ ထည့်ဝင်ကြေးကောက်ခံပြီးဆောင်ရွက်သည့် Social Insurance အစီအစဉ်ဖြစ်သည်။

**စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရန်ရည်ရွယ်**

လူမှုဖူလုံရေးအဖွဲ့မှ အလုပ်သမားများ၏ ကျန်းမာရေးနှင့်လူမှုရေးလိုအပ်ချက်များကို အလုပ်ရှင်၊ အလုပ်သမားနှင့် နိုင်ငံတော်က စုပေါင်းအာမခံထားပြီး ဥပဒေနှင့်အညီ ဖြည့်ဆည်းပေးခြင်းအားဖြင့် နိုင်ငံတော်၏ အဓိက ကုန်ထုတ်စွမ်းအားစုဖြစ်သည့် အလုပ်သမားများ၏ လူမှုဘဝလုံခြုံရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုတွေကို ပိုမိုခံစားရရှိစေခြင်းဖြင့် ကုန်ထုတ်လုပ်မှုတိုးတက်ပြီး နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရန် ရည်ရွယ်ထားသည်။

"လူမှုဖူလုံရေးအဖွဲ့ကနေ လူမှုဖူလုံရေးစီမံကိန်းကို အကောင်အထည်ဖော်တဲ့နေရာမှာ အကျုံးဝင် အာမခံအလုပ်သမားပေါင်း ၁ ဒသမ ၂၅ သန်းခန့်ရဲ့ ကျန်းမာရေးစောင့်ရှောက်မှုနဲ့ အကျိုးခံစားခွင့်တွေကိုရရှိစေဖို့ မြို့နယ်ပေါင်း ၁၁၆ မြို့နယ်မှာ အလုပ်သမားဆေးရုံကြီး သုံးရုံ၊ ခရိုင်ရုံး လေးရုံး၊ မြို့နယ်ရုံး ၇၈ ရုံး၊ မြို့နယ်ဆေးခန်းပေါင်း ၉၆ ခန်း၊ ဌာနကြီးဆေးခန်း ၅၅ ခန်း၊ လူမှုဖူလုံရေး-ကဲလ်ဝဲဆေးခန်း လေးခန်း၊ တိုင်းရင်းဆေးကုခန်း တစ်ခန်းနဲ့ လူမှုဖူလုံရေးအဖွဲ့နှင့် ပုဂ္ဂလိက စာချုပ်ချုပ်ဆိုတဲ့ PPS စနစ်နဲ့ ဆေးခန်းသုံးခန်းတို့အပြင် ရွေ့လျားဆေးကုသယာဉ် (MMU) တွေနဲ့ အကောင်အထည်ဖော်နေတယ်" ဟု ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ဆက်လက်ပြောကြားသည်။

**အကောင်အထည်ဖော်ဆောင်ရွက်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်၌ လူမှုဖူလုံရေးစီမံကိန်းကို ပေါင်းစည်းဆောင်ရွက်နိုင်ရန်အတွက် လည်းကောင်း၊ အခြားဝန်ကြီးဌာနများ၊ ကျွမ်းကျင်သူပညာရှင်များနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပြီး လူမှုဖူလုံရေးစီမံကိန်းကို ခေတ်မီ ICT နည်းပညာများ အသုံးပြုပြီး အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် နိုင်ငံအတွင်းရှိ ဆေးရုံ၊ ဆေးခန်းများနှင့် ပူးပေါင်း၍ Provider- Purchaser Split ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးတို့အတွက် မြိတ်၊ တောင်ကြီးနှင့် မြစ်ကြီးနားတို့တွင် Pilot Project အနေဖြင့် ဆေးခန်း သုံးခန်းကို ယခုနှစ်ဧပြီလက ဖွင့်လှစ်ခဲ့ကြောင်း အဆိုပါအခမ်းအနားမှ သိရှိရသည်။

မြန်မာနိုင်ငံ လူမှုဖူလုံရေးအဖွဲ့သည် အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ လူမှုဖူလုံရေးအဖွဲ့အစည်းများဖြစ်သည့် International Social Security Association- ISSA နှင့် ASEAN Social Security Association- ASSA တို့တွင် အဖွဲ့ဝင်အဖြစ်ပါဝင်ပြီး ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာတို့နှင့် ပူးပေါင်း၍ လူမှုဖူလုံရေးစီမံကိန်းကို နိုင်ငံတကာစံနှုန်းများနှင့်အညီ မြှင့်တင်ဆောင်ရွက်နိုင်ရန်နှင့် အဖွဲ့ဝင်နိုင်ငံများအကြား အသိပညာအတွေ့အကြုံနှင့် ကျွမ်းကျင်မှုဖလှယ်နိုင်ရေး ပူးပေါင်းဆောင်ရွက်နေပြီး ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေး ဥပဒေနှင့်အညီ လူမှုဖူလုံရေးစီမံကိန်းကို အကောင်အထည်ဖော်ရာတွင် မူဝါဒများချမှတ်ခြင်း၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ ဆွေးနွေးညှိနှိုင်းသတ်မှတ်ခြင်းတို့အတွက် အမျိုးသားအဆင့်လူမှုဖူလုံရေးအဖွဲ့ကို အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းပြီး အစည်းအဝေးများကို ကျင်းပပြုလုပ်ခဲ့ရာ ယခုအစည်းအဝေးသည် (၇)ကြိမ်မြောက် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ယခုအစည်းအဝေးတွင် တက်ရောက်လာကြသည့် ကိုယ်စားလှယ်တော်ကြီးများ၏ ကျွမ်းကျင်မှု၊ ရင့်ကျက်သည့် အတွေးအခေါ်အမြော်အမြင်၊ အတွေ့အကြုံကောင်းများကို မျှဝေပေးပြီး ပွင့်ပွင့်လင်းလင်း ညှိနှိုင်းဆွေးနွေးပြီး အကြံဉာဏ်ကောင်းများ မျှဝေသွားရန် တိုက်တွန်းပြောကြားလိုကြောင်း ပြည်ထောင်စုဝန်ကြီးက အမှာစကားအတွင်း ထည့်သွင်းပြောကြားသည်။

**ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန်လို**

မြန်မာနိုင်ငံ လူမှုဖူလုံရေးအဖွဲ့သည် အပြည်ပြည်ဆိုင်ရာတွင် ဖြစ်ပေါ်နေသည့် လူမှုဖူလုံရေးအဖွဲ့အစည်းများကဲ့သို့ ပြောင်းလဲဖြစ်ပေါ်တိုးတက်မှုများနှင့်အညီ လျှောက်လှမ်းရမည့် အနာဂတ်လမ်းခရီးမှာလည်း အခက်အခဲများ၊ စိန်ခေါ်မှုများစွာ တွေ့ကြုံရမည်ဖြစ်သည့်အတွက် ယခုအစည်းအဝေးကို တက်ရောက်လာကြသည့် အဖွဲ့ဝင်ကိုယ်စားလှယ်တော်ကြီးများသည် နိုင်ငံတော်၊ အလုပ်ရှင်၊ အလုပ်သမားများ အားလုံး၏ အကျိုးကို ရှေးရှုပြီး မည်သည့် အခက်အခဲ စိန်ခေါ်မှုများကြုံစေကာမူ လက်တွဲမဖြုတ်ဘဲ မိမိတို့နှင့်အတူ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် ပြည်ထောင်စုဝန်ကြီးက မှာကြားသည်။

ဆက်လက်၍ လူမှုဖူလုံရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်အေးက လူမှုဖူလုံရေးအဖွဲ့အစည်းအဝေး (၁/၂၀၁၈) ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ပြီးစီးမှုနှင့် ရှေ့လုပ်ငန်းစဉ်များကို လည်းကောင်း၊ လူမှုဖူလုံရေးအဖွဲ့၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များက သက်ဆိုင်ရာဌာနခွဲများ၏ လုပ်ငန်းဆောင်ရွက်ချက်များအား ရှင်းလင်းတင်ပြခြင်း၊ အစည်းအဝေးတက်ရောက်လာသူများက အကြံပြုဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြပြီး လူမှုဖူလုံရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်က အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ပြန်လည်အတည်ပြုခဲ့ပြီးနောက် အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့ဥက္ကဋ္ဌ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

ယနေ့ ကျင်းပပြုလုပ်ခဲ့သည့် အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့အစည်းအဝေး (၂/၂၀၁၈)တွင် လုပ်ငန်းဆောင်ရွက်ချက် တင်ပြခြင်း ၃၂ စောင်နှင့် ဆုံးဖြတ်ရန်အချက် ၁၀ ချက်တို့အား သဘောတူအတည်ပြုခြင်းများ၊ ရှေးလုပ်ငန်းစဉ်များကို ချမှတ်ခြင်းများ ဆောင်ရွက်ခဲ့ကြပြီး အခမ်းအနားသို့ အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့ဥက္ကဋ္ဌ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့ဝင် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

**သတင်း-ခင်ရတနာ၊ ဓာတ်ပုံ-သော်တာဝင်း**

## ပင်လယ်ပြင်၌ လှိုင်းလေပြင်း၍ တနင်္သာရီကမ်းဝေးငါးဖမ်းရေယာဉ်များ ဟိုင်းကြီးကျွန်းဘက် စုရုံးရောက်ရှိလာ

**ဟိုင်းကြီးကျွန်း ဒီဇင်ဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ ကံချိုင်ကျေးရွာအုပ်စု ဘန့်ဘွေးကျေးရွာပင်လယ်ကမ်းခြေအနီးတွင် ပင်လယ်ပြင်၌ လှိုင်းလေပြင်းသောကြောင့် အလုပ်မလုပ်နိုင်သည့်အတွက် တနင်္သာရီဘက်မှ ကမ်းဝေးငါးဖမ်းရေယာဉ်များ ဒီဇင်ဘာ ၁၅ ရက်ခန့်မှစ၍ စုရုံးရောက်ရှိလာကာ ကျောက်ချရပ်နားလျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**



ယခုရက်ပိုင်းတွင် ဘင်္ဂလားပင်လယ်အော်အတွင်း ဖြစ်ပေါ်နေသော အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း ဖီထိုင်း၏ အရှိန်ကြောင့် ပင်လယ်ပြင်တွင် လှိုင်းလေပြင်းနေသည့်အတွက် ဒေသအခေါ် (ဒုံး) တနင်္သာရီကမ်းဝေးငါးဖမ်း ရေယာဉ်များ လာရောက်ခိုလှုံနေကြခြင်းဖြစ်ကြောင်း ဒေသခံတစ်ဦးက ပြောသည်။

ဘန့်ဘွေးကျေးရွာအနီး ပင်လယ်ကမ်းခြေသည် ကမ်းတက်ကောင်းမွန်သည့်အပြင် ပင်လယ်ပြင်မှ ငါးဖမ်းရေယာဉ်များနှင့် ပင်လယ်ထွက် ငါး၊ ပုစွန်များကို အရောင်းအဝယ်ပြုလုပ်ကြသည့် နေရာလည်းဖြစ်သည့်အတွက် ပွင့်လင်းရာသီ ရောက်ရှိလာပါက အလွန်စည်ကားပြီး ပင်လယ်ပြင်၌ ရာသီဥတုဆိုးရွားလာပါက ငါးဖမ်းရေယာဉ်များ စုရုံးရောက်ရှိလာတတ်ကြောင်း ဒေသခံများထံမှ သိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**


## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းတန်ဖိုးနည်းအိမ်ရာ၊ အခန်း(၁၀၄)၊ တိုက်(၁၀)တွင် ပါတီရုံးချုပ်တည်ရှိသော **ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ** သည် ယင်းပါတီ၏ တံဆိပ်ကို ဖော်ပြပါအတိုင်း ပြောင်းလဲအသုံးပြုမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီ၏တံဆိပ်ကို ကန့်ကွက်လိုက ယခု ကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄(ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ၏ တံဆိပ်ပုံစံ**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**



## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သည့် မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ ၄၀×၄၁ နှင့် ၆၇×၆၈ လမ်းကြား၊ ကုံကော်လမ်း၊ အမှတ် (ခ-၁/၇၀-ခ)တွင် ပါတီရုံးချုပ်တည်ရှိသော **ရှမ်းနီ(တိုင်းလိုင်)နှင့် မြောက်ပိုင်းရှမ်းမျိုးနွယ်စုများသွေးစည်းညီညွတ်ရေးပါတီ** သည် ယင်းတို့၏ ပါတီအမည်အား **ရှမ်းနီ(တိုင်းလိုင်) အမျိုးသားများပါတီ [Shan-ni Nationalities Party (SNP)]** ဟု အမည်ပြောင်းလဲခွင့်ပြုပါရန်နှင့် ပါတီတံဆိပ်ကိုလည်း ဖော်ပြပါအတိုင်း ပြောင်းလဲအသုံးပြုမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြလာပါသည်။

၂။ ယင်းသို့ တင်ပြလျှောက်ထားလာသည့် **ရှမ်းနီ(တိုင်းလိုင်)အမျိုးသားများပါတီ [Shan-ni Nationalities Party (SNP)]** ဟူသည့် အမည်နှင့် ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီတံဆိပ်ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄(ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ရှမ်းနီ(တိုင်းလိုင်)အမျိုးသားများပါတီ [Shan-ni Nationalities Party (SNP)]၏ တံဆိပ်ပုံစံ**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

(၁၉) ကြိမ်မြောက် အရှေ့တောင်အာရှတက္ကသိုလ်များ
အားကစားပြိုင်ပွဲ - ၂၀၁၈
ဒီဇင်ဘာ ၁၀-၁၉
ဆုတံဆိပ်ရရှိမှု

ရက်စွဲ - ၁၇-၁၂-၂၀၁၈

| အဆင့် | နိုင်ငံအမည် | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | ထိုင်း | ၅၅ | ၅၀ | ၃၅ | ၁၄၀ |
| ၂။ | အင်ဒိုနီးရှား | ၄၀ | ၃၅ | ၂၇ | ၁၀၂ |
| ၃။ | မလေးရှား | ၃၄ | ၄၂ | ၄၃ | ၁၁၉ |
| ၄။ | မြန်မာ | ၂၄ | ၂၂ | ၂၅ | ၇၁ |
| ၅။ | ဗီယက်နမ် | ၁၄ | ၇ | ၆ | ၂၇ |
| ၆။ | လာအို | ၆ | ၈ | ၁၀ | ၂၄ |
| ၇။ | စင်ကာပူ | ၅ | ၁၁ | ၁၈ | ၃၄ |
| ၈။ | ကမ္ဘောဒီးယား | ၃ | ၇ | ၁၁ | ၂၁ |
| ၉။ | တီမောလက်စ်တေ | ၂ | | | ၂ |
| ၁၀။ | ဖိလစ်ပိုင် | ၁ | | | ၁ |
| ၁၁။ | ဘရူနိုင်း | | | | |
| | စုစုပေါင်း | ၁၈၅ | ၁၈၁ | ၁၇၅ | ၅၄၁ |

# မြန်မာတက္ကသိုလ်မြားပစ်အဖွဲ့ ငွေတစ်ခု၊ ကြေးနှစ်ခု ထပ်မံဆွတ်ခူး

**ရန်ကုန် ဒီဇင်ဘာ ၁၇**

(၁၉) ကြိမ်မြောက် အရှေ့တောင်အာရှတက္ကသိုလ်အားကစားပြိုင်ပွဲ မြားပစ်ပြိုင်ပွဲ နောက်ဆုံးနေ့ကို ယနေ့နံနက်နှင့် ညနေပိုင်းက ကျင်းပရာ မြန်မာမြားပစ်အဖွဲ့က ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်နှစ်ခုထပ်မံ ဆွတ်ခူးရရှိခဲ့သည်။

မြားပစ်ပြိုင်ပွဲ နောက်ဆုံးနေ့တွင် အသင်းလိုက်ပြိုင်ပွဲနှင့် Mix- Team ပြိုင်ပွဲ ကျင်းပခဲ့ပြီး မြန်မာမြားပစ်အဖွဲ့မှာ ဆုတံဆိပ်သုံးခု ရယူနိုင်ခဲ့ခြင်း ဖြစ်သည်။ မြန်မာမြားပစ်အဖွဲ့အတွက် ငွေတံဆိပ်ဆုကို အမျိုးသမီး Compound အသင်း၊ ကြေးတံဆိပ်နှစ်ခုကို Recurve အသင်းလိုက် အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းတို့က ရယူနိုင်ခဲ့ခြင်း ဖြစ်သည်။ အမျိုးသမီး Compound အသင်းလိုက် ပြိုင်ပွဲတွင် မြန်မာအသင်းသည် ဆီမီးဖိုင်နယ်တွင် ထိုင်းအသင်းနှင့် တွေ့ဆုံခဲ့ပြီး ၂၁၇-၂၁၀ မှတ်ဖြင့် အနိုင်ရခဲ့သည်။

ဗိုလ်လုပွဲတွင် မလေးရှားအသင်းနှင့် တွေ့ဆုံခဲ့ပြီး ၂၂၂- ၂၀၇ မှတ်ဖြင့် ရှုံးနိမ့်ခဲ့သောကြောင့် မြန်မာအသင်းသည် ငွေတံဆိပ်ဖြင့် ကျေနပ်ခဲ့ရခြင်းဖြစ်သည်။ ငွေတံဆိပ်ရခဲ့သည့် မြန်မာအသင်းတွင် လှလှစံ၊ စုစုလှိုင်နှင့် ခက်ခက်တုန်တို့ ပါဝင်ခဲ့သည်။

ပြိုင်ပွဲအပြီးတွင် မြန်မာမြားပစ်အဖွဲ့က ရွှေတစ်ခု၊ ငွေတစ်ခု၊ ကြေးနှစ်ခု ဆွတ်ခူးရရှိခဲ့သည်။

**ညီမြတ်သော်တာ**



# အာဆီယံတက္ကသိုလ်များအားကစားပြိုင်ပွဲ၌ မြန်မာကရာတေးအသင်း ရွှေတံဆိပ်ဆု ခြောက်ဆုဆွတ်ခူးကာ သမိုင်းမှတ်တိုင်သစ်စိုက်ထူ

နေပြည်တော် ဒီဇင်ဘာ ၁၇

**(၁၉)ကြိမ်မြောက် အရှေ့တောင်အာရှတက္ကသိုလ်များ အားကစားပြိုင်ပွဲ ဒသမနေ့ကို ယနေ့နံနက်ပိုင်းမှစတင်ကာ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားကွင်း၊ အားကစားရုံများတွင် ကျင်းပရာ အိမ် ရှင်မြန်မာအသင်းက ကရာတေးအားကစားနှင့် ဗိုဗီနမ်အားကစားတို့တွင် ရွှေတံဆိပ်ဆုများ ဆွတ်ခူးရရှိခဲ့သည်။**

ယနေ့တွင် ပိုက်ကျော်ခြင်း၊ မြားပစ်၊ ပီတန်း၊ ပြေးခုန်ပစ်၊ ဘတ်စကက်ဘော၊ ကရာတေး၊ စားပွဲတင်တင်းနစ်၊ ဗိုဗီနမ်နှင့် စစ်တုရင်ပြိုင်ပွဲများကို ကျင်းပခဲ့ပြီး အိမ်ရှင်မြန်မာအသင်းက ကရာတေးပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုနှစ်ဆု ထပ်မံဆွတ်ခူးရရှိခဲ့ကာ၊ ဗိုဗီနမ်အားကစားတွင် ရွှေတံဆိပ်ဆုသုံးဆု ရရှိခဲ့ကြောင်း သိရသည်။

မြန်မာကရာတေးအသင်းအနေဖြင့် အမျိုးသမီး (50 kg) တစ်ဦးချင်းပြိုင်ပွဲတွင် မဇင်အေးက ရွှေတံဆိပ်ဆုရရှိခဲ့ပြီး၊ အမျိုးသား (60 kg) တစ်ဦးချင်းပြိုင်ပွဲတွင် မောင်အောင်ခင်စစ်က ရွှေတံဆိပ်ဆုရရှိခဲ့သည်။

ကရာတေး အားကစားနည်းမှ မြန်မာအသင်းသည် ယမန်နေ့ညက ရွှေတံဆိပ်ဆု လေးဆုရရှိခဲ့ပြီး ယနေ့ပြိုင်ပွဲတွင်လည်း ရွှေတံဆိပ်ဆုနှစ်ဆု ထပ်မံရရှိခဲ့ခြင်းလည်း ဖြစ်သည်။

ယခုကဲ့သို့ ရွှေတံဆိပ်ဆုများ ရရှိအောင်လေ့ကျင့်ပေးခဲ့ပုံကို မြန်မာနိုင်ငံကရာတေးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်က " ကရာတေး အားကစားဆိုတာကာလတိုအတွင်း လေ့ကျင့်လို့ရတာ မဟုတ်ပါဘူး။ ကာလရှည် လေ့ကျင့်လာလို့ အခုလိုအောင်မြင်မှုရရှိတာ ဖြစ်ပါတယ်။ ကလေးတွေကို စခန်းသွင်းလေ့ကျင့်လာတာ တစ်နှစ်နီးပါးရှိနေပါပြီ။ သူတို့လည်း တော်တော်လေးပင်ပန်းသလိုကြိုးလည်း ကြိုးစားပါတယ်။ အဓိကအားဖြင့် စိတ်ဓာတ်ရေးရာ မြှင့်တင်ဖို့အတွက် စိတ်ဓာတ်ပိုင်းကို အမြဲတမ်းမြှင့်တင်ပေးခဲ့ပါတယ်။ ဒါကြောင့်မို့ ဒီကလေးတွေဟာ လေ့ကျင့်မှုအပိုင်းတွေ၊ ကြိုးစားမှုအပိုင်းပါ၊ စိတ်ဓာတ်ပိုင်းရော အားလုံးပြည့်စုံပြီးမှ အောင်မြင်မှုကို ရရှိခဲ့ခြင်းဖြစ်ပါတယ်" ဟု ပြောသည်။

ဆက်လက်၍ ၎င်းက "ကျွန်တော်တို့ ကရာတေးသမိုင်းမှာ ဒီလိုအောင်မြင်မှုဟာ သမိုင်းဝင်မှတ်တိုင်ဖြစ်ပါတယ်။ အခုလိုအောင်မြင်မှုတွေ များများရတဲ့အတွက်အဖွဲ့ချုပ်ရဲ့ဥက္ကဋ္ဌ တစ်ယောက်အနေနဲ့ပါ တာဝန်ရှိသူတစ်ယောက်အနေနဲ့ပါ ကျွန်တော်တို့မှာ တာဝန်အင်မတန်ကြီးပါတယ်။ ဒီအောင်နိုင်မှုတွေကို ဆက်ထိန်းထားနိုင်ဖို့အတွက်လည်း ဆက်ကြိုးစားရမှာ ဖြစ်ပါတယ်" ဟုပြောသည်။

အမျိုးသားတစ်ဦးချင်း (60 kg) တန်းတွင် ရွှေတံဆိပ်ဆုရရှိခဲ့သည့် မောင်အောင်ခင်စစ်က ၎င်း၏လေ့ကျင့်ခဲ့ရပုံနှင့် ဝမ်းသာပီတိစကားကို ပြောကြားရာတွင် "ရွှေတံဆိပ်ဆုရတဲ့ အတွက် လွန်စွာဝမ်းသာပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်ပိတ်ရက်တွေ ဖြစ်တဲ့ တနင်္ဂနွေနေ့တွေတောင် မနားခဲ့ပါဘူး။ ဖုန်းသုံးချင်ပေမယ့် နည်းပြတွေရဲ့ လေ့ကျင့်ပေးမှုတွေကြားမှာ မသုံးခဲ့ပါဘူး။ အဲဒီအတွက် ဝမ်းနည်းခဲ့ရပါတယ်။ ဒါပေမယ့် ခံယူချက်ထားပြီး ကျော်ဖြတ်ခဲ့ပါတယ်။ လုပ်နိုင်ပါ့မလားလို့လည်း စိတ်ဓာတ်ကျဖူးပါတယ်။ အဲသလို စိတ်ဓာတ်ကျနေတဲ့အချိန်တွေဆို နည်းပြမရှိပေမယ့်တစ်ယောက်တည်း လေ့ကျင့်ခဲ့ပါတယ်။ လုပ်နိုင်ပါ့မလား စိုးရိမ်ခဲ့ပေမယ့် ကိုယ့်ရဲ့စိတ်ဓာတ်နဲ့ အကောင်းဆုံးနဲ့ လုပ်ပြမယ်လို့ စိတ်ဆုံးဖြတ်ပြီး ကစားခဲ့တာပါ။ လုပ်သမျှ တကယ်ဖြစ်လာတဲ့အတွက် ဝမ်းသာပါတယ်" ဟု ပြောသည်။

ဆက်လက်၍ ကရာတေးအားကစားနည်းဖြင့် ပထမနေ့တွင် ရွှေတံဆိပ်နှစ်ခု ဆွတ်ခူးခဲ့ပြီး ယနေ့တွင်လည်း ရွှေတံဆိပ်ဆုထပ်မံရရှိခဲ့သည့် မသဇင်အေးက "ရွှေတံဆိပ်ဆုရရှိဖို့ တခြားသူတွေထက်နှစ်ဆလောက် လေ့ကျင့်ခဲ့ရတယ်။ အတိုက်ရော အပြပါ ဝင်ပြိုင်တဲ့အတွက် အပြအချိန်လေ့ကျင့်ပြီးရင် အတိုက်အချိန်ဆက်ပြီး လေ့ကျင့်ခန်းဆင်းခဲ့ရပါတယ်။ ညနေပိုင်းတွေမှာဆိုလည်း အတိုက်သို့မဟုတ် အပြတစ်ခုအမြဲလေ့ကျင့် ခဲ့ရပါတယ်။ တော်တော် ပင်ပန်းခဲ့ပါတယ်။ ပြီးတော့ ကိုယ့်နိုင်ငံမှာ လုပ်တဲ့အတွက် ကိုယ့်နိုင်ငံအလံကို အလေးပြုရတာကိုလည်း ဂုဏ်ယူမိပါတယ်။ တစ်ယောက်တည်း ကြိုးစားလို့ ဒီလိုဆုရတာ မဟုတ်ပါဘူး။ အဖွဲ့ချုပ်ရော၊ ဥက္ကဋ္ဌတွေရော၊ AC အဖွဲ့တွေပါ၊ ဝန်ကြီးဌာနက တာဝန်ရှိသူတွေရော၊ လေ့ကျင့်ဖော်တွေရော အကုန်ပံ့ပိုးကူညီပေးကြလို့ ရွှေတံဆိပ်ဆု ရရှိခဲ့တာပါ" ဟု ၎င်း၏ဝမ်းသာပျော်ရွှင်မှုကို ပြောသည်။

မြန်မာတက္ကသိုလ် ကရာတေးအသင်းအနေဖြင့် အသင်းလိုက်ပြိုင်ပွဲများအား ယနေ့တွင် ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ရွှေတံဆိပ်ဆုများ ရရှိရန် မျှော်မှန်းထားကြောင်းလည်း သိရသည်။

ဒသမနေ့ပြိုင်ပွဲများအပြီး ဆုတံဆိပ်ရရှိမှုဇယားအရ ထိုင်းနိုင်ငံက ပထမနေရာတွင် ရပ်တည်လျက်ရှိပြီး အိမ်ရှင်မြန်မာအသင်းက အင်ဒိုနီးရှား၊ မလေးရှားတို့နောက်တွင် စတုတ္ထနေရာမှ ရပ်တည်လျက်ရှိသည်။

**ဟန်လင်းနိုင်**



မြန်မာကရာတေးအသင်းအမျိုးသမီး (50 kg) တစ်ဦးချင်းပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်နေစဉ်။

# ကမ္ဘာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှုတံခွန်စိုက်ပြိုင်ပွဲတွင် မြန်မာအားကစားသမားများ ငွေနှစ်ခု၊ ကြေးတစ်ခုဆွတ်ခူးရရှိ

**ရန်ကုန် ဒီဇင်ဘာ ၁၇**

(၁၀)ကြိမ်မြောက် ကမ္ဘာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှုတံခွန်စိုက် (10th`World Bodybuilding And Physique Sports Championship 2018) ပြိုင်ပွဲကို ဒီဇင်ဘာ ၁၁ ရက်မှ ၁၇ ရက်အထိ ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံကိုယ်စားပြု လက်ရွေးစင်အားကစားသမားများ ငွေနှစ်ခု၊ ကြေးတစ်ခုဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် ၅၅ ကီလိုတန်း၌ အိန္ဒိယက ပထမ၊ မြန်မာမှ ထွန်းထွန်းအောင်က ဒုတိယ၊ ဗီယက်နမ်က တတိယ၊ ကျော်မင်းသန်းက စတုတ္ထနေရာရရှိပြီး မာစတာတန်းပြိုင်ပွဲတွင် ထွန်းမင်းက ဒုတိယ (ငွေတံဆိပ်)နှင့် ၆၅ ကီလိုတန်း၌ စတုတ္ထဆု၊ အမျိုးသမီး ၁၆၅ စင်တီမီတာအောက်တွင် နှင်းနှင်းအေးက တတိယ (ကြေးတံဆိပ်)ရရှိပြီး အမျိုးသား+အမျိုးသမီးပြိုင်ပွဲတွင် ထွန်းထွန်းအောင်နှင့် နှင်းနှင်းအေးတို့က ပဉ္စမနေရာရရှိခဲ့ကြသည်။

**နိုင်ငံပေါင်း ၅၂ နိုင်ငံပါဝင်**

ယင်းပြိုင်ပွဲတွင် ကမ္ဘာ့နိုင်ငံ၊ အာရှ၊ အရှေ့တောင်အာရှနိုင်ငံတို့မှ နိုင်ငံပေါင်း ၅၂ နိုင်ငံပါဝင်ပြီး ပြိုင်ပွဲပေါင်း ၂၀ ကျော် ကျင်းပခဲ့ကြောင်း သိရသည်။

" ဒီနှစ် ပြိုင်ပွဲက ကစားသမားတွေ ပိုကောင်းလာကြတယ်။ လေ့ကျင့်မှုနဲ့ နည်းစနစ်ပိုင်းတွေ တိုးတက်လာကြတယ်။ ထွန်းထွန်းအောင်ဆိုရင် ၆၀ ကီလိုတန်းမှာ ဆုမရနိုင်လို့ ၅၅ ကီလိုတန်းဆင်းပြီး ယှဉ်ပြိုင်တာ ဒုတိယပဲရတယ်။ ကျွန်တော်လည်း ၆၅ ကီလိုတန်းမှာ ကြိုးစားယှဉ်ပြိုင်ခဲ့ပေမယ့်စတုတ္ထနဲ့ပဲ ကျေနပ်ခဲ့ရတယ်။ မာစတာတန်းပြိုင်ပွဲမှာလည်း ဒုတိယပဲရခဲ့ပါတယ်" ဟု ထွန်းမင်းက ပြောသည်။

အဆိုပါ ပြိုင်ပွဲ၌ မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးညီညီ ခေါင်းဆောင်သော အုပ်ချုပ်၊ နည်းပြများ၊ ဒိုင်နှင့် အားကစားသမားများသည် ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။

**တံခွန်စိုက်ပြိုင်ပွဲကျင်းပရန် စီစဉ်ထား**

မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှုအဖွဲ့ချုပ်သည် ၂၀၁၉ ခုနှစ် မေလတွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၁၆) ကြိမ်မြောက် အရှေ့တောင်အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှု တံခွန်စိုက်ပြိုင်ပွဲကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။

**အာကာစိုး**

## ချန်ပီယံလိဂ် ၁၆ သင်းအဆင့် မဲနှိုက်ရွေးချယ်
## မန်ယူနှင့် ပီအက်စ်ဂျီ၊ မန်စီးတီးနှင့် ရှော်လ်ကေး၊ လီဗာပူးနှင့် ဘိုင်ယန်တွေ့ဆုံ

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ်၁၆သင်းအဆင့် ရှုံး/ထွက်ပွဲစဉ်များကို ဒီဇင်ဘာ ၁၇ ရက် တနင်္လာနေ့တွင် ဆွစ်ဇာလန်နိုင်ငံ နီယွန်မြို့၌ မဲခွဲရွေးချယ်ခဲ့သည်။

အင်္ဂလန်ကလပ်အသင်းများဖြစ်သော မန်ယူသည် ပီအက်စ်ဂျီနှင့် တွေ့ဆုံခဲ့ပြီး မန်စီးတီးနှင့် ရှော်လ်ကေး၊ လီဗာပူးနှင့် ဘိုင်ယန်မြူးနစ်တို့ တွေ့ဆုံမည်ဖြစ်ကာ စပါးအသင်းသည်ဒေါ့မွန်နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ရိုးမားနှင့် ပေါ်တို၊ အက်သလက်တီကိုနှင့် ဂျူဗင်တပ်စ်၊ ရီးရဲမက်ဒရစ်နှင့် အေဂျက်စ်၊ ဘာစီလိုနာနှင့် လိုင်ယွန်အသင်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အင်္ဂလန်ကလပ်အသင်းများတွင် မန်စီးတီးတစ်သင်းသာပွဲချောင်ခဲ့ပြီး ကျန်သုံးသင်းသည် အသင်းကြီးများနှင့် ရင်ဆိုင်ရမည်ဖြစ်ပြီး စပိန်ထိပ်သီးကလပ် ရီးရဲမက်ဒရစ်နှင့် ဘာစီလိုနာတို့မှာလည်း ပွဲစဉ်ပွဲချောင်ခဲ့သည်။ ချန်ပီယံလိဂ် ရှုံး/ထွက်ပထမအကျော့ကို ဖေဖော်ဝါရီ ၁၃ ရက် ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းတွင် စတင်ယှဉ်ပြိုင်မည်ဖြစ်ပြီး ဒုတိယအကျော့ပွဲစဉ်များကို မတ်လ ၆ ရက်နံနက်ပိုင်းတွင် ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

**သီဟ**

## မြန်မာ့ရုပ်မြင်သံကြား

၁၈-၁၂-၂၀၁၈ (အင်္ဂါနေ့)

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၈း၃၅ - ဥပဒေစကားဝိုင်း "စာချွန်တော်အမိန့် အကြောင်း သိကောင်းစရာ"
၁၅း၁၅ - (၁၉)ကြိမ်မြောက် အရှေ့တောင်အာရှ တက္ကသိုလ်များ အားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် **(မြန်မာတက္ကသိုလ်အသင်း နှင့် ထိုင်းတက္ကသိုလ်အသင်း)**

**ညပိုင်း**

၁၇း၃၅ - မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း
၁၈း၂၅ - "တရုတ်-မြန်မာ ချစ်ကြည်ရေး သစ်မျိုးစုံ စိုက်ခင်းစီမံကိန်း
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ - ပညာရေးစကားဝိုင်း "တက္ကသိုလ်ဝင်တန်း စာမေးပွဲ မေးခွန်းပုံစံ ပြောင်းလဲခြင်း"

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆ ဖြင့် တရားစွဲဆိုခံရသည့် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကင်မွန်းချောင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဟောင်းအား အလုပ်နှင့် ထောင်ဒဏ် ခုနစ်နှစ်ချမှတ်

**နေပြည်တော် ဒီဇင်ဘာ ၁၇**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်နေ နစ်နာသူက ၎င်းပိုင်ဆိုင်သော မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကင်မွန်းချောင်းကျေးရွာအုပ်စု ကွင်းအမှတ်(၁၇၅)၊ ကဒတ်ချောင်းအပြင်ကွင်း၊ ဦးပိုင်အမှတ် (N-18)၊ ဧရိယာ (၂ဒသမ ၃၀)ကေအား စောင့်ရှောက်ရန်အတွက် စာရွက်စာတမ်းများဖြင့် တရားဝင် ပြန်လည်လွှဲအပ်ခြင်းခံရသူမှ ဆေးကုသမှု ခံယူနေစဉ်အတွင်း ကျိုက်ထိုမြို့နယ် ကင်မွန်းချောင်းကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးကျော်သူရလှိုင်သည် မည်သူ့ကိုမှ အသိပေးအကြောင်းကြားခြင်းမပြုဘဲ ၎င်းမြေကွက်၏ ပုံစံ(၇)အား တရားမဝင်ထုတ်ယူခဲ့ပြီး ပုံစံ(၇)စာရွက်စာတမ်းများကို အကြောင်းပြု၍ မြေဝယ်ယူသူထံမှ ငွေကျပ် သိန်းပေါင်း ၃၉၅၀ တိတိအား လက်ခံရယူခဲ့ခြင်းအပေါ် အရေးယူပေးပါရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားခဲ့သည်။

တိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ဖွဲ့စည်း စစ်ဆေးခဲ့ရာ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကင်မွန်းချောင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဟောင်း ဦးကျော်သူရလှိုင်သည် ၎င်းတာဝန် ထမ်းဆောင်နေသည့် ကာလအတွင်း အခွင့်အာဏာကို အသုံးပြုပြီး အဂတိလိုက်စားမှုကျူးလွန်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကင်မွန်းချောင်း ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးဟောင်း ဦးကျော်သူရလှိုင်အား အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆ အရ မွန်ပြည်နယ် တရားလွှတ်တော်တွင် ၂၀၁၇ ခုနှစ် ဇူလိုင် ၃၁ ရက်တွင် တရားစွဲဆိုတင်ပို့ခဲ့သည်။


မွန်ပြည်နယ် တရားလွှတ်တော်က ရာဇဝတ်ကြီးမှုအမှတ် ၃/၂၀၁၇ ဖြင့် လက်ခံစစ်ဆေးခဲ့ပြီး ပြစ်မှုထင်ရှားသဖြင့် ဦးကျော်သူရလှိုင်အား အလုပ်နှင့် ထောင်ဒဏ် ခုနစ်နှစ် ကျခံစေရန် ဒီဇင်ဘာ ၁၃ ရက်တွင် အမိန့်ချမှတ်ခဲ့ကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။ **သတင်းစဉ်**

# နှစ်နိုင်ငံ နယ်စပ်ခြံစည်းရိုးလုံခြုံရေးဆောင်ရွက်သည့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များအား စိစစ်ဆဲအဖွဲ့က ချောင်းမြောင်းပစ်ခတ်တိုက်ခိုက်

**မောင်တော ဒီဇင်ဘာ ၁၇**

မောင်တောမြို့နယ် နယ်မြေ(၂) နယ်စပ်ခြံစည်းရိုး မှတ်တိုင် (၄၁)နှင့် (၄၂)အကြား နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များ နယ်စပ်ခြံစည်းရိုးလုံခြုံရေး လှည့်ကင်းဆောင်ရွက်စဉ် လှည့်ကင်းအဖွဲ့အား ယနေ့ညနေ ၃ နာရီ ၁၅ မိနစ်ခန့်တွင် ခြံစည်းရိုး တစ်ဖက်ခြမ်း တစ်ဖက်နိုင်ငံဘက်ခြမ်းမှ စိစစ်ဆဲအဖွဲ့က ချောင်းမြောင်းပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ပြန်လည်ခုခံပစ်ခတ်တိုက်ခိုက်ခဲ့ရကြောင်း၊ ဖြစ်စဉ်နေရာသို့ လုံခြုံရေးရဲတပ်ဖွဲ့ဝင် အင်အားထပ်မံဖြည့်တင်း၍ ပစ်ကူပေးဆောင်ရွက်လျက်ရှိကြောင်းနှင့် လတ်တလောတွင် ပစ်ခတ်ခံရမှုကြောင့် ရဲတပ်သားတစ်ဦးတွင် ဝဲနောက်ကျောမှ ကျည်ဖောက်ဝင်၍ ရှေ့ဝမ်းဗိုက်ဝဲဘက်ဖောက်ထွက် ဒဏ်ရာ (မစိုးရိမ်ရ)ရရှိထားကြောင်း ကနဦးသတင်းရရှိသည်။ **သတင်းစဉ်**

**မောင်တောမြို့နယ် နယ်မြေ(၂) နှစ်နိုင်ငံနယ်စပ်ခြံစည်းရိုး လှည့်ကင်းဆောင်ရွက်စဉ် နယ်စပ်ခြံစည်းရိုးအပြင်ဘက် တစ်ဖက်နိုင်ငံဘက်ခြမ်းမှ စိစစ်ဆဲအဖွဲ့က ပစ်ခတ်တိုက်ခိုက်သည့် နေရာပြမြေပုံ။**




# မောင်တောမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၄၀၀၀၀ ဖမ်းဆီးရမိ



**နေပြည်တော် ဒီဇင်ဘာ ၁၇**

မောင်တောမြို့နယ် မောင်တော-ဘူးသီးတောင်သွားကားလမ်း (၆)မိုင် စစ်ဆေးရေးဂိတ်၌ YGN 2J/------ Nissan UD ယာဉ်ပေါ်၌ မားမားခေါက်ဆွဲဖာများဖြင့် ထည့်ထားသည့် စိတ်ကြွဆေးပြား ၁၉ သိန်းကျော်နှင့်အတူ ဖမ်းဆီးရမိသည့် ပြစ်မှုကျူးလွန်သူ ညီမျိုးသန့်နှင့် အာဇီဇူလောင်တို့ နှစ်ဦး၏အစစ်ခံ ထွက်ဆိုချက်များအရ ယနေ့မွန်းတည့် ၁၂ နာရီခန့်တွင် ပူးပေါင်းအဖွဲ့မှ မောင်တောမြို့ မြို့မအနောက်ရပ်ကွက် စည်ပင်သာယာဈေး အပေါ်ထပ်ရှိ မာမတ်ဆီဒိန်(စိစစ်ဆဲ)၎ှားရမ်းဖွင့်လှစ်ထားသည့် သော့ခတ်ပိတ်ထားသော ဆိုင်ခန်းအမှတ် (1A-7)အား ဝင်ရောက်ရှာဖွေရာ ဆာလာအိတ်သုံးအိတ်အတွင်း မားမားခေါက်ဆွဲဖာများဖြင့် ထည့်ထားသည့် WY စိတ်ကြွရူးသွပ်ဆေးပြား ၁၁၄၀၀၀၀ (တစ်ပြားလျှင် ငွေကျပ်၂၀၀၀ နှုန်းဖြင့် သိန်းပေါင်း ၂၂၈၀၀)အား ထပ်မံဖော်ထုတ်ရမိခဲ့သဖြင့် မောင်တောမြို့မရဲစခန်းမှ ဥပဒေနှင့်အညီ အမှုဖွင့်စစ်ဆေး၍ ကွင်းဆက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **ရဲပြန်ကြား**

## ဟိုပုံးနှင့် ပင်လောင်းမြို့နယ်တို့၌ ဘိန်းခင်းများအား ဖျက်ဆီး

**နေပြည်တော် ဒီဇင်ဘာ ၁၇**


ဟိုပုံးမြို့နယ် စံဖူးကျေးရွာအနောက်ဘက် တစ်မိုင်ခန့်အကွာ၌ ဒီဇင်ဘာ ၁၆ ရက်တွင် အမြင့်နှစ်ပေခန့်ရှိ ဘိန်းခင်း ၂၇ ဧကကို ဟိုပုံးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မင်းဟန် ဦးစီးသည့် ပူးပေါင်းအဖွဲ့က လည်းကောင်း၊ ပင်လောင်းမြို့နယ် လုံတန်ကျေးရွာ၌ ဘိန်းခင်းလေးဧကကို ရဲတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့ကလည်းကောင်း ဖျက်ဆီးခဲ့ကြောင်း သိရသည်။ **ရဲပြန်ကြား**

## တရားမဝင် နှစ်လုံးထီ လောင်းကစားသူများ ဖမ်းဆီးရမိ

**ရန်ကုန် ဒီဇင်ဘာ ၁၇**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး မှုခင်းအကူဌာနစုမှ တပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာလ ဒုတိယပတ်က မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီမြို့သစ် ဆဒ္ဒန်လမ်းနေ သွေးဆက်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ သွေးဆက်(၄၅ နှစ်)၊ (ည)ရပ်ကွက်နေ ကျော်ဖြိုးဝေ (၃၀ နှစ်)၊ သန်းသန်းဌေး (၅၂ နှစ် )၊ ဝင်းလွင်ဦး (၅၂နှစ် )၊ (ဌ)ရပ်ကွက်နေ ကျော်သူ (၃၁ နှစ် )၊ ဌေးဌေးဝင်း (၂၅ နှစ်)တို့အား တွေ့ရှိဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူများထံမှ တရားမဝင် နှစ်လုံးထီလောင်းကစားရာတွင် အသုံးပြုသော စာရွက်စာတမ်းများနှင့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေကျပ် ၅၄၂၁၅၀ တို့အား သိမ်းဆည်းရမိခဲ့သဖြင့် သွေးဆက်ပါ ခြောက်ဦးတို့အား ဥပဒေနှင့်အညီ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**






# မြောက်ကိုရီးယားအပေါ် အရေးယူပိတ်ဆို့မှုများ လုပ်ဆောင်နေပါက နျူကလီးယားကင်းစင်ရေး အလုပ်မဖြစ်ဟုဆို

**ပြုံယမ်း ဒီဇင်ဘာ ၁၇**

မြောက်ကိုရီးယားနိုင်ငံသည် အမေရိကန်ပြည်ထောင်စု၏ နောက်ဆုံးပိတ်ဆို့မှုလုပ်ဆောင်ချက်များနှင့် ပတ်သက်ပြီး ပြစ်တင်ရှုတ်ချလိုက်ကြောင်းနှင့် ထိုသို့ပိတ်ဆို့မှုဆိုင်ရာမူဝါဒများက ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ရေး လမ်းကြောင်းကို အဟန့်အတားများဖြစ်စေကြောင်း သတိပေးပြောကြားလိုက်သည်။

နိုင်ငံခြားရေးဝန်ကြီးဌာနမှ အမေရိကန်လေ့လာမှုအဖွဲ့၏ မူဝါဒဆိုင်ရာ သုတေသနအဖွဲ့ ဒါရိုက်တာတစ်ဦးက ထိုသို့ပြောကြားခဲ့ကြောင်း ကိုရီးယားဗဟိုသတင်းအေဂျင်စီက ဖော်ပြခဲ့သည်။ အဆိုပါဒါရိုက်တာ၏အမည်ကို ဖော်ပြခြင်း မရှိခဲ့ပေ။

ဖော်ပြချက်တွင် မြောက်ကိုရီးယားထိပ်တန်းခေါင်းဆောင်များနှင့် အမေရိကန်ထိပ်တန်းခေါင်းဆောင်များသည် ပြီးခဲ့သည့် ဇွန်လအတွင်းက စင်ကာပူ၌ကျင်းပခဲ့သည့် ထိပ်သီးအစည်းအဝေး၌ မြောက်ကိုရီးယားနှင့် အမေရိကန်ဆက်ဆံရေး တိုးတက်စေရေးကြိုးပမ်းရန် ၎င်းတို့ကိုယ်တိုင် သဘောတူ ကတိပြုခဲ့ကြသည်။

သို့သော်လည်း ခြောက်လကျော်ကြာမြင့်ပြီးနောက်တွင် အမေရိကန်ပြည်တွင်းဦးစီးဌာနနှင့် ဘဏ္ဍာရေးဌာနသည် မြောက်ကိုရီးယားကုမ္ပဏီများ၊ တစ်ဦးချင်းလူပုဂ္ဂိုလ်များကို မှားယွင်းသော အကြောင်းပြချက်များဖြင့် ရှစ်ကြိမ်မြောက် ပိတ်ဆို့မှုများ လုပ်ဆောင်ခဲ့သည်ဟု ဖော်ပြခဲ့သည်။

အမေရိကန်သည် ပြီးခဲ့သည့် ဒီဇင်ဘာ ၁၀ ရက်က မြောက်ကိုရီးယားထိပ်တန်းအာဏာပိုင်သုံးဦးကို ဆိုးရွားစွာ လူ့အခွင့်အရေးချိုးဖောက်မှုနှင့် ဆင်ဆာလုပ်ငန်းလုပ်ကိုင်မှုတို့ဖြင့် ပိတ်ဆို့အရေးယူမည်ဖြစ်ကြောင်း ကြေညာခဲ့ရာ တနင်္ဂနွေနေ့တွင် ထုတ်ပြန်လိုက်သည့် မြောက်ကိုရီးယား၏ ယင်းဖော်ပြချက်သည် အမေရိကန်၏ ဆုံးဖြတ်ချက်အပေါ် တုံ့ပြန်ချက်တစ်ခုဖြစ်ဟန်ရှိကြောင်း သိရသည်။

လူ့အခွင့်အရေး ချိုးဖောက်မှုကြောင့် မြောက်ကိုရီးယားအရာရှိကြီးသုံးဦးကို အမေရိကန်နိုင်ငံက အရေးယူပိတ်ဆို့မှုများ ထပ်မံလုပ်ဆောင်မည်ဟု ပြောကြားပြီးနောက် သိပ်မကြာခင်တွင် ယခုကဲ့သို့ မြောက်ကိုရီးယား၏ သတိပေးချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

အမေရိကန်က ပိတ်ဆို့အရေးယူမှုများ ထပ်မံလုပ်ဆောင်မည်ဟု ကြေညာလိုက်သော မြောက်ကိုရီးယား ထိပ်တန်းအရာရှိများတွင် Choe Ryong Hae လည်းပါဝင်ရာ ၎င်းသည် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်း၏ ညာလက်ရုံးတစ်ဆူဖြစ်ကြောင်း သိရသည်။

ကေစီအင်န်အေ သတင်းအေဂျင်စီက ထုတ်ပြန်မှုတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ပြုံယမ်းနှင့် ဆက်ဆံရေး တိုးတက်အောင် ဆောင်ကြဉ်းခဲ့သည့် အပေါ် ချီးကျူးကြောင်း ဖော်ပြထားသည်။

သို့သော်လည်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက မြောက်ကိုရီးယား-အမေရိကန်ဆက်ဆံရေးကို နောက်ကြောင်းပြန်သလိုဖြစ်အောင် လုပ်နေကြောင်း ဖော်ပြခဲ့သည်။

အကယ်၍ ဝါရှင်တန်က မြောက်ကိုရီးယားနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများနှင့် ဖိအားများ ဆက်လက်ပေးမည့် မူဝါဒသည် ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ရေးအတွက် အလုပ်ဖြစ်မည်ဟု အထင်ရောက်နေပါက ယင်းမှာ တွက်ကိန်းအမှားကြီးသာဖြစ်ကြောင်း ကေစီအင်န်အေ သတင်းအေဂျင်စီက ထုတ်ပြန်မှုတွင် ဆက်လက်ဖော်ပြထားသည်။

**အေအက်ဖ်ပီ၊ ဆင်ဟွာ**



လွန်ခဲ့သည့် ဇွန်လက စင်ကာပူတွင် ပြုလုပ်ခဲ့သည့် သမိုင်းတွင်မည့် အမေရိကန်-မြောက်ကိုရီးယား ဆွေးနွေးပွဲတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းတို့ လက်ဆွဲနှုတ်ဆက်နေစဉ်။

# ဂျပန်နိုင်ငံမြောက်ပိုင်း၌ ပေါက်ကွဲမှုဖြစ်ပွား သက်ဆိုင်ရာအာဏာပိုင်များ စစ်ဆေးလျက်ရှိ



ပေါက်ကွဲမှုဖြစ်ပွားခဲ့သော ဂျပန်နိုင်ငံမြောက်ပိုင်း ဟော့ကိုင်းဒိုးကျွန်းမှ ဆပ်ပိုရိုမြို့ရှိ အထပ်နှစ်ထပ်ပါ အဆောက်အအုံတွင် ဖွင့်လှစ်ထားသော စားသောက်ဆိုင်ကို မီးများငြိမ်းသတ်နေစဉ်။

**တိုကျို ဒီဇင်ဘာ ၁၇**

ဂျပန်နိုင်ငံမြောက်ပိုင်းဒေသရှိ စားသောက်ဆိုင်တစ်ဆိုင်တွင် ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ရာ လူပေါင်း ၄၂ ဦးထက်မနည်း ထိခိုက်ဒဏ်ရာရခဲ့ကြောင်း၊ တချို့မှာ ဒဏ်ရာအတော်ပြင်းထန်ကြောင်းနှင့် ဘေးပတ်ဝန်းကျင်ရှိ အဆောက်အအုံများလည်း ပျက်စီးသွားခဲ့ကြောင်း နိုင်ငံတကာသတင်းတွင် ဖော်ပြထားသည်။

ဂျပန်နိုင်ငံမြောက်ပိုင်း ဟော့ကိုင်းဒိုးကျွန်းမှ ဆပ်ပိုရိုမြို့ရှိ အထပ်နှစ်ထပ်ပါ အဆောက်အအုံ၌ ဖွင့်လှစ်ထားသော စားသောက်ဆိုင်တွင် ယမန်နေ့ညက ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း သိရပြီး သက်ဆိုင်ရာအာဏာပိုင်များက ယင်းဖြစ်စဉ်ကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

ဂျပန် အင်န်အိတ်ချ်ကေရုပ်သံတွင် ပြိုကျပျက်စီးနေသည့် ပေါက်ကွဲမှုဖြစ်ပွားရာ အဆောက်အအုံမှ မီးခိုးလုံးများတက်နေသည်ကို တွေ့မြင်ရသည်။

ပေါက်ကွဲမှုဖြစ်ပွားရာ အနီးဝန်းကျင်တွင် နေထိုင်သည့် ဒေသခံများက ပေါက်ကွဲမှုဖြစ်ပွားချိန်တွင် ဓာတ်ဆီနံ့ရခဲ့ကြောင်းနှင့် ပေါက်ကွဲမှုအရှိန်ကြောင့် အနားဝန်းကျင်အိမ်များမှ မှန်ပြတင်းများ ကွဲခဲ့ပြီး ကားများလည်း အပျက်အစီးအပိုင်းအစများနှင့် ဖုံးလွှမ်းနေခဲ့ကြောင်း ပြောခဲ့သည်။

ယခုဖြစ်ပေါ်ခဲ့သည့် ပေါက်ကွဲမှုကို အခြေပြုကာ နောက်ထပ်ပေါက်ကွဲမှုများ ထပ်မံဖြစ်ပေါ်လာနိုင်ကြောင်း မီးသတ်အရာရှိများက ထပ်မံသတိပေးထားသည်။

မီးသတ်အရာရှိများ၏ သတိပေးမှုနှင့်အတူ သက်ဆိုင်ရာ မြို့တော်အာဏာပိုင်များကလည်း ဒေသခံများ ဘေးလွတ်ရာသို့ ခိုလှုံနိုင်ရန် နေရာများ အဆင်သင့်လုပ်ပေးခဲ့ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# တရုတ်နှင့် ထိုင်းနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်မည်

**ပေကျင်း ဒီဇင်ဘာ ၁၇**

တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်သွားရန်နှင့် တရုတ်-ထိုင်း ရထားလမ်းဖောက်လုပ်မှုကို ဆက်လက်ဆောင်ရွက်သွားကြရန် တနင်္ဂနွေနေ့က ကတိပြုခဲ့ကြကြောင်း သိရသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိသည် ထိုင်းနိုင်ငံခြားရေးဝန်ကြီး ဒွန်ပရာမတ်ဝီနိုင်နှင့် လေးကြိမ်မြောက် လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးပြင်ပတွင် တွေ့ဆုံခဲ့စဉ် ထိုသို့ကတိကဝတ်ပြုခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

တရုတ်-ထိုင်း ဆက်ဆံရေးသည် တိုးတက်မှုရှိလာနေကြောင်းနှင့် အဆင့်မြင့်အရာရှိများ အပြန်အလှန် လာရောက်လည်ပတ်မှုနှင့် နယ်ပယ်ကဏ္ဍများစွာတို့တွင် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုတို့က နှစ်နိုင်ငံ ပြည်သူများ၏ အကျိုးစီးပွားကို ဆောင်ကြဉ်းပေးနေကြောင်း ဝမ်ယိက ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# ဂျော်ဂျီယာ၏ ပထမဆုံးအမျိုးသမီးသမ္မတအဖြစ် ဆာလိုမီဇူရာဘစ်ဗီလီ ကျမ်းသစ္စာကျိန်ဆို

**တဘီလီစီ ဒီဇင်ဘာ ၁၇**

ဂျော်ဂျီယာနိုင်ငံတွင် ပထမဆုံးအမျိုးသမီးသမ္မတအဖြစ် တာဝန်ထမ်းဆောင်မည့် ဆာလိုမီဇူရာဘစ်ဗီလီသည် တနင်္ဂနွေနေ့က သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့ကြောင်း သိရသည်။ နိုင်ငံ၏ ရွေးကောက်ပွဲအတွင်း မရိုးသားမှုများ လုပ်ဆောင်ခဲ့သည့်အတွက် ပါလီမန်ရွေးကောက်ပွဲများကို အမြန်ဆုံးပြန်လည်ကျင်းပရန် အတိုက်အခံပါတီက တောင်းဆိုနေချိန်တွင် ၎င်းက သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့ခြင်း ဖြစ်သည်။

သမ္မတသစ် ကျမ်းသစ္စာကျိန်ဆိုမှု ပြုလုပ်လိုက်ပြီဖြစ်သောကြောင့် ပါလီမန်စနစ်ကို ပြောင်းလဲမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် စတင်အသက်ဝင်လာတော့မည် ဖြစ်သည်။ သို့သော် သမ္မတသည် အမှန်တကယ် အာဏာတည်မည်မဟုတ်ဘဲ ပြယုဂ်အနေဖြင့် ရှိနေမည်ဖြစ်သည်ဟု သိရသည်။

ဇူရာဘစ်ဗီလီသည် ပြင်သစ်နိုင်ငံဖွားဖြစ်ပြီး အသက် ၆၆ နှစ်ရှိပြီဖြစ်သည်။ ကျမ်းသစ္စာကျိန်ဆိုပွဲကို တီလာဗီ၌ ကျင်းပခဲ့သည်။ သမ္မတက ၎င်း၏ရည်ရွယ်ချက်မှာ ဂျော်ဂျီယာနိုင်ငံကို ဒီမိုကရေစီလမ်းကြောင်းပေါ် တင်ပေးရန်ဖြစ်ပြီး ဥရောပတိုက်နှင့် ပူးပေါင်း ဆောင်ရွက်နေမှုများ နောက်ကြောင်းပြန်လှည့်မသွားစေရေး ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း ပြောကြားခဲ့သည်။



ဂျော်ဂျီယာသမ္မတသစ် ဆာလိုမီဇူရာဘစ်ဗီလီ

အတိုက်အခံပါတီများက ပြီးခဲ့သည့်လက ကျင်းပခဲ့သည့် ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သည့် ဇူရာဘစ်ဗီလီကို အသိအမှတ်မပြုကြောင်း ငြင်းဆန်ခဲ့ကြပြီး သမ္မတအိမ်တော်ရှေ့တွင် ကန့်ကွက်ကြောင်း ဆန္ဒပြခဲ့ကြသည်။ ကျမ်းသစ္စာကျိန်ဆိုပွဲတွင် လူပေါင်း ၁၀၀၀ ခန့် ပါဝင်ဆင်နွှဲခဲ့ကြသည်။ ၁၉၅၂ ခုနှစ်တွင် မွေးဖွားခဲ့သည့် ဇူရာဘစ်ဗီလီသည် ဂျော်ဂျီယာနိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးအဖြစ် ၂၀၀၄ မှ ၂၀၀၅ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### ကာတာ၏ သံတမန်ရေးရာ ပြဿနာကို ဂျပန်ကူညီဖြေရှင်းမည်

**တိုကျို ဒီဇင်ဘာ ၁၇**

ကာတာနိုင်ငံအား ဆော်ဒီအာရေဗျ အပါအဝင် အခြားနိုင်ငံများနှင့် သံတမန်ဆက်ဆံရေး ပြန်လည်ထူထောင်နိုင်ရန်အတွက် ဂျပန်က အကူအညီပေးရန် ကမ်းလှမ်းလိုက်ကြောင်း သိရသည်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီး တာရိုကိုနိုသည် ကာတာနိုင်ငံခြားရေးဝန်ကြီး ရှိတ်ခ်မိုဟာမက် ဘင်အဗ္ဗဒူလာမန် အယ်လ်သာနီနှင့် ပြီးခဲ့သည့် စနေနေ့က ဒိုဟာ၌ တွေ့ဆုံခဲ့ရာတွင် ထိုသို့ အကူအညီပေးအပ်ရန် ကမ်းလှမ်းလိုက်ခြင်းဖြစ်ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ကာတာသည် ၂၀၁၇ ခုနှစ် ဇွန်လမှစတင်ကာ ဆော်ဒီအာရေဗျ၊ အာရပ်စော်ဘွားများပြည်ထောင်စုတို့နှင့် ဆက်ဆံရေးပျက်ပြားခဲ့ပြီး စီးပွားရေးပိတ်ဆို့ခံခဲ့ရသည်။ အဆိုပါနိုင်ငံများက ကာတာသည် အကြမ်းဖက်မှုများကို အားပေးထောက်ခံနေသည်ဟုဆိုကာ ကာတာအပေါ် သံတမန်ဆက်ဆံရေး ဖြတ်တောက်ခဲ့ကြသည်။

ကာတာသည် အဆိုပါနိုင်ငံများနှင့် ငြိမ်းချမ်းသော သံတမန်ဆက်ဆံရေးတစ်ရပ်ကို ပြန်လည်ထူထောင်နိုင်လိမ့်မည်ဟု မျှော်လင့်ထားကြောင်းကိုလည်း မစ္စတာ တာရိုကိုနိုက ပြောကြားလိုက်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

### အမေရိကန်နယ်စပ်လုံခြုံရေးက ထိန်းသိမ်းခဲ့သည့် ဂွါတီမာလာ မိန်းကလေးငယ်သေဆုံး

**ဝါရှင်တန် ဒီဇင်ဘာ ၁၇**

အမေရိကန်သို့ဝင်ရောက်ရန် မိသားစုနှင့်အတူ နယ်စပ်ဖြတ်ကျော်လာသည့် ဂွါတီမာလာမှ ခုနစ်နှစ်အရွယ်မိန်းကလေးငယ်တစ်ဦးသည် အမေရိကန်နယ်စပ်၌ ထိန်းသိမ်းခြင်းခံခဲ့ရပြီးနောက် သေဆုံးသွားခဲ့ကြောင်း သိရသည်။

ထိုသို့သေဆုံးခဲ့သည့် ဂျက်ကလင်းကားနှင့် ဖခင်ဖြစ်သူတို့သည် လူ ၁၆၀ ခန့်ပါသည့် အုပ်စုနှင့်အတူ ဒီဇင်ဘာ ၆ ရက်က နယ်စပ်ကိုဖြတ်ကျော်ကာ နယူးမက္ကဆီကိုပြည်နယ်ထဲသို့ ဝင်ရောက်ခဲ့သည်။ ဂျက်ကလင်းသည် အပြင်းဖျားသည့်ဝေဒနာကို ခံစားခဲ့ရပြီးနောက် နှစ်ရက်အကြာတွင် ဆေးရုံ၌ သေဆုံးခဲ့သည်။

၎င်းသေဆုံးရသည့် အကြောင်းရင်းကို မသိရသေးသော်လည်း ဂျက်ကလင်းသည် ရက်ပေါင်းများစွာ အစာရေစာပြတ်လပ်မှုကို ခံစားခဲ့ရကြောင်း အမေရိကန်အာဏာပိုင်များက ပြောကြားခဲ့သည်။ ဂျက်ကလင်းသေဆုံးမှုသည် လူသားချင်းစာနာမှုကင်းမဲ့သည့် ဖြစ်ရပ်တစ်ခုဟု အတိုက်အခံ ဒီမိုကရက်တစ်ပါတီက ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ဩစတြေးလျသံရုံးကို ရွှေ့ပြောင်းမည့်အရေးက နိုင်ငံရေးအကွက်ရွှေ့မှုတစ်ခုလား

**ကလျာမိုးမြင့်**

**ဩစတြေးလျဝန်ကြီးချုပ် စကော့မော်ရစ်ဆင်က အစ္စရေးမှာရှိနေတဲ့ ဩစတြေးလျသံရုံးကို တဲလ်အဗစ်ကနေ ဂျေရုဆလင်သို့ ပြောင်းရွှေ့မယ့်အလားအလာကို ထုတ်ဖော်လာပါတယ်။ ဒီလိုပြောင်းရွှေ့မယ့်စိတ်ကူးဟာ ဒေသဆိုင်ရာရွေးကောက်ပွဲမှာ အောင်ပွဲရဖို့ နိုင်ငံရေးအရ အကွက်ရွှေ့မှုတစ်ခုလားဆိုတဲ့ ဝေဖန်မှုတွေကို ပေါ်ပေါက်လာစေခဲ့ပါတယ်။**



ဩစတြေးလျဝန်ကြီးချုပ် စကော့မော်ရစ်ဆင် မိန့်ခွန်းပြောကြားနေစဉ်။

#### ဩစတြေးလျရဲ့သဘောထားကို ဖော်ပြရာရောက်

ဩစတြေးလျသံရုံးကို ဂျေရုဆလင်သို့ ရွှေ့ပြောင်းလိုက်မယ်ဆိုရင် အစ္စရေး-ပါလက်စတိုင်း ငြိမ်းချမ်းရေးဖြစ်စဉ်အတွင်းမှာ ကာလကြာရှည်စွာ တည်ရှိလာခဲ့တဲ့ ဩစတြေးလျရဲ့ ရပ်တည်မှုသဘောထားကို ဖော်ပြလိုက်သလိုဖြစ်လာနိုင်ပါတယ်။ ပြီးတော့ တခြားသူတွေကိုလည်း ဒီအတိုင်းလိုက်လုပ်ကြဖို့ တွန်းအားပေးလိုက်တာကြောင့် တစ်ကမ္ဘာလုံးဆိုင်ရာ နောက်ဆက်တွဲပြဿနာတွေ ရှိလာနိုင်တဲ့ အနေအထားမျိုးဖြစ်ပါတယ်။

မစ္စတာ မော်ရစ်ဆင်က ၎င်းဟာ သံရုံးရွှေ့ပြောင်းမယ့်ကိစ္စနဲ့ ပတ်သက်ပြီး ပွင့်ပွင့်လင်းလင်းရှိမှာဖြစ်သလို နှစ်နိုင်ငံပဋိပက္ခကို အဖြေရှာတဲ့နေရာမှာလည်း ဆက်လက် ပါဝင်နေဦးမှာဖြစ်တယ်လို့ ပြောဆိုနေဆဲဖြစ်ပါတယ်။ သို့ပေမယ့် အစ္စရေး-ပါလက်စတိုင်း နှစ်နိုင်ငံပဋိပက္ခကို အဖြေရှာဖို့ ကြိုးပမ်းအားထုတ်တဲ့နေရာမှာ အကျိုးဖြစ်ထွန်းမှုကိုတော့ သိပ်မတွေ့ရသေးဘူး။ အရင်ပုံစံတစ်မျိုးတည်းနဲ့ သွားနေမယ်ဆိုရင် ကွဲပြားခြားနားတဲ့ ရလဒ်တွေကိုလည်း မျှော်လင့်လို့ရမှာမဟုတ်ဘူးလို့ မော်ရစ်ဆင်က ဆိုပါတယ်။

#### ထရမ့် နောက်မဆုတ်ခဲ့

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ဟာ ပြီးခဲ့တဲ့နှစ် ဒီဇင်ဘာလက ဂျေရုဆလင်မြို့ကို အစ္စရေးရဲ့ မြို့တော်အဖြစ် သတ်မှတ်ခဲ့ပါတယ်။ ဒီလိုသတ်မှတ်ရင် အရှေ့အလယ်ပိုင်း ဒေသမှာရှိတဲ့ ပါလက်စတိုင်းပြည်သူတွေနဲ့ ပါလက်စတိုင်း ထောက်ခံတဲ့သူတွေကို ဒေါသူပုန်ထစေလိမ့်မယ်လို့ အတန်တန် သတိပေးမှုတွေ ထွက်ပေါ်နေပေမယ့် ထရမ့်ကတော့ နောက်မဆုတ်ခဲ့ပါဘူး။

မစ္စတာ မော်ရစ်ဆင်ဟာ လစ်ဘရယ်ပါတီ ကိုယ်စားလှယ်လောင်းတစ်ဦးဖြစ်တဲ့ ဒေ့ဗ်ရှမားကို အဆိုပြုချက်နဲ့ ပတ်သက်ပြီး စဉ်းစားဖို့ ဆွဲဆောင်စည်းရုံးခဲ့ပါတယ်။ အစ္စရေးနိုင်ငံဆိုင်ရာ သံတမန်ဟောင်းတစ်ဦးဖြစ်ခဲ့ဖူးတဲ့ မစ္စတာ ရှမားဟာ ဩစတြေးလျဝန်ကြီးချုပ်ဟောင်း မယ်လ်ကွန်တန်ဘူလ် ကာလရှည်ကြာနေရာယူထားခဲ့တဲ့ ရာထူးနေရာအတွက် ဒေသရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်နေသူ ဖြစ်ပါတယ်။

#### မဟာမိတ်အစိုးရ ရှုံးနိမ့်မှုနဲ့ကြုံတွေ့နိုင်

ရွေးကောက်ပွဲမှာ လစ်ဘရယ်ပါတီ ရှုံးနိမ့်ခဲ့မယ်ဆိုရင် လစ်ဘရယ်နဲ့ နေရှင်နယ်ပါတီတွေပါဝင်တဲ့ ကွန်ဆာဗေးတစ်မဟာမိတ်အစိုးရဟာ ပါလီမန်လွှတ်တော်မှာ ၎င်းရဲ့နေရာကို လက်လွှတ်ဆုံးရှုံးရတော့မယ်ဆိုတဲ့ အဓိပ္ပာယ်ဖြစ်ပါတယ်။ ဒါက ဘာကိုဆိုလိုနေသလဲဆိုတော့ ကွန်ဆာဗေးတစ်အစိုးရဟာ ဥပဒေနဲ့ ဖက်ဒရယ်ဘတ်ဂျက်ကို ကျော်ဖြတ်ဖို့ အခြားအဖွဲ့ဝင်တွေဆီကနေ တစ်ဦးချင်းမဲပေးမှုတွေအတွက် ညှိနှိုင်းသွားရမယ်ဆိုတဲ့ သဘောဖြစ်ပါတယ်။

မစ္စတာ တန်ဘူလ်ဟာ ဝမ်ဝေ့ါသ်မဲဆန္ဒနယ်မှာ ၎င်းရဲ့နေရာကို ၁၄ နှစ်ကြာအောင် ယူထားခဲ့ပါတယ်။ ဒါပေမယ့် ဩဂုတ်လအတွင်းမှာ ပါတီခေါင်းဆောင်နေရာနဲ့ ဝန်ကြီးချုပ်နေရာကနေ ဖယ်ရှားခံလိုက်ရပြီးနောက်မှာတော့ အဲဒီထိုင်ခုံကနေ ထွက်ခွာခဲ့ရပါတယ်။ မဟာမိတ်အဖွဲ့ရဲ့ အလားအလာသိပ်မကောင်းလှတဲ့ နေရာအများစုကို ဆက်လက် ထိန်းထားနိုင်ရေးအတွက် ပါလီမန်လွှတ်တော်အတွင်းမှာ ဆက်လက်ကျန်ရှိနေတာထက် မစ္စတာ တန်ဘူလ်ဟာ ရာထူးကနေနုတ်ထွက်ပြီး မန်ဟက်တန် အနောက်ခြမ်းမှာရှိတဲ့ နေအိမ်တိုက်ခန်းဆီကို တိတ်တဆိတ် ထွက်ခွာသွားခဲ့ပါတယ်။

#### မဲဆန္ဒရှင်တွေ သတိထားနေ

မစ္စတာ တန်ဘူလ်ဟာ ဝါရှင်တန်နိုင်ငံရေးဆိုင်ရာအကြံပေးအဖွဲ့က လက်ခံကျင်းပတဲ့ အင်ဒိုနီးရှားနဲ့ ဩစတြေးလျနိုင်ငံဆိုင်ရာ ဖိုရမ်မှာ မကြာသေးမီက ပေါ်လာခဲ့ပါသေးတယ်။ မဲဆန္ဒရှင်အချို့က မစ္စတာ မော်ရစ်ဆင်ရဲ့ အကွက်ရွှေ့မှုတွေနဲ့ ပတ်သက်ပြီး သတိထားနေကြတာကို တွေ့ရပါတယ်။ ပတ်ဝန်းကျင်ဆိုင်ရာ အကြံပေးပုဂ္ဂိုလ်တစ်ဦးဖြစ်တဲ့ မစ်ချယ်မုဘ်စ်က မစ္စတာ မော်ရစ်ဆင်ရဲ့ ကြေညာချက်ဟာ အခွင့်ကောင်းယူလိုမှုဆန်တဲ့ နိုင်ငံရေးခံယူချက်ဖြစ်တယ်လို့ ဆစ်ဒနီမြို့မှာရှိတဲ့ ဝိုင်ဘားတွေနဲ့ ဈေးဆိုင်တွေမှာ ဝေဖန်ရေးလုပ်ဆောင်ခဲ့ပါတယ်။

ဝမ်ဝေ့ါသ်ဟာ ဂျူးလူမျိုး မဲဆန္ဒရှင်အများစုတို့ စုဝေးရာနေရာဖြစ်ပြီး မစ္စတာ မုဘ်စ်က ၎င်းအနေနဲ့ အလုပ်သမားအဖွဲ့ ကိုယ်စားလှယ်ကို မဲပေးမှာဖြစ်တယ်လို့ ပြောပါတယ်။ ဒီအချိန်ဟာ နိုင်ငံရပ်ခြားမှာ သံရုံး စိုက်မယ့်အကြောင်း ပြောရမယ့်အချိန် မဟုတ်သေးဘူး။ ဒါဟာ အရှက်ရအောင်လုပ်တာ၊ ချိုးနှိမ်တာဖြစ်တယ်။ လူမျိုးရေးဆိုင်ရာ နိုင်ငံရေးလုပ်ဆောင်မှုဖြစ်တယ်လို့ ဆိုပါတယ်။

#### ဆုံးဖြတ်ချက်ကို ထောက်ခံသူတွေရှိ

ဒါပေမယ့် ဒီကြေညာချက်အပေါ်မှာ ထောက်ခံကြိုဆိုကြသူတွေလည်း ရှိနေပါတယ်။ သံရုံးကို ဂျေရုဆလင်သို့ ရွှေ့မယ့် ကြေညာချက်ဟာ ရဲရင့်တဲ့ ခြေလှမ်းတစ်ခုဖြစ်တယ်။ ဒီအတွက် ဝန်ကြီးချုပ်ရဲ့ လုပ်ဆောင်မှုအပေါ်မှာ ဂုဏ်ယူတယ်လို့လည်း တချို့က ပြောဆိုကြပါတယ်။ ပြီးတော့ တချို့က ဒီလုပ်ဆောင်ချက်ဟာ ဝမ်ဝေ့ါသ်မှာ အောင်ပွဲရဖို့ ခိုင်မာသေချာအောင် နိုင်ငံရေးအရ အကွက်ရွှေ့လုပ်ဆောင်မှုဖြစ်တယ်ဆိုတာကို လက်မခံပါဘူး။

#### ထိပ်တိုက်ရင်ဆိုင်မှုတစ်ခုဖြစ်လာ

မစ္စတာ မော်ရစ်ဆင်ရဲ့ ရပ်တည်ချက်ဟာ လစ်ဘရယ်ပါတီခေါင်းဆောင်တွေကို ထိပ်တိုက်ရင်ဆိုင်လိုက်တာဖြစ်တယ်လို့ အချို့က မှတ်ချက်ပြုပါတယ်။ မစ္စတာ မော်ရစ်ဆင် ကိုယ်တိုင်ကလည်း လစ်ဘရယ်ပါတီဟာ ဒီလိုလုပ်ဆောင်လိုက်တာကို ထောက်ခံမှာမဟုတ်ဘူးလို့ ပြီးခဲ့တဲ့ ဇွန်လအတွင်းမှာ ထုတ်ဖော်ပြောကြားခဲ့ပြီး ဖြစ်ပါတယ်။

ဩစတြေးလျသံရုံးကို ပြန်ပြီးနေရာရွှေ့ပြောင်းအခြေချဖို့ ကြိုးပမ်းမှုဟာ အဆန်းတော့မဟုတ်ဘူးလို့ ဆစ်ဒနီမှာရှိတဲ့ လိုဝီတက္ကသိုလ်က သုတေသနအဖွဲ့တစ်ဖွဲ့က ဆိုပါတယ်။ အီရန်နျူကလီးယားစာချုပ်ကို ကန့်ကွက်တာနဲ့ သံရုံးကို ရွှေ့ပြောင်းဖို့ လုပ်တာတွေဟာ ဩစတြေးလျနိုင်ငံသား ဂျူးလူမျိုးတွေရဲ့ ထောက်ခံအားပေးမှုကို ရရှိလာတဲ့ ရပ်တည်ချက်သဘောထား တစ်စိတ်တစ်ပိုင်းဖြစ်တယ်လို့ ပြောဆိုခဲ့ကြပါတယ်။

#### မဟာမိတ်ဆက်ဆံရေးကို နက်ရှိုင်းစေ

သံရုံးကို ဂျေရုဆလင်သို့ ပြောင်းရွှေ့ခြင်းက အမေရိကန်ပြည်ထောင်စုနဲ့ ဩစတြေးလျရဲ့မဟာမိတ်ဆက်ဆံမှုကို အကျိုးရှိစေမှာဖြစ်ပြီး ထရမ့်အစိုးရနဲ့ ပိုပြီး နက်ရှိုင်းတဲ့ဆက်ဆံရေးကို ဖြစ်ထွန်းလာစေလိမ့်မယ်။ ဒ့ါအပြင် ဩစတြေးလျဟာ အဲဒီမဟာမိတ်ဆက်ဆံမှုမှသည် ၎င်းရဲ့ နိုင်ငံခြားရေးနဲ့ အမျိုးသားလုံခြုံရေးဆိုင်ရာ မူဝါဒတွေကို အားဖြည့်နိုင်မယ်ဆိုတဲ့ ရှုမြင်သုံးသပ်ချက်ကို ပေါ်ထွက်စေပါတယ်။ ။

**ကိုးကား- အေအက်ဖ်ပီ၊ ဘီဘီစီ**

> **"ဩစတြေးလျသံရုံးကို ပြန်ပြီးနေရာရွှေ့ပြောင်းအခြေချဖို့ ကြိုးပမ်းမှုဟာ အဆန်းတော့မဟုတ်ဘူးလို့ ဆစ်ဒနီမှာရှိတဲ့ လိုဝီတက္ကသိုလ်က သုတေသနအဖွဲ့တစ်ဖွဲ့က ဆိုပါတယ်။ အီရန်နျူကလီးယားစာချုပ်ကို ကန့်ကွက်တာနဲ့ သံရုံးကို ရွှေ့ပြောင်းဖို့ လုပ်တာတွေဟာ ဩစတြေးလျနိုင်ငံသား ဂျူးလူမျိုးတွေရဲ့ ထောက်ခံအားပေးမှုကို ရရှိလာတဲ့ ရပ်တည်ချက်သဘောထား တစ်စိတ်တစ်ပိုင်းဖြစ်တယ်လို့ ပြောဆိုခဲ့ကြ"**

# ရေတာရှည်မြို့နယ်မှ သဘာဝဘေးသင့်ပြည်သူများအား ကိုရီးယားသမ္မတနိုင်ငံမှ လှူဒါန်းသော ဆန်များပေးအပ်

**ဆွာ ဒီဇင်ဘာ ၁၇**

ရေတာရှည်မြို့နယ် ဆွာမြို့ ဆွာစက်ရုံ ပရိယတ္တိစာသင်တိုက်နှင့် ဆွာမင်းလမ်းဓမ္မာရုံတို့၌ သဘာဝဘေးသင့်ပြည်သူများအတွက် ကိုရီးယားနိုင်ငံမှ ဆန်တန်ချိန် ၂၅၀ ထောက်ပံ့ ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်က ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုဒဏ်ကို တခြားနိုင်ငံများနည်းတူ မြန်မာနိုင်ငံလည်း ထိတွေ့ခံစားနေရကြောင်း၊ ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်ကြောင့် မမျှော်မှန်းနိုင်သည့် ရေကြီးရေလျှံမှုဖြစ်ခြင်း၊ လျှောင်လျှပ်ခြင်း၊ လေပြင်းတိုက်ခတ်ခြင်း စသည့် သဘာဝဘေးဒဏ် ခံစားရသည့် ပြည်သူများကို လူသားချင်း စာနာနားလည်မှုဖြင့် အာဆီယံ အပေါင်း ၃ နိုင်ငံများမှ ဆန်တန်ချိန် ၂၅၀ တန် လာရောက်ထောက်ပံ့ပေးမှုအပေါ် ကျေးဇူးတင်ရှိကြောင်း၊ ယခုထောက်ပံ့ပေးအပ်သည့် ဆန်များကို သဘာဝဘေးသင့်ပြည်သူများလက်ဝယ်သို့ တိတိကျကျ၊ မှန်မှန်ကန်ကန်နှင့် အမြန်ဆုံးရောက်ရှိနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်း၊ APTERR အတွင်းရေးမှူးရုံး အထွေထွေမန်နေဂျာ Mr. Chanpithya Shimphalee တို့က သဘာဝဘေးနှင့် ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းပြောကြားခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း၊ Mr. Chanpithya Shimphalee နှင့် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ဆန်များထောက်ပံ့ပေးအပ်ရာ သဘာဝဘေးသင့်ပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ပြီး တိုင်းဒေသကြီးတွင် ၂၀၁၇ ခုနှစ်အတွင်း သဘာဝဘေးဒဏ်ကြောင့် သီးနှံမျိုးစုံ စိုက်ပျိုးဧက ခုနစ်သောင်းကျော် ပျက်စီးဆုံးရှုံးခဲ့ကာ ၂၀၁၈ ခုနှစ်တွင် သဘာဝဘေးဒဏ်ကြောင့် သီးနှံမျိုးစုံ စိုက်ပျိုးဧက နှစ်သိန်းခုနစ်သောင်းကျော် ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

**ဟိန်းထက်(ပဲခူး)**




# အလယ်တန်းကျောင်းဆောင်သစ်ဖွင့်ပွဲ ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

**ဘိုကလေး ဒီဇင်ဘာ ၁၇**

ရောဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် စိန်ဟိုင်းကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းဝင်းအတွင်းရှိ ကျောင်းဆောင်သစ် ဖွင့်လှစ်ပေးအပ်လှူဒါန်းပွဲကို ယနေ့ နံနက်က အဆိုပါ ကျောင်းရှေ့ရင်ပြင်၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစံမင်းအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးသန်းဆွေဝင်း၊ တိုင်းဒေသကြီး ပညာရေးမှူး ဦးကျော်ဝင်း၊ အလှူရှင်မိသားစုကိုယ်စား ဦးသော်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားပြီး အလှူရှင်မိသားစုက ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်လှူဒါန်းကာ အလှူရှင် ဆရာတော် ဘဒ္ဒန္တ ပညိန္ဒာဘိဝံသက ဩဝါဒစကား မြွက်ကြားခဲ့သည်။



ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့သည့် အလျား ပေ ၁၃၀၊ အနံ ပေ ၃၀၊ အမြင့် ၁၅ ပေရှိ နှစ်ထပ်ကျောင်းဆောင်သစ်နှင့် ကျောင်းသုံးသန့်စင်ခန်းတို့ကို မန္တလေးမြို့ မစိုးရိမ်တိုက်သစ်ဓမ္မဝိနယရုံသီကျောင်း နာယက စာချ ဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသ၏ သက်တော် ၅၀ ပြည့် ရွှေရတုမွေးနေ့ အထိမ်းအမှတ်အဖြစ် ဆရာတော်နှင့်တပည့် ဒါယကာ ဒါယိကာမများ စုပေါင်း၍ ငွေကျပ်သိန်းပေါင်း တစ်ထောင့်ခုနစ်ရာ ကုန်ကျခံ ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

# တိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ် အမျိုးသမီးကော်မတီ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ကန့်ဘလူ ဒီဇင်ဘာ ၁၇**

အမျိုးသမီးများအကြမ်းဖက်မှုလျှော့ချရေး၊ အမျိုးသမီးများ အသက်မွေးဝမ်းကျောင်းနှင့် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး၊ ရင်ခွင်မဲ့ကလေးလျှော့ချရေးအသင်း ဖွဲ့စည်းတည်ထောင်ရေး၊ တိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ်အမျိုးသမီးကော်မတီဝင်များ ပေါင်းစပ်ညှိနှိုင်းခြင်းဖြင့် အကြမ်းဖက်ခံရသော အမျိုးသမီးများ တရားမျှတမှုရရှိစေရန်နှင့် ဖွံ့ဖြိုးတိုးတက်မှုရှိစေရေး ရည်ရွယ်ကာ စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တေဇခန်းမ၌ တိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ် အမျိုးသမီးကော်မတီ အစည်းအဝေးကို ဒီဇင်ဘာ ၁၆ ရက်က ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးအမျိုးသမီးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးလူမှုရေးဝန်ကြီးဒေါက်တာဇော်ဝင်းက အမှာစကားပြောကြားရာတွင် အမျိုးသမီး ငယ်ရွယ်သူများ လူကုန်ကူးခံရခြင်းမှ ကင်းဝေးစေရေးအတွက် အသိပညာပေးလုပ်ငန်းများ တိုးမြှင့်ပညာပေးရန် အရေးကြီးပြီး အကြမ်းဖက်ခြင်း၊ လိင်ပိုင်းဆိုင်ရာအလွဲ အသုံးပြုကျင့်ခြင်း၊ သက်ငယ်မုဒိမ်းမှုကျူးလွန်ခြင်းများ လျော့နည်းပပျောက်စေရေး အတွက် မိဘ၊ ရပ်ရွာအသိပညာပေးလုပ်ငန်းများ၊ ကလေးသူငယ်များကို စနစ်တကျ ပြုစုစောင့်ရှောက်ပေးခြင်း လုပ်ငန်းအစီအစဉ်များကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်လိုအပ်လာပြီဖြစ်ကြောင်း၊ ယခုလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်အတွက် အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လေ့ကျင့်သင်ကြားပေးနိုင်ရေး၊ အမျိုးသမီးအကြမ်းဖက်ခံရမှုလျော့နည်းပပျောက်ရေးတို့အတွက် ရှေ့လုပ်ငန်းစဉ်များချမှတ်နိုင်ရေး တိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ် အမျိုးသမီးကော်မတီများမှ အကြံပြုဆွေးနွေးကြရန်နှင့် ရင်ခွင်မဲ့ကလေးများလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းကို ဖွဲ့စည်းတည်ထောင်ရေးအတွက် အင်တိုက်အားတိုက်ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ်အမျိုးသမီးကော်မတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တို့က အမျိုးသမီး ငယ်ရွယ်သူများ လူကုန်ကူးခံရခြင်းမှကင်းဝေးရေး၊ သက်ငယ်မုဒိမ်းမှုကျူးလွန်ခြင်းများလျော့နည်းပပျောက်ရေး၊ အမျိုးသမီးများ ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုနှင့် ရင်ခွင်မဲ့ကလေးများလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးတင်ပြကြကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# အခြေခံပညာအထက်တန်းကျောင်းခွဲအား အထက်တန်းကျောင်းအဆင့်တိုးမြှင့် ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ဖွင့်လှစ်ပေး

**ဟိုင်းကြီးကျွန်း ဒီဇင်ဘာ ၁၇**

ဟိုင်းကြီးကျွန်းမြို့ ဇီးချိုင်ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းခွဲအား အထက်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်သည့် အခမ်းအနားကို ယမန်နေ့က ကျင်းပခဲ့သည်။

အခမ်းအနားသို့ ရောဝတီတိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတင်စော၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းအောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ စိုးသိမ်း၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးဖြိုးဇော်ရွှေ၊ တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ပညာရေးမှူး (ညွှန်ကြားရေးမှူး) ဦးဆန်းမြင့်ဦး၊ ငပုတောမြို့နယ် ပညာရေးမှူး၊ နိုင်ငံရေးပါတီဝင်များ၊ ပညာရေးဌာနမှ ဆရာ ဆရာမများ၊ အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဒေသခံများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ပညာရေးမှူး (ညွှန်ကြားရေးမှူး)တို့က ကျောင်းရှေ့မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးက အမှာစကားပြောကြားပြီး ငပုတောမြို့နယ် ပညာရေးမှူးက ပညာရေးဆိုင်ရာ လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးကာ အထကဇီးချိုင် ကျောင်းအုပ်ဆရာကြီးက ကျောင်းအဆင့် တိုးတက်လာစေရန် ဆောင် ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြ၍ ဇီးချိုင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**



# လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ရမည်းသင်းမြို့နယ်၌ ဟောပြော

**ရမည်းသင်း ဒီဇင်ဘာ ၁၇**

ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ်ရှိ လျှပ်စစ်မီးစလင်းမည့် မြင်းခြံကျေးရွာ၊ စည်းခုံကျေးရွာနှင့် ရင်ဂတ်ကုန်းကျေးရွာသုံးရွာတို့တွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ဟောပြောပွဲကို ဒီဇင်ဘာ၁၆ ရက်က ကျင်းပရာ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးမျိုးမြင့်က လျှပ်စစ်အသိ၊ လျှပ်စစ်သတိရှိရေးအတွက် ဟောပြောခဲ့ပြီး လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးဆိုင်ရာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ရမည်းသင်းမြို့နယ်အတွင်း ကျေးရွာ ၂၄၇ ရွာရှိသည့်အနက် ၂၀၁၈ ခုနှစ် နိုဝင်ဘာလအတွင်း ၁၅ ရွာ ထပ်မံမီးလင်းနိုင်ပြီဖြစ်၍ ကျေးရွာပေါင်း ၁၃၀ လျှပ်စစ်ရရှိပြီးဖြစ်ကြောင်း သိရသည်။

မီးလင်းပြီးကျေးရွာများတွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် ဟောပြောဆွေးနွေးမှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိသဖြင့် မီးသုံးစွဲပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစွာဖြင့် လျှပ်စစ်ဓာတ်အားကို အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**တင်ဦး(ရမည်းသင်း)**

# ဓာတ်အားလိုင်းတည်ဆောက်ခြင်းနှင့် မလွတ်ကင်းသော နှစ်ရှည်သီးနှံပင် စိုက်ခင်းများအတွက် သီးနှံလျော်ကြေးပေးအပ်

**ခင်ဦး ဒီဇင်ဘာ ၁၇**

၂၃၀ကေဗွီ နဘား - ရွှေဘို - အုန်းတော ဓာတ်အားလိုင်း တည်ဆောက်ရာတွင် လိုင်းအူကြောင်းတစ်လျှောက် ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော နှစ်ရှည်သီးနှံပင် စိုက်ခင်းများအတွက် နစ်နာခဲ့သော တောင်သူတစ်ဦးချင်းသို့ သီးနှံလျော်ကြေးငွေ ပေးအပ်ပွဲကို စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ယမန်နေ့က ကျင်းပသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းအောင်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်သင်းသင်းကြူတို့က အမှာစကားပြောကြားခဲ့ပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်က သီးနှံလျော်ကြေးငွေအဖြစ် ဖောင်ဒေးရှင်းကာလ၊ တိုင်ထောင်ကာလ၊ ကြိုးဆွဲကာလတို့တွင် ဆောင်ရွက်နေမှုအတွက် ပေးလျော်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ဓာတ်အားပို့လွှတ်ရေးစီမံကိန်း (မြောက်ပိုင်း) စီမံကိန်းမန်နေဂျာရုံး(၃)၊ မန္တလေးစီမံကိန်းမန်နေဂျာ ဦးထွန်းအောင်က ခင်ဦးမြို့နယ်တွင် ထိခိုက်နစ်နာခဲ့သော သီးနှံလျော်ကြေးနှင့် စီမံကိန်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။



အလယ်ကျေးရွာတွင် တောင်သူ ၁၀ ဦးအတွက် လျော်ကြေးငွေကျပ် ၁၂၂၇၂၄၆၀၊ ညောင်ကန်ကျေးရွာတွင် တောင်သူ ကိုးဦးအတွက် လျော်ကြေးငွေကျပ် ၃၅၈၄၅၂၀၊ ကြို့ကန်ကျေးရွာတွင် တောင်သူ ၂၈ ဦးအတွက် လျော်ကြေးငွေကျပ် ၁၆၆၀၁၅၂၀၊ ရှားလွင်ကျေးရွာတွင် တောင်သူ ငါးဦးအတွက် လျော်ကြေးငွေကျပ် ၈၂၁၇၄၂၀၊ ရွာသစ်ကျေးရွာတွင် တောင်သူ ငါးဦးအတွက် လျော်ကြေးငွေကျပ် ၂၁၅၆၅၂၀၊ စုစုပေါင်း တောင်သူ ၅၇ တို့အတွက် သီးနှံလျော်ကြေးငွေကျပ် ၄၂၈၃၂၄၄၀၀ တို့ကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**စိုးဝေအောင်**

# မိုင်းဖြတ်မြို့နယ်၌ နမ့်လောက်ကျေးရွာအုပ်စုအတွင်းရှိ လယ်ယာမြေဧက ၂၀၀၀ခန့်အတွက် ရေလွှဲဆည်တည်ဆောက်ပေးမည်



**မိုင်းဖြတ် ဒီဇင်ဘာ ၁၇**

ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းဖြတ်မြို့နယ်တွင် နမ့်လောက်ကျေးရွာအုပ်စုတွင်းနှင့် အနီးနားရှိကျေးရွာများမှ လယ်ယာမြေများ ရာသီမရွေး စိုက်ပျိုးနိုင်ရေးအတွက် သစ်ဆူးပင်ရေလွှဲဆည် တည်ဆောက်ပေးနိုင်ရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်၊ မြို့နယ်ဆည်မြောင်း ဦးစီးဌာန ဦးစီးအရာရှိ ဦးဟန်ထွန်းနှင့် တာဝန်ရှိသူများသည် ဒီဇင်ဘာ ၁၆ က မြေနေရာ သတ်မှတ်ရွေးချယ်ခြင်းနှင့် တိုင်းတာစစ်ဆေးခြင်းကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ သစ်ဆူးပင်ရေလွှဲဆည်ကို မြို့နယ်ဆည်မြောင်းဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ရန်ပုံငွေကျပ် သန်း ၁၄၅ ဖြင့် ဦးစီးအရာရှိ ဦးဟန်ထွန်းက ဦးစီးဆောင်ရွက်မည်ဖြစ်ပြီး ရေလွှဲဆည်ဆောက်လုပ် ပြီးစီးသွားပါက နမ့်လောက် အုပ်စုအတွင်းရှိ နမ့်လောက်၊ တာမ၊ ဖွေးဟုန်း၊ ဝမ်ဆာ စသည့်ကျေးရွာများနှင့် အနီးနားရှိ ကျေးရွာ ၁၃ ရွာမှ လယ်ယာမြေ ရေသောက်ဧကပေါင်း ဧက ၂၀၀၀ ခန့်အတွက် အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

**သန်းထွန်းအေး(ပြန်/ဆက်)**

## ရန်ကင်း၌ နိုင်ငံသားစိစစ်ရေးကတ် နေ့ချင်းပြီးဆောင်ရွက်ပေး

**ရန်ကင်း ဒီဇင်ဘာ ၁၇**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် ရပ်ကွက်ရှိ ပြည်သူများ နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စုလူဦးရေ စာရင်းများအား အဆင်ပြေလွယ်ကူစွာရရှိစေရန်အတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ဒုတိယကြီးကြပ်ရေးမှူးက ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားများကို အမြန်ဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လိုအပ်သော အထောက်အထားများကို ပြည့်စုံစွာ ကြိုတင်ဆောင်ရွက်ထားရန်လိုကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ဆောင်းရာသီတွင် အဖြစ်များသောရောဂါများ

ယခုကဲ့သို့ဆောင်းဦးမှစတင်၍ ဆောင်းရာသီတွင်အဖြစ်များသော ကူးစက်ရောဂါများကို ကြိုတင်သတိပြုကာကွယ်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

| စဉ် | ရောဂါများ | ကူးစက်ပျံ့နှံ့ပုံ/ဖြစ်ပွားပုံ | ကြိုတင်ကာကွယ်ရေးနည်းလမ်းများ |
|---|---|---|---|
| ၁။ | ပန်းနာရင်ကျပ်ရောဂါ | ဓာတ်မတည့်သောအရာများကို ထိမိကိုင်မိစားမိခြင်းတို့ကြောင့် ဖြစ်ပွားပါသည်။ | (၁) ဓာတ်မတည့်သောအရာများကို ရှောင်ကြဉ်ပါ။ (၂) ကျန်းမာရေးဝန်ထမ်းများမှညွှန်ကြားသည့် အတိုင်းဆေးကိုပုံမှန်သောက်ပါ။ |
| ၂။ | နာတာရှည် လေပြွန်ကျဉ်း အဆုတ်ပွရောဂါ | ❇ ဆေးလိပ်သောက်ခြင်းနှင့် ဆေးလိပ်ငွေ့ကို ရှူရှိုက်ခြင်း<br>❇ ညစ်ညမ်းသောလေကို ရှူမိခြင်းတို့ကြောင့် ဖြစ်ပွားသည်။ | (၁) ဆေးလိပ်ဖြတ်ပါ။ (၂) ဖုန်၊ မီးခိုးငွေ့စသည်တို့ကို ရှောင်ပါ။ (၃) ကျန်းမာရေးဝန်ထမ်းများမှ ညွှန်ကြားသည့် အတိုင်း ဆေးကို ပုံမှန်သောက်ပါ။ |
| ၃။ | ဝမ်းပျက်ဝမ်းလျှောရောဂါများ | ❇ မသန့်ရှင်းသော ရေသောက်သုံးခြင်း<br>❇ ယင်နားစာများ စားသုံးခြင်း<br>❇ တစ်ကိုယ်ရေသန့်ရှင်းမှု အားနည်းခြင်း<br>❇ ပတ်ဝန်းကျင်သန့်ရှင်းမှုအားနည်းခြင်းတို့ကြောင့် ကူးစက်ပါသည်။ | (၁) ရေကို(ဖြစ်နိုင်ပါက)ကျိုချက်၍ သောက်သုံးပါ။ (၂) အစားအစာများကိုပူပူနွေးနွေးစားသုံးပါ၊ ယင်မနားအောင်ဖုံးအုပ်ထားပါ၊ ယင်နားစာများကိုရှောင်ကြဉ်ပါ။ (၃) အစာမစားမီနှင့် အိမ်သာအထွက်တွင် လက်ကိုဆပ်ပြာဖြင့်ဆေးပါ။ (၄) လက်သည်းညှပ်ပါ။ (၅) မိမိအိမ်နှင့် ပတ်ဝန်းကျင်တွင် ယင်ကောင်၊ ကြွက်စသည်တို့ မခိုအောင်းစေရန် အမှိုက်သရိုက်များကို ရှင်းလင်းထားပါ။ |
| ၄။ | ရာသီတုပ်ကွေးရောဂါ | ရောဂါရှိသူနှာချေ/ ချောင်းဆိုးခြင်းဖြင့် အသက်ရှူလမ်းကြောင်းမှတစ်ဆင့် အခြားသူများသို့ ကူးစက်ပါသည်။ | (၁) နှာချေတိုင်း/ ချောင်းဆိုးတိုင်း နှာခေါင်းနှင့်ပါးစပ်ကိုလုံအောင် အုပ်ပါ။ (၂) လက်ကိုဆပ်ပြာဖြင့် မကြာခဏဆေးပါ။ (၃) လူထူထပ်သောနေရာများနှင့် ပွဲလမ်းသဘင်များသို့သွားလာခြင်းကို ရှောင်ကြဉ်ပါ။ |

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၇-၁၂-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၃၆၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၅၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၃၆၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၅၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၄၅/၉၆၅ | ကျပ် | ၉၆၀/၉၈၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၅၅/၉၇၅ | ကျပ် | ၉၇၅/၉၉၅ | ကျပ် |
| အောက်တိန်း ၉၂ | ၇၉၀/၈၁၀ | ကျပ် | ၈၃၀/၈၅၀ | ကျပ် |
| အောက်တိန်း ၉၅ | ၈၅၀/၈၇၅ | ကျပ် | ၈၉၀/၉၂၅ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၇၈ ・ ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၈၄ ・ ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၄၆ ・ ၈ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၈၄ ・ ၈ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၉၀ ・ ၆ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၁၃၂ ・ ၁ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၈ ・ ၇၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ ・ ၉၄၁ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၉ ・ ၄၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၆ ・ ၆၆ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၈ ・ ၀၉၅ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

**မြန်မာ့အလင်း**

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - | ဝင်းကျော် |
| **စာတည်းမှူး** | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - | ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews
Presented by NPE
www.mdn.gov.mm

မျက်မှောက်ခေတ်သည် ကမ္ဘာ့သမိုင်းတွင် တတိယအကြိမ်မြောက် ပါဝါအရွှေ့အပြောင်းကာလဖြစ်ပြီး စူပါပါဝါအမေရိကန်နှင့် အနောက်နိုင်ငံများမှလွဲ၍ ကျန်နိုင်ငံများစန်းထသောကာလဟူ၍ အမေရိကန်ဂျာနယ်လစ် ဖာရိဒ်ဇက္ကရီးယားက ဆိုခဲ့ဖူးသည်။ အိန္ဒိယသမုဒ္ဒရာကို မျက်နှာမူသော အိန္ဒိယနိုင်ငံနှင့် ပစိဖိတ်သမုဒ္ဒရာကို မျက်နှာမူသော တရုတ်နိုင်ငံတို့ ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံပေါ်သို့ တက်လှမ်းခဲ့ပြီးနောက်တွင် "သမုဒ္ဒရာနှစ်စင်း သီအိုရီ" ပေါ်ထွက်လာသည်။ အဆိုပါ သီအိုရီသည် စူပါပါဝါနိုင်ငံကြီးနှင့်တကွ ပါဝါနိုင်ငံသစ်များ၊ အင်ဒို-ပစိဖိတ်ရပ်ဝန်းမှ နိုင်ငံများနှင့် အာဆီယံနိုင်ငံများအတွက်သာမက မိမိတို့မြန်မာနိုင်ငံအတွက်ပါ အရေးပါသလို စိတ်ဝင်စားဖွယ်ကောင်းပြီး၊ လေ့လာနားလည်ရန်လိုအပ်သည့်အတွက် စာရေးဆရာ တက္ကသိုလ်ဟန်စိုးဦး လေ့လာပြုစုရေးသားထားသည့် " သမုဒ္ဒရာနှစ်စင်း သီအိုရီ (သို့မဟုတ်) အင်ဒို- ပစိဖိတ်မဟာဗျူဟာ" ဆောင်းပါးကို အပတ်စဉ် အခန်းဆက်ဆောင်းပါးအဖြစ် ဖော်ပြအပ်ပါကြောင်း။

(စာတည်းအဖွဲ့)



# သမုဒ္ဒရာနှစ်စင်း သီအိုရီ (သို့မဟုတ်) အင်ဒို-ပစိဖိတ်မဟာဗျူဟာ

တက္ကသိုလ် ဟန်စိုးဦး

## (၁) နိဒါန်း

အခုဆိုရင် ကမ္ဘာ့နိုင်ငံရေးမှာ အပြောင်းအလဲတစ်ခုအဖြစ် ပေါ်ထွက်လာတဲ့ ပထဝီနိုင်ငံရေး အယူအဆကတော့ အင်ဒို-ပစိဖိတ်မဟာဗျူဟာ (Indo-Pacific Strategy) လို့ အမည်ပေးထားတဲ့ နိုင်ငံရေးအခင်းအကျင်းသစ်တစ်ရပ်ပဲ ဖြစ်ပါတယ်။ အင်ဒို-ပစိဖိတ်ဆိုတဲ့ အသုံးအနှုန်းက အရှေ့အာရှနဲ့ အရှေ့တောင်အာရှ ကမ်းရိုးတန်းဒေသများနဲ့ တစ်ဆက်တည်း ကမ်းလွန်ပင်လယ်ပြင်တွေ အပါအဝင် အိန္ဒိယသမုဒ္ဒရာနဲ့ ပစိဖိတ်သမုဒ္ဒရာကြီး နှစ်ခုကို ပထဝီနိုင်ငံရေးဒေသကြီးတစ်ခုအဖြစ် ဆက်စပ်ပေါင်းစည်းစဉ်းစားတဲ့ အယူအဆဖြစ်ပါတယ်။ ဒါကြောင့်ဒီဆောင်းပါးကို သမုဒ္ဒရာ နှစ်စင်း သီအိုရီလို့ ခေါင်းစဉ်ပေးထားပါတယ်။ အင်ဒို-ပစိဖိတ်မဟာဗျူဟာမှာ နိုင်ငံရေး၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ပေါင်းစည်းဆက်နွှယ်မှု၊ တရားဥပဒေစိုးမိုးမှု၊ ကာကွယ်ရေး၊ လုံခြုံရေးစတဲ့ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍတွေ အများအပြား ပါဝင်နေပေမယ့် ကာကွယ်ရေးနဲ့ လုံခြုံရေး၊ အထူးသဖြင့် ပင်လယ်ရေလမ်းကြောင်းတွေ လုံခြုံရေးကို အထူးအလေးပေးမှု ရှိနေတယ်လို့ နိုင်ငံရေးလေ့လာသုံးသပ်သူတွေရဲ့ ထင်မြင်သုံးသပ်မှုတွေလည်း အများအပြား ရှိနေပါတယ်။

လက်ရှိမှာ အာရှ-ပစိဖိတ်ဒေသတွင်း ကဏ္ဍပေါင်းစုံမှာ ပူးပေါင်းဆောင်ရွက်မှုတွေ အများအပြား အရှိန်ရနေပြီ ဖြစ်ပေမယ့် အင်ဒို-ပစိဖိတ်ဒေသလုံးဆိုင်ရာ မဟာဗျူဟာ ဟာ အာရှ-ပစိဖိတ်ဒေသကို လွှမ်းခြုံကျော်လွှားပြီး ပထဝီနိုင်ငံရေး ဒေသသစ်တစ်ခုအဖြစ် ပူးပေါင်းဆောင်ရွက်မှု ပုံစံသစ်တစ်ရပ်ကို ဖော်ဆောင်သွားနိုင်ဖို့ ကြိုးပမ်းမှုဖြစ်ပါတယ်။ တစ်နည်းအားဖြင့် အာရှ-ပစိဖိတ်အခင်းအကျင်းမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရှိပြီး ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှုအရ ရှေ့တန်းမှာ ရောက်ရှိနေတဲ့၊ ကာကွယ်ရေးအရလည်း စွမ်းရည်မြှင့်တင်မှုတွေကို ကြိုးပမ်းဆောင်ရွက်နေတဲ့ တရုတ်နိုင်ငံရဲ့ ဩဇာတိက္ကမ ကြီးမားလာမှုကို ထိန်းချုပ်နိုင်ဖို့ ရည်ရွယ်ချက်နဲ့ အင်ဒို-ပစိဖိတ် အခင်းအကျင်းသစ်ကို ပုံဖော်ခြင်းဖြစ်တယ်လို့ သုံးသပ်မှုတွေလည်းရှိပါတယ်။ ဒီလို ထိန်းချုပ်နိုင်ဖို့အတွက် ၁၉၉၀ ပြည့်နှစ် နောက်ပိုင်းကာလတွေကစပြီး စီးပွားရေးအရနဲ့ ကာကွယ်ရေးအရ အင်အားကြီးမားလာတဲ့ အိန္ဒိယနိုင်ငံကို ဒေသတွင်း နိုင်ငံရေးအခင်းအကျင်းမှာ ပိုမိုပါဝင်လာနိုင်စေဖို့ စဉ်းစားလာကြပါတယ်။ လက်ရှိ အာရှ-ပစိဖိတ် နိုင်ငံရေးအခင်းအကျင်းမှာ ပထဝီအနေအထားအရ အိန္ဒိယနိုင်ငံဟာ ထဲထဲဝင်ဝင် ပါဝင်နိုင်ခြင်းမရှိတာကြောင့် အိန္ဒိယနိုင်ငံပါဝင်တဲ့ အိန္ဒိယသမုဒ္ဒရာကိုပါ ထည့်သွင်းပေါင်းစည်းပြီး အင်ဒို-ပစိဖိတ်မဟာဗျူဟာကို ဖော်ထုတ်လာကြတာ ဖြစ်ပါတယ်။ အင်ဒို-ပစိဖိတ်မဟာဗျူဟာကို ထုဆစ်ပုံဖော်ရာမှာ အဓိကကျတဲ့ နိုင်ငံကြီးတွေကတော့ ဂျပန်၊ ဩစတြေးလျ၊ အမေရိကန်ပြည်ထောင်စုနဲ့ အိန္ဒိယနိုင်ငံတို့ ဖြစ်ပါတယ်။

အခုလို မဟာဗျူဟာမြောက် ပထဝီနိုင်ငံရေးအယူအဆသစ်ကို ဖော်ထုတ်လာတဲ့အတွက် အာရှ-ပစိဖိတ်နိုင်ငံရေး အခင်းအကျင်းမှာ အသားကျနေပြီဖြစ်တဲ့ နိုင်ငံအချို့၊ အဖွဲ့အစည်းအချို့အတွက် စိုးရိမ်ပူပန်မှုတွေလည်း ရှိလာခဲ့ပါတယ်။ အာဆီယံအသင်းကြီးလည်း အပါအဝင် ဖြစ်ပါတယ်။ ဒီနိုင်ငံရေး အယူအဆသစ်မှာ စိတ်ဝင်စားဖို့ ကောင်းတဲ့အချက်က အရှေ့တောင်အာရှဒေသဟာ အိန္ဒိယသမုဒ္ဒရာနဲ့ ပစိဖိတ်သမုဒ္ဒရာကြီး နှစ်ခုကို ဆက်သွယ်ပေါင်းကူးပေးထားတဲ့နေရာမှာ အချက်အချာကျကျ တည်ရှိနေခြင်းဖြစ်ပါတယ်။ ဂျပန်၊ ဩစတြေးလျနိုင်ငံ၊ အမေရိကန်နဲ့ အိန္ဒိယနိုင်ငံတို့က နိုင်ငံအလိုက်ရေးဆွဲသတ်မှတ်အကောင်အထည်ဖော်နေတဲ့ မဟာဗျူဟာတွေကို လေ့လာကြည့်ရင် အားလုံးက အာဆီယံအဖွဲ့ကြီးအပါအဝင် အရှေ့တောင်အာရှနိုင်ငံများနဲ့ ပူးပေါင်းဆောင်ရွက်မှုဟာ အရေးပါကြောင်း၊ အာဆီယံအသင်းကြီးဟာ အင်ဒို-ပစိဖိတ် ဒေသအတွင်းမှာလည်း အချက်အချာနေရာကနေ ဆက်လက်ပါဝင်နေမှာဖြစ်ကြောင်း ဖော်ပြထားတာကို တွေ့ရပါတယ်။

နိုင်သလဲ၊ အရှေ့တောင်အာရှဒေသအတွက် ဘယ်လိုအကျိုးကျေးဇူးတွေ ရလာနိုင်မလဲ၊ အပြုသဘောမဆောင်တဲ့ သက်ရောက်မှုတွေ ရှိလာနိုင်မလားဆိုတာ ဒီဆောင်းပါးမှာ လေ့လာတင်ပြသွားမှာ ဖြစ်ပါတယ်။

## (၂) အင်ဒို-ပစိဖိတ်မဟာဗျူဟာအစ

အင်ဒို-ပစိဖိတ် မဟာဗျူဟာအယူအဆကို နိုင်ငံရေးသုတေသီပညာရှင်တွေက စတင်ရေးသားခဲ့ကြတာ ကြာပြီဖြစ်ပေမယ့် အစိုးရရဲ့ မူဝါဒတစ်ရပ်အဖြစ် စတင်ဖော်ထုတ်ခဲ့သူဟာ ဂျပန်နိုင်ငံဝန်ကြီးချုပ် ရှင်ဇိုအာဘေး ဖြစ်တယ်လို့ ပြောနိုင်ပါတယ်။ ၂၀၀၆ ခုနှစ် ပထမအကြိမ် ဝန်ကြီးချုပ် တာဝန်ကို ထမ်းဆောင်ချိန်မှာ ရှင်ဇိုအာဘေးဟာ အိန္ဒိယနိုင်ငံကို သွားရောက်လည်ပတ်ခဲ့တဲ့ ခရီးစဉ်အတွင်း မိန့်ခွန်းတစ်ရပ် ပြောကြားခဲ့စဉ် အိန္ဒိယသမုဒ္ဒရာနဲ့ ပစိဖိတ်သမုဒ္ဒရာ နှစ်စင်း ထိတွေ့ပေါင်းစည်းခြင်း (Confluence of the two seas) အယူအဆကို စတင်ဖော်ထုတ် တင်ပြခဲ့ပါတယ်။ သူ့ရဲ့ တင်ပြချက်မှာ အာရှဒီမိုကရေစီ နိုင်ငံကြီးတွေဖြစ်ကြတဲ့ ဂျပန်၊




အင်ဒို-ပစိဖိတ်ဒေသမြေပုံ

တစ်ဖက်မှာလည်း ကမ္ဘာ့နိုင်ငံအများအပြားက လက်ခံကျင့်သုံးနေပြီဖြစ်တဲ့ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်တွေ၊ ယန္တရားတွေလည်း အခြေတကျရှိနေပြီးဖြစ်တဲ့ အာရှ-ပစိဖိတ် နိုင်ငံရေးအခင်းအကျင်းကနေ အင်ဒို-ပစိဖိတ်နိုင်ငံရေး အခင်းအကျင်းကို ပြောင်းလဲဖော်ဆောင်မှုအပေါ် ဝေဖန်ပြောကြားမှုတွေလည်း အများအပြားရှိနေပါတယ်။ သို့သော်လည်း အင်ဒို-ပစိဖိတ် ပထဝီနိုင်ငံရေးအသုံးအနှုန်းဟာ အခုဆိုရင် နိုင်ငံတကာ ဆွေးနွေးပွဲတွေမှာ တွင်တွင်ကျယ်ကျယ် သုံးစွဲလာကြပြီ ဖြစ်သလို သက်ဆိုင်ရာနိုင်ငံတွေအနေနဲ့လည်း နိုင်ငံရေးအခင်းအကျင်းသစ်နဲ့ ပတ်သက်ပြီး မူဝါဒတွေကိုလည်း တရားဝင်ထုတ်ပြန်လာခဲ့ကြပြီ ဖြစ်ပါတယ်။ ဒါကြောင့် ဒီပထဝီ နိုင်ငံရေး အခင်းအကျင်းသစ်ကနေ ဘယ်လိုအကျိုးဆက်တွေ ဖြစ်လာ

ဩစတြေးလျ၊ အမေရိကန်နဲ့ အိန္ဒိယနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်သွားခြင်းဖြင့် အာရှဒေသရဲ့ လွတ်လပ်မှုနဲ့ ကြွယ်ဝချမ်းသာမှုကို ထိန်းသိမ်းမြှင့်တင်သွားဖို့ဖြစ်ပါတယ်။ အထူးသဖြင့် တရုတ်နိုင်ငံရဲ့ စီးပွားရေးနဲ့ ကာကွယ်ရေးအရ အင်အားကြီးထွားလာမှုကို တုံ့ပြန်နိုင်ဖို့အတွက် အိန္ဒိယနိုင်ငံကိုလည်း စီးပွားရေးနဲ့ ကာကွယ်ရေးအရ အင်အားကြီးမားလာစေဖို့ နိုင်ငံတကာမျက်နှာစာမှာ ပိုမိုအရေးပါတဲ့ကဏ္ဍက ပါဝင်ဆောင်ရွက်လာစေဖို့ ကြိုးပမ်းသွားရမှာဖြစ်ကြောင်း ရှင်ဇိုအာဘေးက ခံယူထားပါတယ်။

ဒီခံယူချက်နဲ့အညီ သက်ဆိုင်ရာနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်နိုင်စေမယ့် လွတ်လပ်မှုနှင့် ကြွယ်ဝချမ်းသာမှု စက်ဝန်း (Arc of Freedom and Prosperity) လို့ အမည်ပေးထားတဲ့ နိုင်ငံခြားရေးမူဝါဒတစ်ရပ်ကိုလည်း ချမှတ်ခဲ့ပါတယ်။ ဒီမူဝါဒအရ အာရှဒေသမှာရှိတဲ့ ဒီမိုကရေစီ စနစ်ကို ကျင့်သုံးကြတဲ့ နိုင်ငံတွေအကြား ဒီမိုကရေစီ စံနှုန်းတန်ဖိုးများနဲ့အညီ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ပြီး ကြွယ်ဝချမ်းသာမှုကို ဖော်ဆောင်သွားဖို့ ဖြစ်ပါတယ်။ ဒါကြောင့် ဒီမူဝါဒကိုစံနှုန်းများကို အခြေခံတဲ့သံခင်းတမန်ခင်း (Value-oriented Diplomacy) လို့လည်း သတ်မှတ်ခေါ်ဝေါ်ခဲ့ပါတယ်။ ဝန်ကြီးချုပ် ရှင်ဇိုအာဘေးဟာ The Quad လို့ နိုင်ငံတကာမှာ လူသိများတဲ့ ဂျပန်၊ အမေရိကန်၊ ဩစတြေးလျနဲ့ အိန္ဒိယနိုင်ငံတို့ ပါဝင်တဲ့ လေးနိုင်ငံ ဆွေးနွေးပွဲ (The Quadrilateral Dialogue) တွေကို ၂၀၀၇ ခုနှစ် မေလမှာ စတင်ပြုလုပ်ခဲ့သလို ဂျပန်၊ အမေရိကန်၊ ဩစတြေးလျ၊ အိန္ဒိယနဲ့ စင်ကာပူနိုင်ငံတို့ပါဝင်တဲ့ မာလာဘာ ရေတပ်ပူးတွဲစစ်ရေးလေ့ကျင့်မှု (Malabar naval exercise) ကိုလည်း ၂၀၀၇ ခုနှစ်



ဩစတြေးလျ ဝန်ကြီးချုပ်ဟောင်း Kevin Rudd (တရုတ်နိုင်ငံနှင့် ထိတွေ့ဆက်ဆံမှုတိုးမြှင့်ရေးကို အလေးထားသူ ၎င်း၏လက်ထက်တွင် The Quad ဆွေးနွေးပွဲများ ရပ်ဆိုင်းသွားခဲ့သည်)

စက်တင်ဘာလမှာ စတင်ပြုလုပ်ခဲ့ပါတယ်။ သို့သော်လည်း စစ်ရေးလေ့ကျင့်မှု ပြုလုပ်ပြီး ကိုးရက်အကြာမှာ ပြည်တွင်းနိုင်ငံရေးအခြေအနေတွေကြောင့် ရှင်ဇိုအာဘေးဟာ ဝန်ကြီးချုပ်ရာထူးကနေ နုတ်ထွက်ခဲ့ရပါတယ်။ အလားတူ နောက်သုံးလအကြာ ဩစတြေးလျနိုင်ငံ ရွေးကောက်ပွဲမှာ လေဘာပါတီခေါင်းဆောင် ကယ်ဗင်ရတ်ဒ် (Kevin Rudd) အနိုင်ရရှိခဲ့ပါတယ်။ ဝန်ကြီးချုပ် ကယ်ဗင်ရတ်ဒ်ဟာ တရုတ်နိုင်ငံနဲ့ ထိတွေ့ဆက်ဆံမှုကို တိုးမြှင့်ဖို့ ဆန္ဒရှိသူတစ်ဦးဖြစ်တာကြောင့် ၂၀၀၈ ခုနှစ်မှာ The Quad ဆွေးနွေးပွဲတွေကနေ ပြန်လည်ဆုတ်ခွာသွားတဲ့အတွက် လေးနိုင်ငံ ပူးပေါင်းဆောင်ရွက်မှုတွေဟာ ရပ်တန့်သွားခဲ့ရပါတယ်။

အင်ဒို-ပစိဖိတ်မဟာဗျူဟာ အယူအဆကို ၂၀၁၀ ပြည့်နှစ်ကာလတွေမှာ ပြန်လည်ဖော်ထုတ်လာတာကတော့ အမေရိကန်နိုင်ငံ ဖြစ်ပါတယ်။ အဲဒီမဟာဗျူဟာကို ပြန်လည်ဖော်ထုတ်မှုရဲ့အစဟာ အမေရိကန်နိုင်ငံရဲ့နိုင်ငံခြားရေးမူဝါဒမှာ အပြောင်းအလဲလို့ဆိုနိုင်တဲ့ အာရှဒေသဘက် ခြေဦးပြန်လှည့်ရေး မူဝါဒ (Back to Asia Policy) လို့ ပြောနိုင်ပါတယ်။ သမ္မတ အိုဘားမားလက်ထက် ၂၀၁၂ ခုနှစ် ဇန်နဝါရီလမှာ အမေရိကန်နိုင်ငံဟာ Back to Asia Policy ကို တရားဝင်ကြေညာခဲ့ပါတယ်။ တကယ်တော့ သမ္မတ အိုဘားမားလက်ထက်မှာ ဒီမူဝါဒကို ကြေညာခဲ့ခြင်းဟာ တတိယမြောက် ကြိုးပမ်းအားထုတ်မှုလို့ ပြောရင်ရပါတယ်။ ဘာကြောင့်လဲဆိုတော့ သမ္မတ ဂျော့ချ်ဘုရှ်လက်ထက်မှာ တစ်ကြိမ်၊ သမ္မတ ကလင်တန်လက်ထက်မှာ တစ်ကြိမ် အာရှဒေသဘက် ခြေဦးပြန်လှည့်ရေး မူဝါဒကို အသီးသီးကြေညာခဲ့ကြပေမယ့် လက်တွေ့မှာ အမေရိကန်ရဲ့အာရုံစူးစိုက်မှုဟာ အီရတ်နဲ့ အာဖဂန်နစ္စတန်နိုင်ငံတွေအပေါ်မှာသာ ရှိနေခဲ့ပြီး အာရှ-ပစိဖိတ်ဒေသဘက် ရောက်မလာခဲ့ပါဘူး။

အမေရိကန်နိုင်ငံဟာ အီရတ်နဲ့ အာဖဂန်နစ္စတန်နိုင်ငံတွေအပေါ်မှာသာ အာရုံစိုက်နေချိန်မှာ အာရှ-ပစိဖိတ်ဒေသက တရုတ်နိုင်ငံဟာ စီးပွားရေးအရ အံ့ဩစရာကောင်းလောက်အောင် တိုးတက်မှုတွေ ရရှိခဲ့သလို စစ်ရေးအင်အားတည်ဆောက်မှု အပိုင်းမှာလည်း ကြိုးပမ်းဆောင်ရွက်လာခဲ့ပါတယ်။ တရုတ်နိုင်ငံရဲ့ အာရှ-ပစိဖိတ်ဒေသတွင်း စီးပွားရေးအရရော ကာကွယ်ရေး အပိုင်းမှာပါ အင်အားတောင့်တင်းခိုင်မာလာမှုဟာ ကမ္ဘာ့အင်အားကြီးနိုင်ငံအဖြစ် ခံယူထားတဲ့ အာရှ-ပစိဖိတ်ဒေသရဲ့

> "အာရှ-ပစိဖိတ်အခင်းအကျင်းမှာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုရှိပြီး ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှုအရ ရှေ့တန်းမှာ ရောက်ရှိနေတဲ့၊ ကာကွယ်ရေးအရလည်း စွမ်းရည်မြှင့်တင်မှုတွေကို ကြိုးပမ်းဆောင်ရွက်နေတဲ့ တရုတ်နိုင်ငံရဲ့ ဩဇာတိက္ကမ ကြီးမားလာမှုကို ထိန်းချုပ်နိုင်ဖို့ ရည်ရွယ်ချက်နဲ့ အင်ဒို-ပစိဖိတ် အခင်းအကျင်းသစ်ကို ပုံဖော်ခြင်းဖြစ်တယ်လို့ သုံးသပ်မှုတွေလည်း ရှိပါတယ်"

*စာမျက်နှာ ၁၉ သို့*

*စာမျက်နှာ ၁၈ မှ*

ဒေသတွင်း အင်အားကြီးနိုင်ငံအဖြစ်ပါ သတ်မှတ်ထားတဲ့ အမေရိကန်နိုင်ငံအတွက် စိုးရိမ်စရာ ဖြစ်လာခဲ့ပါတယ်။ အလားတူ မြောက်ကိုရီးယားနိုင်ငံဟာလည်း အဏုမြူလက်နက် ထုတ်လုပ်နိုင်ရေးအတွက် ကြိုးပမ်းအားထုတ်လာမှုတွေကြောင့် အမေရိကန်အပါအဝင် သူ့ရဲ့မဟာမိတ်နိုင်ငံတွေရဲ့ လုံခြုံရေး အခြေအနေတွေကိုပါ ခြိမ်းခြောက်မှုတွေ ဖြစ်ပေါ်လာစေခဲ့ပါတယ်။ အမေရိကန်ရဲ့အာရှ-ပစိဖိတ်ဒေသ မူဝါဒရည်မှန်းချက်တွေကတော့ ကိုရီးယားကျွန်းဆွယ်ဒေသနဲ့ တောင်အာရှဒေသတွေမှာ လူအစုလိုက်အပြုံလိုက်သေစေနိုင်တဲ့ လက်နက်တွေ ပြန့်ပွားမှုကို တားဆီးနိုင်ဖို့၊ ဒေသတွင်းက အမျိုးမျိုးသော ခြိမ်းခြောက်မှုတွေ၊ စိန်ခေါ်မှုတွေကို သင့်လျော်သော လုပ်ငန်းစဉ်များနဲ့ ကိုင်တွယ်ဖြေရှင်းသွားနိုင်ဖို့၊ ဒေသတွင်းမှာ ဒီမိုကရေစီစနစ်ဆီ ပြုပြင်ပြောင်းလဲဖို့ ကြိုးပမ်းဆောင်ရွက်လာတဲ့ နိုင်ငံတွေကို အားပေးထောက်ခံသွားဖို့ပဲ ဖြစ်ပါတယ်။

တကယ်တော့ အာရှ-ပစိဖိတ်ဒေသအတွင်းမှာ တရုတ်နိုင်ငံ အင်အားကြီးမားလာခြင်းကြောင့် ဖြစ်ပေါ်လာတဲ့ ပထဝီနိုင်ငံရေး အပြောင်းအလဲတွေဟာ အမေရိကန်နိုင်ငံအတွက် မဟာမိတ်နိုင်ငံတွေနဲ့ ပေါင်းစည်းပြီး အင်ဒို-ပစိဖိတ် မဟာဗျူဟာကို ဖော်ဆောင်လာရခြင်းရဲ့အကြောင်းရင်းလို့ ပြောနိုင်ပါတယ်။ တရုတ်နိုင်ငံသာမကဘဲ ဒေသတွင်းမှာ အိန္ဒိယနိုင်ငံရယ်၊ အခြားဖွံ့ဖြိုးတိုးတက်လာနေတဲ့ နိုင်ငံတွေကြောင့် ကမ္ဘာ့ပထဝီ နိုင်ငံရေးမဟာဗျူဟာရဲ့ ဗဟိုချက်ဟာ အင်ဒို-ပစိဖိတ်ဒေသဖြစ်လာဖို့ အခြေအနေတွေဖန်တီးလာခြင်း ဖြစ်ပါတယ်။ အမေရိကန်နိုင်ငံရဲ့ အင်အားကျဆင်းလာနေမှုရယ်၊ ပထဝီနိုင်ငံရေးနဲ့ စီးပွားရေးအရ အင်ဒို-ပစိဖိတ်ဒေသဟာ ဆွဲဆောင်မှု အားကောင်းလာတာရယ်၊ တရုတ်နိုင်ငံရဲ့အင်အားကြီးမားလာမှုကို ထိန်းချုပ်နိုင်ဖို့ရယ် အချက်တွေကြောင့် မဟာမိတ်ဖွဲ့စည်းမှုတွေ၊ မိတ်ဖက်ဖွဲ့စည်းမှုတွေရဲ့အနေအထားတွေ ပုံစံပြောင်းလဲလာရခြင်းဟာ အင်ဒို-ပစိဖိတ်မဟာဗျူဟာရဲ့ ရည်မှန်းချက်လို့လည်း ပြောနိုင်ပါတယ်။

## (၃) အိန္ဒိယသမုဒ္ဒရာနှင့် ပစိဖိတ်သမုဒ္ဒရာ နှစ်ခု၏ အနေအထား

အိန္ဒိယသမုဒ္ဒရာနဲ့ ပစိဖိတ်သမုဒ္ဒရာကြီးနှစ်ခုရဲ့ အနေအထားကို နှိုင်းယှဉ်ကြည့်မယ်ဆိုရင် စီးပွားရေးနဲ့ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုအဆင့်၊ လုံခြုံရေးနဲ့ တည်ငြိမ်ရေးဆိုင်ရာ အနေအထားတွေမှာ ကွာခြားမှုတွေ ရှိနေတာကို တွေ့မြင်နိုင်ပါတယ်။ ပစိဖိတ်သမုဒ္ဒရာအခြမ်းဟာ သမိုင်းကြောင်းတစ်လျှောက် အင်အားကြီးမားတဲ့ နိုင်ငံကြီးတွေ ပေါ်ထွက်လာခဲ့ပြီး ဒေသရဲ့ တည်ငြိမ်ရေးနဲ့ လုံခြုံရေးကို ခြိမ်းခြောက်မှုပြုခဲ့တဲ့ အနေအထား ဖြစ်ပေါ်ခဲ့တာကိုလည်း တွေ့နိုင်ပါတယ်။ ၂၀ ရာစုအတွင်းမှာ ဂျပန်နိုင်ငံ၊ ၂၁ ရာစုမှာ တရုတ်နိုင်ငံတို့ဟာ ဒေသတွင်း အင်အားကြီးနိုင်ငံ ဖြစ်လာခြင်းတို့ဟာ ဥပမာကောင်းတွေ ဖြစ်ကြောင်း မူဝါဒချမှတ်သူများက ထောက်ပြကြပါတယ်။ ပစိဖိတ်သမုဒ္ဒရာနဲ့ ဆန့်ကျင်ဘက် အိန္ဒိယသမုဒ္ဒရာအခြမ်းမှာတော့ ဟိုက်ဒရိုကာဗွန်လို စွမ်းအင် အရင်းအမြစ်တွေ ပေါများကြွယ်ဝပေမယ့် ဒေသတွင်းနိုင်ငံတွေဟာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အားနည်းခဲ့ပြီး ဒေသတွင်းနိုင်ငံတွေအကြား ကွဲပြားခြားနားမှု များပြားခြင်းဟာ အင်အားကြီးနိုင်ငံအဖြစ် ပေါ်ထွက်လာစေဖို့ အဟန့်အတားတွေ ဖြစ်စေခဲ့ကြောင်း ထောက်ပြကြပါတယ်။ အိန္ဒိယသမုဒ္ဒရာဒေသတွင်း အဓိက ခြိမ်းခြောက်နေတဲ့ အချက်တွေက ပင်လယ်ဓားပြတိုက်မှု၊ မူးယစ်ဆေးဝါးကူးသန်းရောင်းဝယ်မှု၊ တရားမဝင် လက်နက်ကုန်ကူးမှု၊ တရားမဝင် ငါးဖမ်းမှု၊ တရားမဝင် ရွှေ့ပြောင်းနေထိုင်မှုစတဲ့ သမားရိုးကျမဟုတ်တဲ့ လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုတွေ (Non-traditional security challenges) ရှိနေကြောင်း ထောက်ပြကြပါတယ်။

၂၁ ရာစု အာရှ-ပစိဖိတ် နိုင်ငံရေးအခင်းအကျင်းမှာ စီးပွားရေးနဲ့နိုင်ငံရေးအရ အင်အားကြီးမားလာတဲ့ တရုတ်နိုင်ငံဟာ အဓိကနေရာကနေ ပါဝင်လာခဲ့တာကို တွေ့မြင်နိုင်ပါတယ်။ ပြီးခဲ့တဲ့ နှစ်ပေါင်း ၃၀ တိုင်တိုင် ၂၀၁၅ ခုနှစ်အထိ တရုတ်နိုင်ငံဟာ ကမ္ဘာပေါ်မှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အမြန်ဆုံးနိုင်ငံဖြစ်ခဲ့ပြီး စီးပွားရေးတိုးတက်မှုနှုန်းဟာ နှစ်စဉ် ၁၀ ရာခိုင်နှုန်း ရှိခဲ့ပါတယ်။ နိုင်ငံရဲ့ ဂျီဒီပီဟာ ၁၄ ထရီလီယံ ဒေါ်လာရှိပြီး တစ်ဦးချင်းဂျီဒီပီဟာ ဒေါ်လာ ၁၀၀၀၀ ကျော် ရှိပါတယ်။ ကမ္ဘာပေါ်မှာ စီးပွားရေးအရ ဒုတိယအင်အားအကြီးဆုံးနိုင်ငံဖြစ်ပြီး ကုန်ထုတ်လုပ်မှုနဲ့ ပြည်ပကို ထုတ်ကုန်ပစ္စည်းတွေ အများဆုံးတင်ပို့ရောင်းချနေတဲ့ နိုင်ငံတစ်ခု ဖြစ်လာခဲ့ပါတယ်။ လက်ရှိစီးပွားရေးတိုးတက်နှုန်းအတိုင်းဆိုရင် ၂၀၅၀ ပြည့်နှစ်လောက်မှာ အမေရိကန်နိုင်ငံကို ကျော်ဖြတ်ပြီး ကမ္ဘာပေါ်မှာ စီးပွားရေးအရ အင်အားအကြီးဆုံး နိုင်ငံဖြစ်လာဖို့ ရှိပါတယ်။ တစ်ဖက်မှာတော့ အမေရိကန်နိုင်ငံဟာ အရှေ့အလယ်ပိုင်းဒေသအရေးအခင်းတွေမှာ ပါဝင်ဆောင်ရွက်ခဲ့ခြင်း၊ နိုင်ငံရဲ့စီးပွားရေးကျဆင်းလာမှုတို့ကြောင့် အာရှ-ပစိဖိတ်ဒေသမှာ အရှိန်အဝါ ကျဆင်းလာမှုကို ပြန်လည်ကုစားနိုင်ဖို့ အမေရိကန် သမ္မတ အိုဘားမားဟာ ၂၀၀၉ ခုနှစ်မှာ အာရှဒေသသို့ ပြန်လည်ခြေဦးလှည့်ရေးမူဝါဒ (Back to Asia) ကို ဖော်ထုတ်လာခဲ့ပါတယ်။

ဒီမူဝါဒအရ အမေရိကန်နိုင်ငံဟာ အာရှဒေသနိုင်ငံများနဲ့ ထိတွေ့ဆက်ဆံမှုတွေကို တိုးမြှင့်လုပ်ဆောင်လာခဲ့ပါတယ်။ ၂၀၀၉ ခုနှစ်မှာ စတင်ခဲ့တဲ့ မဲခေါင်မြစ်အောက်ပိုင်းနိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ် (Lower Mekong Initiative Cooperation Mechanism) ဟာ ဥပမာတစ်ခု ဖြစ်ပါတယ်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် လက်ထက် ၂၀၁၇ ခုနှစ် နိုဝင်ဘာလအတွင်း အာရှဒေသကို လာရောက်ခဲ့တဲ့ ခရီးစဉ်မှာ အင်ဒို-ပစိဖိတ်မဟာဗျူဟာ အသုံးအနှုန်းကို တရားဝင် စတင်သုံးစွဲခဲ့ပါတယ်။ အမေရိကန်နိုင်ငံအနေနဲ့ စီးပွားရေးအရ အင်အားပြန်လည်ကောင်းမွန်လာစေဖို့နဲ့ တရုတ်နိုင်ငံနဲ့ ပြန်လည်ယှဉ်ပြိုင်နိုင်ရန်၊ တရုတ်နိုင်ငံနဲ့ ရုရှားနိုင်ငံတို့ရဲ့ လုံခြုံရေးအရ ခြိမ်းခြောက်လာမှုတို့ကို ပြန်လည်တုံ့ပြန်နိုင်ရေးတို့ကို အင်ဒို-ပစိဖိတ် မဟာဗျူဟာရဲ့ အရေးပါတဲ့ ရည်မှန်းချက်တွေအဖြစ် ချမှတ်ခဲ့ပါတယ်။ အင်ဒို-ပစိဖိတ် မဟာဗျူဟာမှာ အဓိကနေရာမှ ပါဝင်လာတဲ့နိုင်ငံကတော့ စီးပွားရေးအရ အင်အားကြီးမားလာနေတဲ့၊ အိန္ဒိယသမုဒ္ဒရာရဲ့ အင်အားကြီး နိုင်ငံတစ်ခုဖြစ်တဲ့၊ ကမ္ဘာ့အကြီးဆုံး ဒီမိုကရေစီနိုင်ငံကြီးဖြစ်တဲ့ အိန္ဒိယနိုင်ငံ ဖြစ်ပါတယ်။

၁၉၉၀ ပြည့်နှစ်တွေက စတင်ပြီး စီးပွားရေး သိသာထင်ရှားစွာ တိုးတက်လာတဲ့ အိန္ဒိယနိုင်ငံဟာ အိန္ဒိယသမုဒ္ဒရာရေးရာကိစ္စတွေအတွက် အရေးပါတဲ့နေရာကနေ ပါဝင်လာခဲ့ပါတယ်။ ဒါ့အပြင် အိန္ဒိယနိုင်ငံဟာ အာရှ-ပစိဖိတ်ရေးရာကိစ္စတွေမှာလည်း ချန်လှပ်ထားလို့မရတဲ့ နိုင်ငံတစ်ခု ဖြစ်လာခဲ့ပါတယ်။ အိန္ဒိယနိုင်ငံဟာ ၁၉၉၆ ခုနှစ်မှာ အာဆီယံဒေသဆိုင်ရာဖိုရမ် (ARF) အဖွဲ့ဝင်နိုင်ငံ ဖြစ်လာခဲ့သလို ၂၀၀၅ ခုနှစ်မှ စတင်ကာ အရှေ့အာရှထိပ်သီး အစည်းအဝေးအဖွဲ့ဝင်နိုင်ငံ ဖြစ်လာခဲ့ပါတယ်။ အထူးသဖြင့် အိန္ဒိယသမုဒ္ဒရာအတွင်း စီးပွားရေး၊ လုံခြုံရေးစတဲ့ ပင်လယ်ရေကြောင်းသွားလာမှု ကဏ္ဍနဲ့ ပတ်သက်တဲ့ အရေးကိစ္စတွေမှာ အိန္ဒိယနိုင်ငံရဲ့ ပါဝင်မှုဟာ မရှိမဖြစ် လိုအပ်လာခဲ့ပါတယ်။ တစ်ချိန်တည်းမှာပဲ စီးပွားရေးနှင့် ကာကွယ်ရေးကဏ္ဍမှာ အင်အားကြီးမားလာတဲ့ တရုတ်နိုင်ငံကို အင်အားထိန်းညှိနိုင်ဖို့အတွက် အမေရိကန်အပါအဝင် နိုင်ငံအချို့ဟာ အိန္ဒိယနိုင်ငံရဲ့အရေးပါမှုကို သိမြင်အလေးပေးလာခဲ့ကြပါတယ်။ အိန္ဒိယနိုင်ငံအနေနဲ့လည်း မူလက အင်အားကြီး နိုင်ငံတွေရဲ့နိုင်ငံရေးအားပြိုင်မှုတွေမှာ မပါဝင်ဘဲ ကြားနေမူဝါဒကို လက်ခံကျင့်သုံးခဲ့ပေမယ့် ၎င်းကိုယ်တိုင်က အင်အားကြီး နိုင်ငံတစ်ခု ဖြစ်လာခြင်း၊ အလားတူ စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်လျက်ရှိတဲ့ အရှေ့တောင်အာရှနိုင်ငံများနဲ့ ထိတွေ့ဆက်ဆံမှု တိုးမြှင့်နိုင်ဖို့ ချမှတ်ထားတဲ့ Act East Policy အရ အဆိုပါနိုင်ငံတွေနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ ကြိုးပမ်းလာခြင်းတို့ကြောင့် အိန္ဒိယနိုင်ငံရဲ့နိုင်ငံခြားဆက်ဆံရေး အပိုင်းမှာလည်း ပြောင်းလဲမှုတွေ ဖြစ်ပေါ်လာခဲ့ပါတယ်။

၂၁ ရာစုမှာ အိန္ဒိယသမုဒ္ဒရာနဲ့ ပစိဖိတ်သမုဒ္ဒရာ အနောက်ဘက်ဒေသ နှစ်ခုအကြား ဆက်စပ်ပတ်သက်မှုတွေ များပြားလာတာကလည်း အင်ဒို-ပစိဖိတ်အယူအဆကို ပိုမိုအားဖြည့်ပေးလာတာကို တွေ့နိုင်ပါတယ်။ ပထမအချက်ကတော့ အရှေ့အာရှဒေသဟာ အာဖရိကနဲ့ အနောက်အာရှဒေသက စွမ်းအင်အပါအဝင် သဘာဝအရင်းအမြစ်တွေအပေါ် အလွန်အကျွံမှီခိုနေကြရပြီး ဒီအရင်းအမြစ်တွေကိုလည်း အိန္ဒိယသမုဒ္ဒရာကြီးကတစ်ဆင့် သယ်ယူပို့ဆောင်နေကြရတာ ဖြစ်ပါတယ်။ ဒုတိယအချက်ကတော့ လုံခြုံရေးနဲ့ပတ်သက်ပြီး ၂၀၀၄ ခုနှစ်မှာ အမေရိကန်နိုင်ငံရဲ့ ဦးဆောင်မှုနဲ့ စတင်ဖွဲ့စည်းခဲ့တဲ့ အစုလိုက်အပြုံလိုက် သေကျေပျက်စီးစေနိုင်တဲ့ လက်နက်များ မပြန့်ပွားရေးဆိုင်ရာ လုံခြုံရေးဦးဆောင်လုပ်ငန်းစဉ် (Proliferation of Security Initiative-PSI) ဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်အရ လူအစုလိုက်အပြုံလိုက် သေကျေပျက်စီးစေနိုင်တဲ့ လက်နက်တွေကို ရေကြောင်းလမ်းခရီးကနေ ပြန့်ပွားမှုတိုက်ဖျက်ရေးကို ဦးတည်ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်ဟာ အနောက်အာရှ (အီရန်နဲ့ ဆီးရီးယား) ကနေ အရှေ့မြောက် အာရှဒေသ (မြောက်ကိုရီးယား) အထိ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်နေပါတယ်။ ဒီလိုဆက်စပ်ပတ်သက်မှုတွေအားလုံး အကျုံးဝင်မယ့် နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေးနဲ့ လုံခြုံရေးအခင်းအကျင်းတစ်ရပ်ကို ရှာဖွေသတ်မှတ်ရာမှာ အာရှ-ပစိဖိတ်ဒေသလုပ်ငန်းစဉ်တွေနဲ့တင် မလုံလောက်တော့ဘဲ အင်ဒို-ပစိဖိတ်အခင်းအကျင်းကသာလျှင် ပိုမိုဆီလျော်မှု ရှိတယ်လို့လည်း သတ်မှတ်ခဲ့ကြပါတယ်။

၂၀၁၇ ခုနှစ် နိုဝင်ဘာလအတွင်း ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ အရှေ့အာရှထိပ်သီးအစည်းအဝေးမတိုင်မီ သြစတြေးလျ၊ ဂျပန်၊ အိန္ဒိယနဲ့ အမေရိကန်နိုင်ငံတို့က အဆင့်မြင့်အရာရှိကြီးတွေဟာ အင်ဒို-ပစိဖိတ် ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်တွေနဲ့ ပတ်သက်ပြီး ညှိနှိုင်းဆွေးနွေးမှုတွေ ပြုလုပ်ခဲ့ကြသလို အနာဂတ်မှာလည်း ပုံမှန်ဆွေးနွေးပွဲတွေ ပြုလုပ်သွားကြဖို့လည်း သဘောတူခဲ့ကြပါတယ်။ ဒါကြောင့် အခုဆိုရင် The Quad လို့ခေါ်တဲ့ လေးနိုင်ငံဆွေးနွေးပွဲတွေ ပြန်လည်ရှင်သန်လာပြီး အင်ဒို-ပစိဖိတ် မဟာဗျူဟာလုပ်ငန်းစဉ်တွေလည်း စတင်အသက်ဝင်လာခဲ့ပြီလို့ ပြောနိုင်ပြီဖြစ်ပါတယ်။ အင်ဒို-ပစိဖိတ်မဟာဗျူဟာကို နိုင်ငံရဲ့နိုင်ငံခြားရေး/ကာကွယ်ရေးမူဝါဒမှာ တရားဝင် စတင်အသုံးပြုခဲ့တဲ့နိုင်ငံက သြစတြေးလျနိုင်ငံဖြစ်ပြီး အခုဆိုရင် အမေရိကန်၊ ဂျပန်နဲ့ အိန္ဒိယနိုင်ငံတို့အနေနဲ့လည်း သူတို့ရဲ့နိုင်ငံခြားရေးမူဝါဒတွေမှာ တရားဝင် စတင်သုံးစွဲလာကြပြီ ဖြစ်ပါတယ်။ ဒီမဟာဗျူဟာကို ဖော်ထုတ်သတ်မှတ်ရာမှာ မိမိနိုင်ငံတစ်နိုင်ငံချင်းစီရဲ့ ပထဝီအနေအထား၊ နိုင်ငံရေး၊ စီးပွားရေးနဲ့ မဟာဗျူဟာမြောက် အကျိုးစီးပွားလိုအပ်ချက်တွေအပေါ်မူတည်ပြီး တစ်နိုင်ငံနဲ့တစ်နိုင်ငံ ကွာခြားမှုတွေ ရှိတာကိုလည်း တွေ့မြင်နိုင်ပါတယ်။ ဒီနိုင်ငံ တစ်နိုင်ငံချင်းစီရဲ့မူဝါဒတွေကို လေ့လာမှသာလျှင် ဒေသရဲ့စီးပွားရေးနဲ့ လုံခြုံရေးဆိုင်ရာ ရှေ့အလားအလာကို ခန့်မှန်းသုံးသပ်နိုင်မှာ ဖြစ်တဲ့အတွက် တစ်နိုင်ငံချင်းစီရဲ့ အင်ဒို-ပစိဖိတ်မူဝါဒတွေကို လေ့လာဖော်ပြသွားမှာ ဖြစ်ပါတယ်။ *(ဆက်လက်ဖော်ပြပါမည်)*

**ယခုဆောင်းပါးတွင် ဖော်ပြထားသည့်အချက်အလက်များသည် စာရေးသူအပါအဝင် လူပုဂ္ဂိုလ်တစ်ဦး၊ အဖွဲ့အစည်းတစ်ရပ်၏ သဘောထားအမြင်ကို ထင်ဟပ်ခြင်းမရှိဘဲ သက်ဆိုင်ရာနိုင်ငံများ၏ မူဝါဒများ၊ အယူအဆများကို လေ့လာရေးသားထားခြင်းသာဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။** (စာရေးသူ)



**မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီနာယက ဦးမျိုးမြင့် (ဒုတိယဝန်ကြီး-ငြိမ်း) ဦးဆောင်သော မြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီများနှင့် လျှပ်စစ်ဝန်ထမ်းဟောင်းများအသင်းတို့ ပူးပေါင်း၍ ဒီဇင်ဘာ ၁၅ ရက်က ပဲခူးတိုင်းဒေသကြီး (အရှေ့ခြမ်း) ဖြူးမြို့နယ်အတွင်းရှိ ကွန်းချောင်းတမံနှင့် ရွှေကျင်မြို့နယ်အတွင်းရှိ ရွှေကျင်တမံတို့၌ ရေလှောင်တမံများ၊ ရေပိုလွှဲများ၊ ရေအားလျှပ်စစ်စက်ရုံများ ဘေးကင်းလုံခြုံစိတ်ချမှုနှင့် ကြံ့ခိုင်မှု ရှိ၊ မရှိ စသည့်တို့ကို သွားရောက်ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။**

ပိန်းဇလုပ်သိန်းညွန့်

# ၂၀၁၈ ခုနှစ် မယ်စကြဝဠာသရဖူအား ဖိလစ်ပိုင်အလှမယ် ဆွတ်ခူး

(၆၇) ကြိမ်မြောက်အဖြစ် ၂၀၁၈ ခုနှစ် မယ်စကြဝဠာပြိုင်ပွဲကို ဒီဇင်ဘာ ၁၇ ရက်က ထိုင်းနိုင်ငံတွင် ကျင်းပခဲ့ပြီး နိုင်ငံအသီးသီးမှ ပြိုင်ပွဲဝင်ပေါင်း ၉၄ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ အဆိုပါပြိုင်ပွဲတွင် မယ်စကြဝဠာသရဖူကို ဖိလစ်ပိုင်အလှမယ် ကက်သရီယိုနားဂရေးက တောင်အာဖရိက အလှမယ် ဂရင်းနှင့် ဗင်နီဇွဲလား အလှမယ် ဂူတာရက်ဇ်တို့ကို ကျော်ဖြတ်ကာ ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

ဒုတိယဆုကို တောင်အာဖရိက အလှမယ် ဂရင်းက ဆွတ်ခူးရရှိခဲ့ပြီး တတိယဆုကို ဗင်နီဇွဲလားနိုင်ငံမှ ဂူတာရက်ဇ်က ရရှိခဲ့ကြောင်း သိရသည်။ ထိပ်ဆုံးငါးဦးစာရင်းတွင် ပွာတိုရီကိုအလှမယ်နှင့် ဗီယက်နမ်အလှမယ်တို့ ပါဝင်လာခဲ့သည်။

ထို့အပြင် ထိပ်ဆုံး ၁၀ ဦးစာရင်းတွင် ကနေဒါအလှမယ်၊ ကော့စတာရီကာ အလှမယ်၊ နီပေါအလှမယ်၊ ထိုင်းအလှမယ်တို့ ပါဝင်လာခဲ့ပြီး ထိပ်ဆုံးအယောက် ၂၀ စာရင်းတွင် ဘယ်လ်ဂျီယံ၊ ဘရာဇီး၊ သြစတြေးလျ၊ ဟန်ဂေရီ၊ အင်ဒိုနီးရှား၊ ပိုလန်၊ အမေရိကန်၊ အိုက်စ်လန်၊ ဂျမေကာ၊ ဗြိတိန်နိုင်ငံတို့မှ အလှမယ်များ ပါဝင်လာခဲ့သည်။ ထိုပြိုင်ပွဲသို့ မြန်မာအလှမယ် နှင်းသွေးယုအောင်လည်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

ဂရေးသည် အဆိုပါဆုရရှိပြီးနောက် သတင်းထောက်များအား လွန်ခဲ့သည့် နှစ်အနည်းငယ် အတွင်းက ၎င်း၏အရင်းနှီးဆုံး သူငယ်ချင်းတစ်ယောက် HIV နှင့် ဆုံးသွားသဖြင့် များစွာဝမ်းနည်းခဲ့ရကြောင်း၊ HIV နှင့် AIDS ပညာရေးမြှင့်တင်ပွဲများကို ဖိလစ်ပိုင် အဖွဲ့အစည်းများနှင့် အတူ တိုးချဲ့လုပ်ဆောင်သွားလိုကြောင်း ပြောကြားခဲ့သည်။ **အောင်ဇော်**



# ၁၅၅ နှစ်ပြည့် အာမေးနီးယန်းဘုရားကျောင်း

မောင်သာ(ရှေးဟောင်းသုတေသန)

မြန်မာနိုင်ငံ ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေအရ သက်တမ်းနှစ် ၁၀၀ နှင့် အထက်ရှိသည့် အဆောက်အအုံများသည် ရှေးဟောင်းစာရင်းဝင်အဆောက်အအုံများဖြစ်ကြသည်။ မြန်မာနိုင်ငံအတွင်း နေရာဒေသအသီးသီး၌ သက်တမ်းနှစ် ၁၀၀ ကျော်ပြီဖြစ်သည့် ရှေးဟောင်းစာရင်းဝင်အဆောက်အအုံများ များစွာရှိသည့်အနက် ကိုလိုနီခေတ်တွင် တည်ဆောက်ခဲ့သော အဆောက်အအုံများကို ရန်ကုန်မြို့တွင် အများဆုံး မြင်တွေ့နိုင်ကြသည်။

ဗြိတိသျှတို့သည် မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးနောက် ရန်ကုန်မြို့၌ လူနေအိမ်များ၊ ရုံးဌာနများနှင့် ဘာသာရေးဆိုင်ရာအဆောက်အအုံများကို တည်ဆောက်ခဲ့ကြရာ ယင်းတို့သည် ယခုအချိန်တွင် ရှေးဟောင်းအဆောက်အအုံများစာရင်းတွင် ပါဝင်ခဲ့ကြသည်။ ယင်းတို့အနက် ၁၅၅ နှစ်သက်တမ်းရှိသည့် အာမေးနီးယန်းအော်သိုဒေါ့စ်ဘုရားကျောင်းသည် ရန်ကုန်မြို့တွင် သက်တမ်းအရှည်ဆုံးသော ခရစ်ယာန်ဘုရားကျောင်း တစ်ခုဖြစ်ပေသည်။



**ရန်ကုန်၏ အတိတ်သမိုင်း**

ခရစ်နှစ် ၁၀၂၈ ခုနှစ်မှ ၁၀၄၃ ခုနှစ်အကြားတွင် မွန်လူမျိုးများသည် ယခု ရန်ကုန်မြို့တည်နေရာတွင် ဒဂုံ အမည်ရှိသည့် တံငါရွာကို ထူထောင်ခဲ့သည်။ ကုန်းဘောင်ခေတ် ပထမဆုံးဘုရင် အလောင်းမင်းတရား ဦးအောင်ဇေယျသည် ၁၇၅၂ ခုနှစ်တွင် နန်းတက်ခဲ့ပြီး ၁၇၅၅ ခုနှစ် မေလ ၂ ရက်နေ့တွင် ဒဂုံနေရာ၌ ၇၅ ဧက ကျယ်ဝန်းသော ရန်ကုန်မြို့သစ်ကို တည်ထောင်ခဲ့ကာ မြို့ဝန်တစ်ဦးကို ခန့်ထားခဲ့သည်။

ကုန်းဘောင်ခေတ်ကို တည်ထောင်ခဲ့ပြီး နှစ် ၁၀၀ အကြာ ၁၈၅၂ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်တွင် ဗြိတိသျှတို့သည် အောက်မြန်မာနိုင်ငံကို သိမ်းပိုက်ခဲ့ပြီး ၁၈၅၃ ခုနှစ်တွင် အောက်မြန်မာနိုင်ငံမြို့တော်တည်ရန် ဒေါက်တာမောင်ဂိုမာရီ (Dr. W. Montgomery) နှင့် ဗိုလ်ဖရေဇာ (Lt. A . Fraser) တို့က ဆူးလေစေတီကို ဗဟိုပြုသည့် ရန်ကုန်မြို့သစ် မြို့ပြစီမံကိန်းကို ရေးဆွဲခဲ့ကြသည်။

ဗြိတိသျှတို့၏ Reconstruction of Modern Rangoon ၁၈၅၃ စီမံကိန်းအရ ရန်ကုန်မြို့ကို လေးထောင့်ပုံစံ (Chess board Pattern) တည်ခဲ့ကာ ရန်ကုန်မြို့၏ နယ်နိမိတ်သည် အရှေ့ဘက်တွင် အရှေ့လမ်း (East Road) (ယခု သိမ်ဖြူလမ်း)၊ အနောက်ဘက်တွင် လမ်းမတော်၊ တောင်ဘက်တွင် ကမ်းနားလမ်းနှင့် မြောက်ဘက်တွင် ကော်မရှင်နာလမ်း (ယခု ဗိုလ်ချုပ်အောင်ဆန်းလမ်း) အထိ ဖြစ်သည်။ ရန်ကုန်မြို့ကွက်အတွင်း၌ ပေ ၁၀၀ ကျယ်သည့်လမ်းမကြီးငါးခု (ယခု ကမ်းနားလမ်း၊ ကုန်သည်လမ်း၊ မဟာဗန္ဓုလလမ်း၊ အနော်ရထာလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်း) ကို အရှေ့မှ အနောက်သို့ သွယ်တန်းလျက်လည်းကောင်း၊ နံပါတ်စဉ်တပ်ထားသည့် ဖြတ်လမ်းများကို တောင်မှမြောက်သို့ သွယ်တန်းလျက်လည်းကောင်း ဖောက်လုပ်ခဲ့သည်။ ရန်ကုန်မြို့၏ အနောက်ဘက်ဆုံးလမ်းသည် ၁၇ လမ်း နှင့် အရှေ့ဘက်ဆုံးသည် ၄၄ လမ်းဖြစ်ကာ ယင်းအဝန်းအဝိုင်းအတွင်း၌ ခရစ်ယာန်ဘုရားဝတ်ပြုကျောင်းများအပါအဝင် အဆောက်အအုံများစွာကို တည်ဆောက်ခဲ့သည်။

**အာမေးနီးယန်း အော်သိုဒေါ့စ်ဘုရားကျောင်း**

ရန်ကုန်မြို့သစ်ကို တည်ခဲ့ပြီးနောက် ယခုကျောက်တံတားမြို့နယ်၊ ကုန်သည်လမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်ရှိ မြေကွက်ပေါ်တွင် ကုန်သည်လမ်းကို မျက်နှာမူလျက် အာမေးနီးယန်း အော်သိုဒေါ့စ် ခရစ်ယာန်ဘုရားကျောင်း(The Armenian Orthodox Church) ကို ၁၈၆၂ ခုနှစ်တွင် တည်ဆောက်ခဲ့သည်။ ရန်ကုန်မြို့ရှိ ခရစ်ယာန်သာသနာပြုကျောင်းများအနက် အစောဆုံးဆောက်ခဲ့သည့် ယင်းဘုရားကျောင်းသည် သက်တမ်းရှည်ကြာခဲ့ပြီဖြစ်သော်လည်း ဘာသာရေးဆိုင်ရာ ဝတ်ပြုပွဲများကို ယနေ့တိုင် ကျင်းပလျက်ရှိနေပေသည်။

ယခုအချိန်တွင် ရန်ကုန်မြို့၌ နေထိုင်လျက်ရှိသည့် အာမေးနီးယန်းနွယ်ဖွား မိသားစုဝင် ၂၀ ဝန်းကျင်သည် တစ်လလျှင် နှစ်ကြိမ်၊ တနင်္ဂနွေနေ့များတွင် ယင်းဘုရားကျောင်းသို့ လာရောက်ဝတ်ပြုလေ့ရှိကြသည်။ တစ်ခါတစ်ရံတွင် အာမေးနီးယန်း အော်သိုဒေါ့စ် ခရစ်ယာန်ဘုရားကျောင်း၌ ဘုန်းတော်ကြီးမအားလပ်လျှင် တနင်္ဂနွေနေ့အစား စနေနေ့တွင် ဝတ်ပြုပွဲကျင်းပလေ့ရှိကြောင်းနှင့် လက်ရှိအချိန်တွင် မြန်မာနိုင်ငံတစ်နိုင်ငံလုံး၌ အာမေးနီးယန်းနွယ်ဖွား လူဦးရေ ၁၀၀ ဝန်းကျင်ရှိနိုင်ကြောင်း ဘုရားကျောင်းကို စောင့်ရှောက်နေသူ မစ္စတာစတီဗင်က ရှင်းပြခဲ့သည်။

ရန်ကုန်မြို့သို့ အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိလာကြသည့် ပြည်ပမှ အာမေးနီးယန်းလူမျိုးများနှင့် အဆက်အနွယ်များသည်လည်း အာမေးနီးယန်း အော်သိုဒေါ့စ် ခရစ်ယာန်ဘုရားကျောင်းသို့ လာရောက်၍ ဝတ်ပြုဆုတောင်းလေ့ရှိကြသည်။

ရန်ကုန်မြို့ရှိ အာမေးနီးယန်းလူမျိုးများသေဆုံးလျှင် သင်္ဂြိုဟ်သည့် အာမေးနီးယန်းသင်္ချိုင်းသည် ၁၈၇၄ ခုနှစ်မှစ၍ ရန်ကုန် မီးရထားဘူတာကြီးဝန်းကျင်တွင် ဂျူးသင်္ချိုင်း၊ အစ္စလာမ်သင်္ချိုင်းနှင့် ခရစ်ယာန်သင်္ချိုင်းတို့ အနီး၌ရှိခဲ့ကာ ၁၉၈၀ ပြည့် နှစ်အထိ အသုံးပြုခဲ့သည်ဟုဆိုပြီး ယခုအချိန်တွင် မရှိတော့ချေ။ ရန်ကုန်မြို့တွင်ရှိသည့် အာမေးနီးယန်းအနွယ်များအနက် မစ္စတာ မာတီရိုစီယန် ( Mr. Martirossian) သည် ၂၀၁၃ ခုနှစ်တွင် ကွယ်လွန်ခဲ့သည်။

မြန်မာနိုင်ငံသို့ ပေါ်တူဂီများဝင်ရောက်လာပြီးနောက်ပိုင်းတွင် အာမေးနီးယန်းများ ရောက်ရှိခဲ့ကြကာ ၁၇ ရာစုတွင် သန်လျင်၌အခြေချ၍ ကုန်သွယ်မှုများပြုလုပ်ခဲ့ကြသည်။ ယခု သန်လျင်မြို့ အဝင်နေရာ၌ တည်ရှိနေသည့် တူရကီဘုရားကျောင်းကို အာမေးနီးယန်းလူမျိုးတစ်ဦးက အလှူငွေများထောက်ပံ့ခဲ့ကာ ၁၇၄၉ ခုနှစ်တွင် တည်ဆောက်ခဲ့သည်။ ယင်းဘုရား ကျောင်းအတွင်းမှ အုတ်ဂူကို ဇင်ကာ အုတ်ဂူဟု လွဲမှားစွာ မှတ်ယူမှုများရှိနေကြသည်။ ယင်းအုတ်ဂူသည် ၁၇၅၀ ပြည့်နှစ်တွင် မြှုပ်နှံခဲ့သည့် အာမေးနီးယန်းလူမျိုး Nicolas de Agualar ၏ သင်္ချိုင်းဂူဖြစ်ကာ ဂူကမ္ပည်းစာများကို ပေါ်တူဂီ၊ လက်တင်နှင့် အာမေးနီးယန်းစာများဖြင့် ရေးထိုးခဲ့သည်။

**မြန်မာနိုင်ငံနှင့် အာမေးနီးယန်းများ**

အာမေးနီးယားနိုင်ငံသည် ကော့ကေးဆပ်နှင့် ယူရေးရှားဒေသမှ တောတောင်ထူထပ်သော ကုန်းတွင်းပိတ်နိုင်ငံတစ်ခုဖြစ်ကာ ယခင်က ဆိုဗီယက်ယူနီယံ၏ ပြည်နယ်တစ်ခုဖြစ်ခဲ့ပြီး ၁၉၉၀ ပြည့်နှစ် ဩဂုတ်လ ၂၃ ရက်နေ့တွင် ဆိုဗီယက် ယူနီယံမှ ခွဲထွက်၍ အာမေးနီးယားသမ္မတနိုင်ငံကို ထူထောင်ခဲ့သည်။ အာမေးနီးယန်းတို့သည် ခရစ်နှစ် ၃၀၁ ခုနှစ်တွင် ခရစ်ယာန်ဘာသာကို နိုင်ငံတော်ဘာသာအဖြစ် ပြဋ္ဌာန်း ကိုးကွယ်ခဲ့ကြသည်။

အာမေးနီးယား ကုန်သည် (Khojas) များသည် ကုန်းလမ်း၊ ရေလမ်းကုန်သွယ်မှုများကို ပြုလုပ်ကာ ကမ္ဘာ့နေရာအနှံ့သို့ခြေဆန့်ခဲ့ကြပြီး မြန်မာနိုင်ငံသို့ ၁၅၅၀ ပြည့်နှစ် အစောပိုင်းတွင် ရောက်ရှိခဲ့ကြသည်။ မြန်မာဘုရင်များလက်ထက်က အင်းဝနန်းတော်တွင် အာမေးနီးယန်းလူမျိုးများ တာဝန်ထမ်းဆောင်ခဲ့ကြပြီး ဘုရင့်တာဝန် မထမ်းဆောင်သည့် အာမေးနီးယန်းများသည် အမရပူရ၊ မန္တလေးနှင့် ရန်ကုန်အပါအဝင် မြန်မာနိုင်ငံအတွင်းရှိ မြို့ရွာအချို့တွင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ကာ ကြွယ်ဝချမ်းသာခဲ့ကြသည်။

၁၈၅၅ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် အောက်မြန်မာနိုင်ငံ ရန်ကုန်မြို့မှ အထက်မြန်မာနိုင်ငံ အင်းဝမြို့တော်သို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည့် မေဂျာ အာသာဖယ်ရာ (Arthur Phayre) ခေါင်းဆောင်သည့် သံအဖွဲ့တွင် လိုက်ပါခဲ့သူ Henry Yule သည် အင်းဝရောက် ဗြိတိသျှသံအဖွဲ့မှတ်တမ်း (၁၈၅၅)စာအုပ်ကို ရေးသားထုတ်ဝေခဲ့သည်။ ယင်းမှတ်တမ်းတွင် အာမေးနီးယန်းများသည် မြန်မာဘုရင့်နန်းတွင်းသို့ ဝင်ထွက်နေကြသည်မှာ ကြာပြီဖြစ်ကြောင်း၊ အမရပူရတွင် အာမေးနီးယန်း မိသားစု ၁၂ စုရှိကြောင်းနှင့် ဗြိတိသျှသံအဖွဲ့ကို မလွန်မြို့တွင် လာရောက်ကြိုဆိုကာ နေပြည်တော်သို့ ခေါ်ဆောင်ခဲ့သူသည် မြန်မာ့မင်းမှုထမ်း မလွန်မြို့ဝန် အာမေးနီးယန်းလူမျိုး မက္ကာတစ်ချ် (Makertich J Mines) ဖြစ်ကြောင်း ရေးသားခဲ့သည်။ မြန်မာနိုင်ငံ၌ ၁၈၀၄ ခုနှစ်တွင် အာမေးနီးယန်းလူမျိုး ၄၀ သာရှိခဲ့ရာမှ ၁၈၇၁-၁၈၇၂ ခုနှစ်တွင် ၁၂၅၀ ရှိလာခဲ့သည်။

**ရန်ကုန်မြို့နှင့် အာမေးနီးယန်း လုပ်ငန်းရှင်များ**

ရန်ကုန်သို့ ရောက်ရှိလာခဲ့သည့် အာမေးနီးယန်းကုန်သည်များသည် စီးပွားရေးလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီး ချမ်းသာကြွယ်ဝခဲ့ကြသည်။

ရန်ကုန်မြို့ရှိ ကမ်းနားလမ်းဟိုတယ်ကို ၁၉၀၁ ခုနှစ်တွင် အာမေးနီးယန်းလူမျိုး ဆာကီးစ် (Sarkies) ညီအစ်ကို နှစ်ဦးက ဝယ်ယူခဲ့ကာ ၁၉၂၅ ခုနှစ်အထိ ဟိုတယ်လုပ်ငန်းများ လုပ်ကိုင်ခဲ့ကြသည်။ ထို့အတူ အာမေးနီးယန်းမြန်မာလူမျိုး Pete Arratoon သည် ဘားလမ်း (ယခု မဟာဗန္ဓုလပန်းခြံလမ်း)တွင် ဆေးလ်ဗားဂရေးလ် (Silver Grill) စားသောက်ဆိုင်နှင့် ဘဏ်လမ်းရှိ ဘယ်လ်သာဇာ (Balthazar) အဆောက်အအုံတို့ကို ပိုင်ဆိုင်ခဲ့သည်။ ဆေးလ်ဗားဂရေးလ်သည် ထိုအချိန်က ရန်ကုန်မြို့တွင် အကောင်းဆုံးသော အနောက်တိုင်းစားသောက်ဆိုင်တစ်ဆိုင်ဖြစ်သည်။

ယခု မဟာဗန္ဓုလပန်းခြံ (Fytche Square) တွင် ၁၈၉၆ ခုနှစ်က စိုက်ထူခဲ့သည့် ဝိတိုရိယဘုရင်မရုပ်တုကို အာမေးနီးယန်းလုပ်ငန်းရှင် ဘယ်လ်သာဇာ (Balthazar) မိသားစုက လှူဒါန်းခဲ့သည်။ ကုန်သည်လမ်းပေါ်ရှိ အမေရိကန်သံရုံးအဆောက်အအုံကိုလည်း ဘယ်လ်သာဇာ မိသားစုက ပိုင်ဆိုင်ခဲ့သည်။

ရန်ကုန်မြို့ရှိ ဗဟိုစာတိုက်ကြီး (Bulloch Broths. Building) နှင့် မြန်မာ့စီးပွားရေးဘဏ်ခွဲ (၃) (Bank of Bangal) အပါအဝင် ကိုလိုနီခေတ်အဆောက်အအုံများကို အာမေးနီးယားအင်ဂျင်နီယာများဖြစ်ကြသည့် A.C. Martin နှင့် V.J.Nahapiet တို့က တာဝန်ယူတည်ဆောက်ခဲ့ကြရာ A.C. Martin အမည် ကမ္ပည်းတပ်ထားသည့် အဆောက်အအုံများကို ယခုတိုင်မြင်တွေ့နိုင်ကြောင်း ကိုလိုနီခေတ် ရန်ကုန်မြို့ကို အထူးပြုလေ့လာနေသူ ဆြေ့လမ်းညွှန် ကိုအာကာကျော်က ရှင်းပြခဲ့သည်။

**အာမေးနီးယန်း ဘုရားကျောင်း နှစ်ခု**

အာမေးနီးယန်းလူမျိုးများသည် ၁၈ ရာစု၌ ရန်ကုန်မြို့တွင် စတင် အခြေချနေထိုင်ခဲ့ကြပြီး ပထမဆုံးသော အာမေးနီးယန်းဘုရားကျောင်းကို ဂရီဂိုရီအဗော့စ်က ၁၇၆၆ ခုနှစ်တွင် ရန်ကုန်မြစ်အနီးတွင် တည်ဆောက်ခဲ့ရာ ထိုအဆောက်အအုံ၏ သစ်သားအမိုးချွန်ကို အဝေးကပင် မြင်တွေ့ရသည်ဟု ဆိုသည်။

ဗြိတိသျှတို့သည် ရန်ကုန်မြို့ကို သိမ်းပိုက်ခဲ့ပြီး မြို့သစ်တည်ခဲ့ချိန်တွင် အာမေးနီးယန်းလူမျိုးများအတွက် မင်းတုန်းမင်းပေးခဲ့သည့် လက်ရှိဘုရားကျောင်းနေရာကို အခမဲ့ဆက်လက်အသုံးပြုခွင့်ပေးခဲ့သည်။ သို့သော် ၁၈၅၀ ပြည့်တွင် ပထမ အာမေးနီးယန်းဘုရားကျောင်းသည် မီးလောင်ကျွမ်းခံရကာ ပျက်စီးခဲ့သည်။

ထို့ကြောင့် ဒုတိယမြောက် ဘုရားကျောင်းကို တည်ဆောက်၍ စိန့်ဂျွန်း ဘက်ပတစ်ကျောင်း (St.John the Baptist) ဟု အမည်ပေး၍ ၁၈၆၃ ခုနှစ် ဇန်နဝါရီ ၁၇ ရက်တွင် ဖွင့်လှစ်ခဲ့ရာ ဗတ္တိဇံဆရာ ရှင်ယောဟန်ကျောင်းဟုလည်း ထင်ရှားခဲ့သည်။ ဘုရားကျောင်းကို ဥရောပအလယ်ခေတ် ဂေါ်သစ်ဟန် ဗိသုကာလက်ရာများဖြင့် တည်ဆောက်ခဲ့ကာ ကျောင်းတည်ဆောက်ပြီးနောက် ခရစ်ယာန်ဘုန်းတော်ကြီး အေဗီယက်ချေတော (Father Aviet Chaytor) သည် ဘာသာရေးဆိုင်ရာကိစ္စများ ဆောင်ရွက်ရန် ဘုရားကျောင်းသို့ ပထမဆုံးရောက်ရှိလာခဲ့ပြီး သာသနာရေးတာဝန်များကို ထမ်းရွက်ခဲ့သည်။

ရန်ကုန်မြို့ပြ အမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (YHT) သည် အာမေးနီးယန်းဘုရားရှိခိုးကျောင်းကို ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၄ ရက်နေ့တွင် အပြာရောင် ကမ္ပည်းပြားတပ်ဆင်ခဲ့ရာ ကမ္ပည်းပြားကို အာမေးနီးယန်းနိုင်ငံမှ ကြွရောက်လာသည့် ဂိုဏ်းချုပ်ဘုန်းတော်ကြီး ဆရာတော် Karekin II က ဖွင့်လှစ်ပေးခဲ့သည်။ ယင်းကမ္ပည်းပြားတွင် အာမေးနီးယန်း တမန်တော်များ ဘုရားကျောင်း၊ ဗတ္တိဇံဆရာ ရှင် ယောဟန်၊ ၁၈၆၂ ဟု မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာဖြင့် ရေးသားထားသည်။

ရန်ကုန်မြို့ရှိ မြို့ပြအမွေအနှစ်အဆောက်အအုံများကို YHT က အပြာရောင်ကမ္ပည်းများ တပ်ဆင်ပေးလျက်ရှိရာတွင် အာမေးနီးယန်းဘုရားရှိခိုးကျောင်းသည် တတိယမြောက်ဖြစ်ပြီး ရန်ကုန်မြို့ရှိ ဘာသာရေးဆိုင်ရာ အဆောက်အအုံများအနက် ပထမဆုံးဖြစ်သည်။

ထိုနေ့မှာပင် အာမေးနီးယားနိုင်ငံ ကက်သလစ်ဘာသာ ဂိုဏ်းချုပ် ဘုန်းတော်ကြီး His Holiness Karekin II ဦးဆောင်သောအဖွဲ့သည် အာမေးနီးယန်း ခရစ်ယာန်ဘုရားကျောင်း၌ ကျမ်းစာဖတ်ခြင်း၊ ဝတ်ပြုဆုမွန်ကောင်းတောင်းခြင်းစသည့် သန့်ရှင်းသောဝတ်ပြုခြင်း (Holy Mass) ကိစ္စရပ်များကို ဆောင်ရွက်ခဲ့ကြသည်။

ရန်ကုန်မြို့တွင် အာမေးနီးယန်းလူမျိုးများနှင့် ဘာသာဝင်များ အလွန်နည်းပါးနေသဖြင့် အာမေးနီးယန်းဘာသာ ပြန်လည်ထွန်းကားလာစေရန် ဆောင်ရွက်လျက်ရှိရာ ယင်းဘာသာသို့ ပြန်လည်ဝင်ရောက်လာသူများရှိကြောင်း မစ္စတာ စတီဗင်က ပြောပြခဲ့သည်။

ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေအရ ရှေးဟောင်းအဆောက်အအုံများတွင် စေတီ၊ ပုထိုး၊ ဂူဘုရား၊ ဘုန်းတော်ကြီးကျောင်း၊ အုတ်ကျောင်း၊ ဇရပ်၊ သိမ်အပါအဝင် သာသနိကဆိုင်ရာ အဆောက်အအုံများ၊ ယုံကြည်ကိုးကွယ်မှုဆိုင်ရာ အဆောက်အအုံများ၊ အုတ်ကုန်းများ ပါဝင်သဖြင့် အာမေးနီးယန်း အော်သိုဒေါ့စ် ခရစ်ယာန်ဘုရားကျောင်းသည် ပြည်သူများ ထိန်းသိမ်းစောင့်ရှောက်ကြရမည့် ရှေးဟောင်းအဆောက်အအုံတစ်ခု ဖြစ်လာခဲ့ပေသည်။

ထို့ကြောင့် ကိုလိုနီခေတ် ၁၈၆၃ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သည့် အာမေးနီးယန်း အော်သိုဒေါ့စ် ခရစ်ယာန်ဘုရားကျောင်းသည် ယခုအခါတွင် သက်တမ်း ၁၅၅ နှစ်ပြည့်ခဲ့ပြီဖြစ်ရာ ရန်ကုန်မြို့၏ သမိုင်းဝင် မြို့ပြ အမွေအနှစ်တစ်ခုအဖြစ် ထင်ရှားစွာ တည်ရှိနေပေသည်။ ။

**“ရန်ကုန်မြို့ရှိ မြို့ပြအမွေအနှစ်အဆောက်အအုံများကို YHT က အပြာရောင်ကမ္ပည်းများ တပ်ဆင်ပေးလျက်ရှိရာတွင် အာမေးနီးယန်းဘုရားရှိခိုးကျောင်းသည် တတိယမြောက်ဖြစ်ပြီး ရန်ကုန်မြို့ရှိ ဘာသာရေးဆိုင်ရာ အဆောက်အအုံများအနက် ပထမဆုံးဖြစ်သည်”**

# ရေစကြိုမြို့နယ် ဗလဗကျေးရွာ မြစ်ကမ်းပါးပြိုကျမှု သောင်တူးစက်ကြီးဖြင့် ရေလမ်းကြောင်းလွှဲပေးခြင်းများ လုပ်ဆောင်လျက်ရှိ

**ရေစကြို ဒီဇင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ဗလဗကျေးရွာ မြစ်ကမ်းပါးပြိုကျမှု ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများ ဧရာဝတီမြစ်ဝှမ်းဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (AIRBM) ကူညီပံ့ပိုးမှုဖြင့် ရေအရင်းအမြစ်နှင့် မြစ်ကြောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန သောင်တူးဌာနမှ သောင်တူးစက်ကြီးဖြင့် ရေလမ်းကြောင်း လွှဲပြောင်းလျက်ရှိကြောင်း သိရသည်။



အဆိုပါ မြစ်ကမ်းပါးပြိုကျမှုကြောင့် ရေစကြိုမြို့နယ် ဗလဗကျေးရွာတွင် ၂၀၁၆မှ ၂၀၁၈ ခုနှစ် သုံးနှစ်အတွင်း အိမ်ထောင်စု ၉၈ စု ရွှေ့ပြောင်းခဲ့ရကြောင်းနှင့် ဉာတိကာရုံ ကျောင်းတိုက်ဝင်းအတွင်း သိမ်ကျောင်းဆောင် တစ်ဆောင်၊ ရွှေဘုံသာမြတ်စွာဘုရားကြီး(ဓမ္မရုံသီ)အနီးမှ သံဖြင့် ဆောက်လုပ်ထားသည့် တန်ဆောင်းတော် တစ်ဆောင်၊ အုတ်တန်ဆောင်းတော် တစ်ဆောင်၊ ဉာတိကာရုံ ကျောင်းတော်ကြီးနှင့် အိမ်ခြေ ၁၇၀ မီးပေးနိုင်သည့် မီးစက်ကြီးထားသည့် အဆောက်အအုံတို့ မြစ်ကမ်းပါး တိုက်စားပြိုကျမှုကြောင့် နယ်မြေခံတပ်ရင်း တပ်ဖွဲ့များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီအသင်းများမှ နေအိမ်များ ရွှေ့ပြောင်းချိန်က လာရောက်ကူညီပေးခဲ့ကြောင်း ကျေးရွာရပ်မိရပ်ဖ ဦးအေးမောင်ထွန်းက ပြောသည်။

သောင်တူးစက် ယန္တရားကြီးများဖြင့် သောင်ထွန်းနေသော ကျေးရွာမြစ်တစ်ဖက်ကမ်းဘက်မှ သဲသောင်များကို သောင်တူးရေယာဉ်ဖြင့် ဩဂုတ်လမှ စတင်သောင်တူးလာခဲ့ရာ ၂၀ ရာခိုင်နှုန်းကျော် ရေစီးကြောင်းပြောင်းလဲပေးနိုင်ပြီဖြစ်ကြောင်း၊ ရွာဘက်ခြမ်း မြစ်ကမ်းပါးပြိုကျတိုက်စားမှု အရှိန်လျော့ကျစေရန် သဲသောင်ကို ဖြတ်ဖောက်ပြီး မြစ်ရေစီးကြောင်းလွှဲပေးနေကြောင်း၊ မြစ်ကြမ်းပြင်တူး မြေတူးစက်ဖြင့် တူးဖော်ပြီး မြေသယ်ရေယာဉ်ဖြင့် မြေများသယ်ယူကာ ရွာဘက်ခြမ်း ရေစီးသန်သော ရေလမ်းကြောင်းမှ သဲများချကာ မြစ်ရေစီးကြောင်း ပြောင်းလဲစေရန် ပြုလုပ်ပေးနေကြောင်း AE ဦးချစ်ဆန်းထံမှ သိရသည်။

၂၀၁၉ ခုနှစ် ဇန်နဝါရီလပထမပတ်လောက်တွင် ကမ္ဘာ့ဘဏ်၏ အကူအညီဖြင့် (AIRBM) ဧရာဝတီမြစ်ဝှမ်းဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းမှ ဓမ္မရုံသီ (ရွှေဘုံသာ) မြတ်စွာဘုရားကြီး အထက်အောက် ပေ ၃၂၀ အတွင်း ကွန်ကရစ်ပိုင်၊ ပိုင်တိုင်များ စိုက်ထူပြီး ကွန်ကရစ်ကျောက်ရိုးစီခြင်း၊ အထက်ဘက်တွင် မျှောတိုင်များကာရံကာ မျှောရေကာတာ တည်ဆောက်မည်ဖြစ်ကြောင်းလည်း သိရသည်။

**မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**

# ဘုရင့်နောင်ကုန်စည်ပို့ဆောင်ရေးဝင်းမြေနေရာတွင် ဖယ်ရှားပေးခြင်းမရှိသည့် ဆိုင်ခန်းရှစ်ခန်းကို ဖယ်ရှား

**ရန်ကုန် ဒီဇင်ဘာ ၁၇**

ကုန်းလမ်းပို့ဆောင်ရေး ဘုရင့်နောင်ကုန်စည်ပို့ဆောင်ရေးဝင်း(ရန်ကုန်) မြေနေရာရှိ ငှားရမ်းစာချုပ်သက်တမ်းပြည့်ပြီး ဖယ်ရှားပေးခြင်းမရှိသည့် ဆိုင်ခန်းရှစ်ခန်းကို ဒီဇင်ဘာ ၁၆ ရက် နံနက်ပိုင်းက ၁၉၅၅ ခုနှစ် အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေနှင့် အညီ ရှင်းလင်းဖယ်ရှားခဲ့ကြောင်း ကုန်းလမ်းပို့ဆောင်ရေးမှ သိရသည်။

အခွင့်ရအာဏာပိုင် ကုန်းလမ်းပို့ဆောင်ရေးမှ လက်ထောက်အထွေထွေမန်နေဂျာ ဦးထွန်းလင်းစိုးက “ဖယ်ရှားပေးရမယ့် ဆိုင်ခန်း ၁၈ ခန်းမှာ ဆိုင်ခန်း ၁၀ ခန်းက ၎င်းတို့ဆန္ဒအလျောက် ဒီဇင်ဘာ ၁၃ ရက်က ပြောင်းရွှေ့ဖယ်ရှားပေးပါတယ်။ ၎င်းတို့ဆန္ဒအလျောက် ပြောင်းရွှေ့ဖယ်ရှားပေးတဲ့ ဆိုင်ခန်းမြေနေရာ ငှားရမ်းသူတွေကို ပြောင်းရွှေ့ကရုဏာကြေး ဌာနကပေးခဲ့ပါတယ်။ မိမိဆန္ဒအရ ပြောင်းရွှေ့ဖယ်ရှားပြီး ပြောင်းရွှေ့ကရုဏာကြေး ရယူလိုခြင်းမရှိတဲ့ ဆိုင်ခန်း ရှစ်ခန်းကို ဒီနေ့မှာ ၁၉၅၅ အစိုးရအိမ်ဥပစာနှင်ထုတ်ခြင်း ဥပဒေနဲ့အညီ ရှင်းလင်းဖယ်ရှားတာဖြစ်ပါတယ်” ဟု ပြောသည်။

အဆိုပါ ရှင်းလင်းဖယ်ရှားခံရသည့် ဆိုင်ခန်း ရှစ်ခန်းမှ ဆိုင်ခန်းမြေနေရာ ငှားရမ်းသူများအနေဖြင့် ၎င်းတို့ ဆိုင်ခန်းနှင့်သက်ဆိုင်သည့် ပစ္စည်းများကို ဒီဇင်ဘာ ၂၃ ရက်နောက်ဆုံးထား၍ ဗိုလ်တထောင်မြို့နယ် မဟာဗန္ဓုလလမ်းနှင့် ဗိုလ်တထောင်ဈေးလမ်းထောင့်ရှိ ကုန်းလမ်းပို့ဆောင်ရေး အခြေစိုက်အလုပ်ရုံ အမှတ် (၁)တွင် ပြန်လည်ထုတ်ယူနိုင်ကြောင်း ဦးထွန်းလင်းစိုးက ပြောသည်။

ကုန်းလမ်းပို့ဆောင်ရေး ဘုရင့်နောင်ကုန်စည်ပို့ဆောင်ရေးဝင်း(ရန်ကုန်) မြေနေရာတွင် မြေငှားရမ်းထားသည့် ဆိုင်ခန်း ၁၈ ခန်းအနက် ဆိုင်ခန်း ၁၀ ခန်းမှ ငှားရမ်းထားသောမြေနေရာကို ပြန်လည်အပ်နှံပြီး ဌာနမြေပေါ်မှ ၎င်းတို့ဆန္ဒအလျောက် ဒီဇင်ဘာ ၁၃ ရက်တွင် ပြောင်းရွှေ့ပေးခဲ့ကြောင်း၊ အဆိုပါ ဆိုင်ခန်း ၁၀ ခန်းအတွက် ပြောင်းရွှေ့ကရုဏာကြေးကို ဒီဇင်ဘာ ၁၄ ရက်တွင် ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကုန်စည်ပို့ဆောင်ရေးဌာနခွဲ(ရန်ကုန်)၊ ဘုရင့်နောင်ကုန်စည်ပို့ဆောင်ရေးဝင်း မြေပေါ်တွင် ကုန်းလမ်းပို့ဆောင်ရေးနှင့် Sunchang Global Pte Ltd တို့ အကျိုးတူပူးပေါင်း၍ Myanmar Sunchang Transport Co.Ltd (ဖက်စပ်) ကုမ္ပဏီအဖြစ် လုပ်ငန်းဆောင်ရွက်မည့် စီမံကိန်းမြေနေရာဖြစ်ကြောင်း သိရသည်။

**မင်းသစ်(MNA)**

# ရေကြီးနစ်မြုပ်ခံစားခဲ့ရသော ကျေးရွာများအတွက် ရေစုပ်စက်များလှူဒါန်း

**ကလေး ဒီဇင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်တွင် ၂၀၁၅ ခုနှစ်အတွင်း ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသော ကျေးရွာများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရေး ကမ္ဘာ့ဘဏ်ချေးငွေအစီအစဉ်ဖြင့် ဝယ်ယူပေးခဲ့သည့် ရေစုပ်စက် အင်ဂျင်နှင့် ပန့်အစုံ ၆၀ ပေးအပ်ပွဲကို မြို့တော်ခန်းမ၌ ယနေ့နံနက်က ကျင်းပခဲ့သည်။

“တိုင်းဒေသကြီးအစိုးရက ကျေးရွာ ၁၃ရွာမှာ ရေတွင်း ၇၀ တွင်းတူးဖို့နဲ့ ရေတင်စက်ရုံရေပေးမြောင်း ရေငြိမ်ကန်တွေတည်ဆောက်နိုင်ဖို့ ငွေကျပ် ၄၀၄ ဒသမ ၅ သန်းရန်ပုံငွေ ချထားပြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနကို ဆောင်ရွက်စေခဲ့ပါတယ်။ ရေတွင်း ၇၀ တူးဖော်ရာမှာ ရေလျှံတွင်း ၁၇ တွင်း တူးဖော်နိုင်ခဲ့တယ်။ ကမ္ဘာ့ဘဏ်ချေးငွေအစီအစဉ်နဲ့ ကလေးမြို့နယ်မှာ ရေတွင်း ၇၀ အတွက် လေးလက်မပိုက်အလုံး ၁၁၂၀ ၊ ဒီဇယ်ဂါလန် ၅၂၅၀ ထောက်ပံ့ပေးခဲ့ပါတယ်။ အခုအခမ်းအနားကတော့ ၂၀၁၅ ခုနှစ် ရေကြီးနစ်မြုပ်မှုဒဏ်ခံခဲ့ရတဲ့ ကလေးမြို့နယ် အတွင်းရှိ ကျေးရွာ ၆၀ အတွက် စိုက်ပျိုးရေးလုပ်ငန်းတွေမှာ အသုံးပြုဖို့ ရေစုပ်စက် အစုံ ၆၀ ကို ပံ့ပိုးပေးတာဖြစ်ပါတယ်” ဟု တိုင်းဒေသကြီး ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးလားလ်ထောင်ထန်းက ပြောသည်။

၂၀၁၅ ခုနှစ် ဇူလိုင်လအတွင်း ချင်းတောင်ပေါ်တွင် မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ကလေးမြို့နယ်အတွင်း ချောင်းမြောင်းများတွင် နုန်းတင်ပြီး ချောင်းများကောသွားခြင်း၊ ရေပေးမြောင်းများကောသွားခြင်းဖြစ်ပေါ်ခဲ့ပြီး ကလေးလွင်ပြင်ဒေသတော်တော်များများတွင် ချင်းတောင်ပေါ်မှ ရေစီးနှင့်အတူ မျောပါလာသည့် သစ်တုံးများ၊



အမှိုက်များ၊ ဒိုက်များကြောင့် လယ်ကွင်းများပျက်စီးဆုံးရှုံးခဲ့ရမှု ကြုံတွေ့ခဲ့ရသည်။

အဆိုပါ ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသော ကျေးရွာများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရေး ကမ္ဘာ့ဘဏ်ချေးငွေ အစီအစဉ်ဖြင့် ဝယ်ယူပေးခဲ့သည့် ရေစုပ်စက် အင်ဂျင်နှင့်ပန့် လှူဒါန်းပေးအပ်ပွဲသို့ တိုင်းဒေသကြီး ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်မောင်အေးထူးနှင့် ခရိုင် ၊ မြို့နယ် ဌာနဆိုင်ရာများ၊ ကျေးရွာတောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ပြည်သူ့စကားဝိုင်းများကျင်းပ

**ကျောက်တန်း**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ထူးချွန်ကိုယ်ပိုင်အထက်တန်းကျောင်းတို့ ပူးပေါင်းစီစဉ်ကျင်းပသော လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ် ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၆ ရက်က ထူးချွန်ကိုယ်ပိုင်အထက်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို မြို့နယ်အတွင်းမှ ဌာနဆိုင်ရာများ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်စီ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများတက်ရောက်ခဲ့ကြောင်း သိရသည်။ **ကျော်ဆန်းမြင့် (ပြန်/ဆက်)**



**ရှမ်းရွာသစ်**

ကရင်ပြည်နယ် ဘားအံခရိုင် ရှမ်းရွာသစ်မြို့တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ကျေးလက်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ဒီဇင်ဘာ ၁၆ ရက်က ရင်းအိုင်းကျေးရွာရှိ ကျောင်းမကျေးရွာအခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

အဆိုပါ ပြည်သူ့စကားဝိုင်းတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းအောင်က အမှာစကားပြောကြားပြီး ရှမ်းရွာသစ်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အေးအေးနွဲ့က မိမိရပ်ရွာဒေသမှာ ဖြစ်ပေါ်နေသည့် အကြောင်းအရာများကို ပြည်သူများတွင် ဆွေးနွေးမှုများရှိလာစေရန်နှင့် ပြည်သူလူထုစဉ်းစားတွေးခေါ်မှု မြင့်မားလာပြီး ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးတတ်သည့် အလေ့အထများ ဖြစ်ပေါ်လာစေရန် စသည့်ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့အုပ်ချုပ်ရေးမှူးက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် အကြောင်းအရာများကို လည်းကောင်း၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးစောဇော်လင်းမြတ်က မြေလွတ်မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်လျှောက်ထားခြင်းနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းခဲ့ပြီး ဆွေးနွေးပွဲသို့ တက်ရောက်လာသည့် ဒေသခံပြည်သူများက မိမိတို့သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ပြီး သက်ဆိုင်ရာတာဝန်ရှိသူများက အသေးစိတ်ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ရန်ကုန်**

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ အခြေခံပညာဦးစီးဌာန မြန်မာနိုင်ငံမူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း(ဗဟို)တို့ ပူးပေါင်း၍ လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ် ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ယမန်နေ့က သာကေတမြို့နယ် အထက(၅)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲတွင် မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို)မှ ဆရာဦးအောင်ကြည်ညွန့်(တက္ကသိုလ်)၊ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို) အတွင်းရေးမှူး ဦးစိန်မြင့်ထွန်း(ညွှန်ကြားရေးမှူး အခြေခံပညာဦးစီးဌာန(ငြိမ်း)၊ မြို့နယ်ဒုတိယဥပဒေအရာရှိ ဒေါ်ဖြိုးဖြိုးထက်ထက်ခိုင်၊ နယ်မြေရဲစခန်းမှူး ရဲအုပ်သန်းထွေးတို့က လူငယ်ရေးရာနှင့် စာပေအကြောင်း၊ စာဖတ်အားနည်း၍ ဗဟုသုတနည်းကာ မူးယစ်နွံနစ်ရသည့်အကြောင်း၊ မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ ဥပဒေအမျိုးမျိုးရှိကြောင်း၊ လူငယ်များအနေဖြင့် မူးယစ်ဆေးဝါးကိုစမ်း၍ပင် မသုံးသင့်ကြောင်း ဟောပြောဆွေးနွေးခဲ့ပြီး ပြည်သူ့စကားဝိုင်းသို့ ဆရာဆရာမနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၀၀ ခန့်တက်ရောက်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

**ဘုတ်ပြင်း**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ဘုတ်ပြင်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန ၊ ပညာရေးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းစီစဉ်ကျင်းပသော လူငယ်ဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ယမန်နေ့က မြို့နယ်အားကစားခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲကို မြို့နယ်အတွင်းမှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီဝင်များ၊ ပရဟိတအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်( ပြန်/ဆက်)**

# ဥက္ကံသကြားစက်မှ ယမန်နှစ်ကြံတန် ၂၀၀၀ ဝယ်ယူရာမှ ယခုနှစ်တွင်တန် ၉၀၀ သာ ဝယ်ယူ

**ရန်ကုန် ဒီဇင်ဘာ ၁၇**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်ရှိ ဥက္ကံသကြားစက်သို့ ကြံစိုက်တောင်သူများမှ ကြံများ တင်ပို့လျက်ရှိရာ သကြားစက်ရှေ့တွင်ယာဉ်များတန်းစီ စောင့်ဆိုင်းလျက်ရှိပြီး ယမန်နှစ်က ကြံတန်ချိန်နှစ်ထောင်ဝယ်ယူခဲ့ရာမှ ယခုနှစ်တွင် ကြံတန်ချိန် ၉၀၀ သာ ဝယ်ယူသောကြောင့် ကြံတောင်သူတို့မှာ ညအိပ်စောင့်ဆိုင်း ရောင်းချလျက်ရှိကြောင်း သိရသည်။

ဥက္ကံသကြားစက်တွင် ဒီဇင်ဘာ ၅ ရက် မှစ၍ ရက်ပေါင်း ၄၄ ရက်အတွင်း ကြံများကိုဝယ်ယူလျက်ရှိရာ မြို့နယ်အတွင်းရှိ ကြံစိုက်တောင်သူများက ခြောက်ဘီးယာဉ်များဖြင့် တစ်စီးလျှင် ၁၃ တန်မှ ၁၈ တန်တင်ဆောင်လျက် ယမန်နှစ်ကပေါက်ဈေးအတိုင်း တစ်တန်လျှင် ငွေကျပ် ၄၅၀၀၀ ခွဲဖြင့် ရောင်းချလျက်ရှိသည်။

"မနေ့ညက ရောက်တာ။ ဒီညနေအထိ မချရသေးဘူးဆိုတော့ ညအိပ်ပြီး စောင့်ရဦးမယ်။ မနက်က အစီး ၄၀ ကျော်ရှိမယ်။ မနှစ်ကတန် ၂၀၀၀ ဝယ်ခဲ့တာ။ ဒီနှစ်တန် ၉၀၀ ပဲ ဝယ်မယ်ဆိုတော့ ဆင်စခန်းအုပ်စုဆိုရင် တန် ၁၅၀ ယူတယ်။ ဒိုင်အလိုက် သတ်မှတ်ပြီး သကြားစက်က ဝယ်တာ။ သပြု၊ ဆူပါဝမ်း၊ သနပ်ချောင်းစတဲ့ ဒိုင်တွေကို တစ်နေ့တန်ဘယ်လောက်ဆိုတာ သတ်မှတ်ပြီး ဝယ်တယ်။ ကျန်တဲ့ ကားတွေက ရောင်းဖို့အတွက် နောက်ရက်ကို စောင့်ပြီး သတ်မှတ်တဲ့အချိန် ပြည့်သွားရင် နောက်တစ်ရက် ထပ်စောင့်ပေါ့။ ဒီနှစ်တန် ၉၀၀ ဆိုတော့ အရင်နှစ်ထက် ဝယ်တာ နည်းတယ်" ဟု တိုက်ကြီးမြို့နယ် ဆင်စခန်းမှ ကိုဖိုးကျော်က ပြောသည်။

ကြံစိုက်တောင်သူတို့အနေဖြင့် ကြံကို တစ်နေရာတွင် နှစ်ကြိမ်စိုက်ပျိုးပြီး ပထမအကြိမ် တစ်ဧကလျှင် ၁၈ တန်ကျော်ထွက်ရှိ၍ ဒုတိယအကြိမ်တွင် ၁၃ တန်ထွက်ရှိသောကြောင့် မျိုးကောင်းမျိုးသန့်တို့ကို အလေးထားစိုက်ပျိုးရန် ကြိုးပမ်းလျက်ရှိသည်။ ကြံကို ပြာသိုလဆန်းတွင် စတင် စိုက်ပျိုးပြီး တန်ဆောင်မုန်း၊ နတ်တော်တွင် ခုတ်လှဲ၍ တစ်နှစ်လျှင် တစ်ကြိမ်သာ စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။

လွန်ခဲ့သော ၁၄ နှစ်က တိုက်ကြီးမြို့နယ်ရှိ ကြံစိုက်တောင်သူများ ကြံသကာထုတ်လုပ်ရောင်းချမှုကြောင့် စီးပွားရေးအဆင်ပြေခဲ့ကြပြီး ကြံတောင်သူတို့ ရွှေခေတ်သို့ ရောက်ရှိခဲ့ဖူးကြောင်း ကြံတောင်သူတို့ထံမှ သိရသည်။

တိုက်ကြီးမြို့နယ်တွင် ဂျာဝါ၊ ခွန်ငါး၊ ဦးသောင်၊ ကေကော၊ ကေကေ(၃)စသည့် မျိုးကို အဓိကစိုက်ပျိုးလျက်ရှိပြီး မျိုးစိတ်တစ်မျိုးကို ပထမအကြိမ် စတင်စိုက်ပျိုးချိန်တွင် စံချိန်မီကာ နောက်တစ်နှစ်တွင် ထွက်နှုန်းကျခြင်းကို မည်သည့်မြေတွင် ဖြစ်စေ ကြုံတွေ့နေရ၍ ထွက်နှုန်းကောင်းသော မျိုးကောင်းမျိုးသန့်ကို စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း၊ ယခုနှစ် သကြားစက်မှ ကြံကို တန် ၉၀၀ သာ ဝယ်ယူ၍ ကြံစိုက်တောင်သူများ ဥက္ကံသကြားစက်ရှေ့တွင် ညအိပ်စောင့်ဆိုင်း ရောင်းချကြလျက်ရှိကြောင်း သိရသည်။



**သန်းထိုက်၊ ဓာတ်ပုံ-သစ္စာ**

# သဘာဝဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေးဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်းပေး

**နေပြည်တော် ဒီဇင်ဘာ ၁၇**

ပြည်သူများအား သဘာဝဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေး လုပ်ငန်းစဉ်များကို ပိုမိုသိရှိနားလည်စေပြီး ဘေးအန္တရာယ်များကြောင့် ဆုံးရှုံးနိုင်ခြေလျှော့ချနိုင်ရေးနှင့် ကြုံတွေ့လာပါက ကောင်းမွန်စွာ စီမံဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ခရိုင်/မြို့နယ် ဌာနဆိုင်ရာဝန်ထမ်းများနှင့် NGO အဖွဲ့အစည်းများအား ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်က ဒက္ခိဏခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ဘေးအန္တရာယ်ခံနိုင်စွမ်း မြှင့်တင်ရန် ရည်ရွယ်**

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်းက အမှာစကားပြောကြားပြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးကျော်ကျော်ထွန်းက သင်တန်းဖွင့်လှစ်ပေးရခြင်းနှင့် စပ်လျဉ်း၍ ခရိုင်/မြို့နယ် ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် NGO အဖွဲ့အစည်းက မိမိတို့ဒေသများ၌ သဘာဝဘေးအန္တရာယ်များနှင့် ရင်ဆိုင်ရပါက ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေးကို ဒေသခံပြည်သူများအား ပိုမိုသိရှိ နားလည်စေပြီး ကြိုတင်သတိပေးစီမံဆောင်ရွက်နိုင်စေရန်နှင့် ဘေးအန္တရာယ်ဒဏ်ခံနိုင်စွမ်းကို မြှင့်တင်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

**သင်တန်းပို့ချ**

အဆိုပါသင်တန်းတွင် နေပြည်တော်အတွင်းရှိ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် NGO အဖွဲ့အစည်းများက ဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်၍ စိတ်ပါဝင်စားသူ၊ အများအကျိုးကူညီဆောင်ရွက်လို စိတ်ရှိသူ သင်တန်းသားများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဝေါဟာရများ၊ စီမံခန့်ခွဲမှုအယူအဆနှင့် ဆုံးရှုံးနိုင်ခြေများ၊ ထိခိုက်ခံရလွယ်မှုများ၊ ထိတွေ့နိုင်ခြေနှင့် စီမံခန့်ခွဲမှုဆိုင်ရာဖွဲ့စည်းဆောင်ရွက်ထားရှိမှု၊ ရှေးဦးသူနာပြုစုနည်းများ၊ ကာကွယ်စောင့်ရှောက်မှုများကို အဖွဲ့လိုက်ဆောင်ရွက်ခြင်းများကို ဒီဇင်ဘာ ၁၇ ရက်မှ ၂၁ ရက်အထိ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင် (မြန်/ဆက်)**



# အဆင့်မြင့်ရော်ဘာပြားပြုပြင်ထုတ်လုပ်ခြင်း သင်တန်းဖွင့်

**ကျိုက်ဒုံ ဒီဇင်ဘာ ၁၇**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကျိုက်ဒုံမြို့၌ ယနေ့နံနက်က မိတန်ကျေးရွာအုပ်စု ဦးချစ်လွန်း၏ ရော်ဘာခြံ၌ ရော်ဘာခြံပြုစု ထိန်းသိမ်းခြင်း၊ အစေးခြစ်ခြင်းနှင့် အဆင့်မြင့် ရော်ဘာပြားပြုပြင်ထုတ်လုပ်ခြင်း သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပသည်။

အခမ်းအနားတွင် ကျိုက်ဒုံမြို့ KPF, BGF ကြီးကြပ်ကွပ်ကဲရေးဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စောဒေါဒေါနှင့်မြို့အုပ်ချုပ်ရေးမှူး ဦးမင်းဇော်တို့က မိမိတို့ဒေသတွင် လာရောက်၍ နည်းပညာများလာရောက်ပေးသည့်အတွက် ဝမ်းသာကြောင်း ရော်ဘာခြံရှင်များအနေဖြင့် ကြိုးစား၍ လေ့လာသင်ယူကြရန်၊ ရရှိလာသည့်နည်းပညာများကို နည်းစနစ်မှန်ကန်စွာဖြင့် လက်တွေ့အသုံးချရန် မှာကြားခဲ့သည်။

ဆက်လက်၍ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဒုတိယဦးစီးမှူး ဒေါ်ခင်သီနွယ်က သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ကြာအင်းဆိပ်ကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးမှူးက စိုက်ပျိုးနည်းပညာများနှင့် ပတ်သက်၍ လိုအပ်ပါက ဆက်သွယ်မေးမြန်းနိုင်ကြောင်း ပြောကြားခဲ့သည်။ အဆိုပါသင်တန်းကို ငါးရက်ကြာ ကျင်းပသွားမည်ဖြစ်ပြီး သင်တန်းသားများ တက်ရောက်သင်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းထွန်းနိုင်(မြန်/ဆက်)**

# အုန်းနှဲကျေးရွာတွင် စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ်ဖြင့် အမှိုက်များကို အမျိုးအစားခွဲခြား စနစ်တကျစွန့်ပစ်



**အုတ်ဖို ဒီဇင်ဘာ ၁၇**

ကျေးရွာသန့်ရှင်းသာယာ လှပရေးအတွက် အမှိုက်များကို အမျိုးအစားခွဲခြား၍ စနစ်တကျစွန့်ပစ်တတ်စေရန်နှင့် ပလတ်စတစ်များ အသုံးပြုမှု နည်းပါးသွားစေရန် ရည်ရွယ်ပြီး အုတ်ဖိုမြို့နယ် အုန်းနှဲကျေးရွာတွင် စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ်ဖြင့် ကျေးလက်နေပြည်သူများနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်းကာ ဒီဇင်ဘာလ ဒုတိယပတ်က စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့သည်။

"ကျေးရွာသန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းပြီး သန့်ရှင်းရေးဆောင်ရွက်ရတာ ပျော်ဖို့ကောင်းပါတယ်။ ကုသိုလ်လည်း ရပါတယ်။ အဖွဲ့အစည်းနဲ့ စုပေါင်းပြီး ဆောင်ရွက်ရတော့ ရွာသူရွာသားတွေရဲ့ ပရဟိတစိတ်ကလေးတွေကို တွေ့မြင်ရတာ ဝမ်းသာပီတိဖြစ်မိပါတယ်"ဟု အုန်းနှဲကျေးရွာ စွန့်ပစ်အမှိုက် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဒေါ်ခင်မာလာထွန်းက ပြောသည်။

အုန်းနှဲကျေးရွာသည် အုတ်ဖိုမြို့နယ် မြစိမ်းရောင်စီမံကိန်းဝင် ကျေးရွာတစ်ရွာဖြစ်ပြီး စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာတွင် ကော်မတီဖွဲ့စည်းပေးခြင်း၊ စွန့်ပစ်အမှိုက်ကင်းရှင်းရေး အသိပညာပေး ဟောပြောခြင်း၊ လက်တွေ့သရုပ်ပြ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းကို မြို့နယ်ဒုတိယဦးစီးမှူးနှင့် ဝန်ထမ်းများက ကျေးလက်နေပြည်သူများနှင့်အတူ ဆောင်ရွက်ခဲ့ကြသည်။

အုတ်ဖိုမြို့နယ်တွင် မြစိမ်းရောင်စီမံကိန်းဝင် ကျေးရွာများအတွင်းမှ အုန်းနှဲကျေးရွာနည်းတူ ကျွန်းကုန်းကျေးရွာနှင့် ရှမ်းကုန်းကျေးရွာတို့တွင်လည်း စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ်ဖြင့် စွန့်ပစ်အမှိုက်ကင်းရှင်းရေး အသိပညာပေး ဟောပြောဆောင်ရွက်ခြင်း၊ လက်တွေ့သရုပ်ပြ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်လျက်ရှိကြောင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ဇေယျာထွန်း(ကြို့ပင်ကောက်)**

# ပုသိမ်ကြီးမြို့နယ်၌ မုန်ညင်းစိမ်းစိုက်ခင်းများအောင်မြင်ဖြစ်ထွန်း တောင်သူများအဆင်ပြေ

**ပုသိမ်ကြီး ဒီဇင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်တွင် ဆည်တော်ကြီး ဆည်တော်ရေ သောက်စနစ်ဖြင့် မုန်ညင်းစိမ်းများ ရာသီမရွေး စိုက်ပျိုးနိုင်ပြီး စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း၍ တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ မုန်ညင်းစိမ်း စိုက်ခင်းက ပေါင်တင်ပြီး ပက်ကြဲစနစ်နဲ့ စိုက်ပျိုးတာပါ။ မြောင်းထဲကဆည်ရေကို စက်နဲ့တင်ပြီး ရေပန်းနဲ့ဖျန်းပြီး စိုက်ပျိုးတာ။ ပျိုးထုပ်တစ်ထုပ်ကို ငွေကျပ် ၄၀၀ ရာ ပေးရတယ်။ တစ်ဧကကို ပျိုးထုပ် ၂၀၀ လောက်ကုန်တာ။ အပင်သန်ရင် ရက် ၃၀၊ အပင်မသန်ရင် ရက် ၄၀ ဆို စတင်ခူးလို့ရပြီး အစည်းနဲ့ ရောင်းတာရှိသလို ပေါင်ပြတ်ရောင်းတာလည်း ရှိတယ်။ ယာခင်းတစ်ခင်းလုံး တစ်ချိန်တည်း မစိုက်ဘူး။ တစ်ပေါင်နဲ့ တစ်ပေါင် ရက်ခြားပြီးစိုက်တယ်။ ဒါမှ တစ်ပေါင် ရောင်းပြီးရင် နောက်တစ်ပေါင်က ပြန်တက်လာမယ်။ စိုက်ခင်းပေါင်က အပင်ကြည့်ပြီး ပေါင်ပြတ်ရောင်းသလို၊ အစည်းသေး တစ်စည်းကို ငွေကျပ် ၅၀ မှ ၇၀ အထိ ရောင်းချတယ်။ ပုံမှန်စည်းတွေဆိုရင် ငွေ ကျပ် ၁၂၀ အထိရောင်းရတယ်။ အစည်းအကြီး၊ အသေးအရွက်လှ မလှပေါ် မူတည်ပြီး ဈေးနှုန်းအနည်းငယ်ကွာခြားတယ်။ မန္တလေးမြို့နဲ့ ကိုယ်တိုင်သွားရောက်ရောင်းချတာရှိသလို ပွဲစားတွေက ယာခင်းအထိ လာဝယ်တာလည်း ရှိတယ်။ တစ်ဧက ပုံမှန်အစည်း ၅၀၀၀ လောက်ထွက်တယ်။ အခုချိန်က အထွက်နှုန်းကောင်းပြီး နေ့စဉ်ဝင်ငွေရနေတော့ အဆင်ပြေတယ်။ ကျွန်တော်က နှစ်ပတ်လည်စိုက်တာဆိုတော့ မျိုးစေ့စိုက်ခင်း သတ်သတ်ထားတယ်။ မြေသြဇာထည့်တာတို့၊ ဆေးဖျန်းတာတို့ကတော့ လိုအပ်ချိန်မှာ ပြုလုပ်တာပါ။ ပုသိမ်ကြီးနယ်မှာတော့ မုန်ညင်းစိမ်းကို ရွာရှည်၊ သလဲကုန်း၊ ဥယျာဉ်လေး အစရှိတဲ့ ကျေးရွာတွေမှာ အများဆုံး စိုက်ပျိုးပါတယ်။ ဒီစိုက်ခင်းက နေ့စဉ် ဝင်ငွေရနေတော့ အဆင်ပြေကြပါတယ်" ဟု မုန်ညင်းစိမ်းစိုက်ပျိုးသူ ဦးမျိုးက ပြောသည်။



မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်သည် ဆည်တော်ကြီး ဆည်ရေသောက်စနစ်ဖြင့် ဆန်စပါးကို အဓိကထား စိုက်ပျိုးပြီး ကွမ်းရွက်၊ ခရမ်းချဉ်၊ သရက်၊ သခွား၊ ပန်း၊ မုန်ညင်းစိမ်း အစရှိသော သီးနှံများစိုက်ပျိုးကာ ဆည်ရေသောက်စနစ်ဖြင့်သီးနှံများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

**သန်းဇော်မင်း (မြန်/ဆက်)**

## နောင်တစ်ချိန်မှာဖြစ်လာနိုင်တဲ့ လုပ်ငန်းခွင်ထိခိုက်မှုဆိုတာကို ကာကွယ်နိုင်အောင်၊ ဝန်ထုပ်ဝန်ပိုးမဖြစ်အောင် တစ်လုံးတစ်ခဲတည်း မဖြစ်အောင်အတွက် နိုင်ငံတော်ရဲ့စနစ်ကနေ မှန်ကန်အောင်လုပ်ဆောင်ပေးတဲ့အပေါ် မိတ်ဖက်အားလုံးက ပူးပေါင်းဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်

အလုပ်သမားကိုယ်စားလှယ် ဒေါ်ဖြိုးစန္ဒာစိုး

# လူမှုဖူလုံရေးအကျိုးခံစားခွင့်များနှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအတွက် စကားဝိုင်းဆွေးနွေးပွဲ ဒုတိယပိုင်းကျင်းပ

**လူမှုဖူလုံရေးအကျိုးခံစားခွင့်များနှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအတွက် စကားဝိုင်းဆွေးနွေးပွဲ ဒုတိယပိုင်းကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့သည်။ စကားဝိုင်းဆွေးနွေးပွဲတွင် လူမှုဖူလုံရေးအဖွဲ့ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်အေး၊ ညွှန်ကြားရေးမှူး ဒေါ်သန်းသန်းနု၊ အလုပ်ရှင်ကိုယ်စားလှယ် ဦးဝင်းနိုင်၊ အလုပ်သမားကိုယ်စားလှယ် ဒေါ်ဖြိုးစန္ဒာစိုးနှင့် ILO မှ အရာရှိ ဒေါက်တာ သိန်းသန်းဌေးတို့က ပါဝင်ဆွေးနွေးခဲ့ကြသည်။**


လူမှုဖူလုံရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်အေး


ညွှန်ကြားရေးမှူး ဒေါ်သန်းသန်းနု


အလုပ်ရှင်ကိုယ်စားလှယ် ဦးဝင်းနိုင်


အလုပ်သမားကိုယ်စားလှယ် ဒေါ်ဖြိုးစန္ဒာစိုး


ILO မှ အရာရှိ ဒေါက်တာ သိန်းသန်းဌေး

*ယမန်နေ့မှအဆက်*

**အစီအစဉ်မှူး။ ။ ဆွေးနွေးချက်က တော်တော်ကို တန်ဖိုးရှိပါတယ်။ ဆက်လက်ပြီးတော့ အလုပ်သမား ကိုယ်စားလှယ်ကလည်း ဆွေးနွေးပေးပါဦး။**

**အလုပ်သမားကိုယ်စားလှယ်။** ။ အရင် ဦးဆုံးကတော့ ကျွန်မတို့အားလုံး ပြန်လည်ပြုပြင်ရေးအပိုင်းကို ပြောကြားလိုပါတယ်။ စနစ်အားကောင်းလာအောင်သွားတဲ့အပိုင်းလို့လည်း ပြောနိုင်ပါတယ်။ ဒါက အရင်ဦးဆုံး ထူထောင်ထားတဲ့ ဘဏ္ဍာငွေနဲ့ပတ်သက်တဲ့ နေရာကနေ စချင်ပါတယ်။ ကျွန်မတို့ လူမှုဖူလုံရေးထည့်ဝင်ကြေးကို ဘယ်လိုကနေ လာသလဲဆိုရင် ကျွန်မတို့ရဲ့ လူမှုရေးမိတ်ဖက် အလုပ်ရှင်က ထည့်ဝင်တာရှိပါတယ်။ အာမခံအလုပ်သမားကနေ ထည့်ဝင်တာရှိပါတယ်။ အစိုးရကတော့ နိုင်ငံတော်ကနေပြီး ထောက်ကန်ပေးတဲ့သဘောပါ။ ပိုပြီးတော့ လူမှုဖူလုံရေးစနစ်တွေ အားကောင်းလာအောင် ပိုပြီးတော့ ထည့်ဝင်ပေးတဲ့အပိုင်းဖြစ်ပါတယ်။ အဲဒီတော့ ကျွန်မတို့ကတော့ ဒီရန်ပုံငွေကို မရောစေချင်ပါဘူး။ ဒါက အခွန်စနစ်ကနေလာတဲ့ ရန်ပုံငွေမဟုတ်ပါဘူး။ အလုပ်ရှင်၊ အလုပ်သမားကနေ ထည့်ဝင်ထားတဲ့ အရာဖြစ်ပါတယ်။ နောက်ပြီးတော့ ဒီလိုကောက်ခံတဲ့ ထည့်ဝင်ကြေးတွေဟာ အခြားအကြောင်းအရာခေါင်းစဉ်အတွက် သုံးစွဲလို့မရပါဘူး။ ဘယ်အတွက်လဲဆိုရင် ဥပမာအားဖြင့် ကျန်းမာရေး Medical Care အတွက် ကောက်တယ်၊ Sickness Benefit အတွက် ကောက်တယ်။ မကျန်းမာမှုအတွက်ပေါ့။ ဒီလိုကောက်ခံရင် အဲဒီ အတွက်ကိုပဲ ပြန်သုံးပေးရတာဖြစ်ပါတယ်။ ဒီထည့်ဝင်မှုအတွက်ကို ဒီလိုပြန်ပြီး သုံးစွဲ ကျခံပေးရတာပါ။

**"ဥပဒေပြုပြင်ပြောင်းလဲရေးအပိုင်းကိုလည်း ပိုကြိုးစားပြောင်းလဲရမှာဖြစ်သလို ပြုပြင်ပြောင်းလဲတိုင်းမှာလည်း အလုပ်ရှင်တွေ၊ အလုပ်သမားတွေရဲ့ အသံတွေကို ပိုပြီးထည့်သွင်းသွားနိုင်ဖို့ အရေးကြီးတယ်။ ဒါကတော့ လူမှုရေးမိတ်ဖက်အနေနဲ့ ဖြစ်ပါတယ်။ ကျွန်မတို့တိုင်းပြည်ရဲ့ စနစ်အားကောင်းလာအောင်လုပ်ဖို့ လူမှုဖူလုံရေးအဖွဲ့ရဲ့ဝန်ကြီးဌာနတွေက သွားနေတာတွေ၊ စေတနာကောင်းနဲ့ ဆောင်ရွက်နေတာတွေ တွေ့ရတယ်"**

ကျွန်မတို့ကတော့ ပိုပိုပြီးတော့ ဝန်ဆောင်မှုကောင်းအောင် ဘယ်လိုလုပ်ပေးရမလဲဆိုတာကို အမြဲတမ်း စဉ်းစားမှာဖြစ်ပါတယ်။ ဒါကြောင့် လူမှုဖူလုံရေးအဖွဲ့က ကျွန်မတို့ အလုပ်သမားတွေကနေ ဘာတွေတောင်းဆိုသလဲဆိုတာကို မြေပြင်အခြေအနေမှာ ဖြစ်နေတဲ့အနေအထားတွေ တင်ပြတဲ့အခါ ကျွန်မတို့ လူမှုဖူလုံရေးအဖွဲ့မှ အလုပ်သမားကိုယ်စားလှယ်ဖြစ်တယ်။ အလုပ်ရှင်ကိုယ်စားလှယ်ဖြစ်တယ်။ ဒီလိုဟာတွေကို တင်ပြပါတယ်။ အမြဲတမ်းလည်းကျွန်မတို့တွေ အဆက်အသွယ်ရှိပါတယ်။ တင်ပြကြတာတွေကို အလုပ်သမားဝန်ကြီးဌာနရော၊ လူမှုဖူလုံရေးကရော လုပ်ပေးစေချင်ပါတယ်။

ဒါပေမယ့် ကျွန်မတို့က ထုံးစံအတိုင်းပြန်သွားရင်တော့ ဘယ်မှာသွားပြီး ပြဿနာရှိသလဲဆိုရင် ဘဏ္ဍာငွေကဏ္ဍမှာ သွားပြီးရှေ့မတိုးနိုင်ဖြစ်နေပါတယ်။ ကျွန်မတို့ အခု ၂၀၁၂ခုနှစ် လူမှုဖူလုံရေးဥပဒေက အိုင်အယ်လ်အိုရဲ့ စံနှုန်းအရ Autonomus ဖြစ်မနေဘူး။ တစ်စိတ်တစ်ပိုင်းကို ဝန်ကြီးဌာနရဲ့ ဘတ်ဂျက်လိုင်း အရရော၊ လွှတ်တော်က ဆုံးဖြတ်တဲ့ ဆုံးဖြတ်ချက်အရလည်းကောင်း၊ ခံယူနေကြရတဲ့အချိန်မှာ ကျွန်မတို့က ဒီကနေ သွားချင်တယ်။ ချဲ့ချင်တာတွေရှိတယ်။ သို့သော် လုပ်လို့မရပါဘူး။ ဒါကြောင့် ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်တွေထဲမှာ ထည့်သွင်းထားတာက ဥပဒေတွေမှာ ပိုပြီးချဲ့ထွင်နိုင်တဲ့ အနေအထား ဝန်းကျင်ဖြစ်အောင် လုပ်ဆောင်သွားဖို့ ဖြစ်ပါတယ်။ နောက်တစ်ခုက အကောင်အထည်ဖော်မှု အပိုင်းမှာ ဝန်ထမ်းအင်အားတွေ တိုးချဲ့ဖို့လိုအပ်တယ်။ ဥပမာ ကျွန်မတို့က အစိုးရကနေ ပေးနိုင်တဲ့ ဘတ်ဂျက်အနေအထားအရ သုံးစွဲလို့မရရင် လူမှုဖူလုံရေးရဲ့ ပိုက်ဆံနဲ့ ထည့်ဝင်ထားတဲ့ ငွေထဲကနေ နောက်ထပ် ဝန်ထမ်းအင်အား ထပ်ဖြည့်ဖို့ လိုအပ်ရင် ဖြည့်ကြရမယ်။

ဆရာဝန်မလုံလောက်မှုအတွက် ဆရာဝန်တွေကို ထပ်ခေါ်ကြမယ်။ လုပ်အားခနည်းတယ်ဆိုရင် ဆရာဝန်တွေဟာ သူတို့မိသားစုရဲ့ ငွေကြေးပူပန်နေကြရမယ်ဆိုရင် သူတို့လာနိုင်မှာ မဟုတ်ပါဘူး။ ဒါကြောင့် ဖူလုံရေးဆေးခန်းတွေမှာ လုပ်ချင်ကိုင်ချင်စိတ်ရှိအောင် ဆရာဝန်တွေ၊ သူနာပြုတွေအတွက် Farewages ဖြစ်တဲ့ မျှတတဲ့ လုပ်အားခကို ပေးဖို့လိုပါတယ်။ ဒီမှာက နိုင်ငံတော်သွားတဲ့ ဘတ်ဂျက်ပုံစံအရသော်လည်းကောင်း၊ ကျွန်မတို့ရဲ့ သွားချင်တဲ့ဒီဘက်က စိတ်ဆန္ဒအရသော်လည်းကောင်း အခက်အခဲတွေဖြစ်လာတယ်။ ဒါကို မြန်မာနိုင်ငံအနေနဲ့ စဉ်းစားဖို့လိုတယ်။

အကောင်အထည်ဖော်မှုအပိုင်းမှာ အလုပ်ရှင်တွေ၊ အလုပ်သမားညီအစ်ကို မောင်နှမတွေကို ပြောချင်တာက ဒီအာမခံစနစ်ပေးထားတယ်ဆိုတာ တိုင်းပြည်မှာ တစ်စုံတစ်ရာ ဘေးအန္တရာယ်ကျရောက်ရင် ကာကွယ်ပေးနိုင်ဖို့ ကြိုးစားတယ်။ အချို့က ကြိုးစားတာကို မသိဘူး။ မသိတာကို လက်ခံပါတယ်။ နားမလည်တာကို လက်ခံပါတယ်။ အချို့ကျတော့ သိပေမယ့် မကျင့်သုံးတာ။ မကျင့်သုံးကြရင်တော့ ကျွန်မတို့စနစ်က ရှင်သန်မှာ မဟုတ်ပါဘူး။ ဒါကြောင့် စနစ်ကို လေ့လာပါ။ ကျင့်သုံးပါ။ အသက်ဝင်အောင်လည်း ကြိုးစားပေးပါလို့ တိုက်တွန်းချင်ပါတယ်။

ကိုယ်ဝန်ဆောင်အကျိုးခံစားခွင့်တွေ ပေးနေတယ်။ ကျွန်မတို့ရဲ့စနစ်က ရှစ်ပတ်၊ ခြောက်ပတ်နဲ့ ၁၄ပတ်ပေါ့။ အဲဒီမှာလည်း အကျိုးခံစားခွင့်ရအောင် လုပ်တဲ့အခါ အချို့အလုပ်သမားတွေက အလုပ်ရှင်ကိုသနားလို့တဲ့၊ ကိုယ်ဝန်ဆောင်ခွင့်ရက်ကို မယူချင်ဘူးပေါ့။ ဒါဆိုရင် ကျွန်မတို့က ကျန်းမာရေးရှုထောင့်အရ လိုအပ်လို့ ခွင့်ယူခိုင်းတာပါ။ အကျိုးခံစားခွင့်ကလည်း ဒီဘက်မှာ ပြန်လည်ကုစားပေးတာအတွက်ကို လုပ်ပေးတာ။ အဲဒီလို နေရာမှာ ကျွန်မတို့ရဲ့ညီအစ်ကိုမောင်နှမ အလုပ်သမားတွေကို ပြောချင်တာက ကျင့်သုံးပေးပါ။ ကိုယ့်ရဲ့အခွင့်အရေးကိုရယူပြီး ဝန်ဆောင်မှုပေးတဲ့ အပိုင်းမှာ အားနည်းချက်တွေရှိနေရင်လည်း ကျွန်မတို့ကို အကြောင်းကြားပါ။ လူမှုဖူလုံရေးကလည်း Hot Line တွေလည်း ဖွင့်ထားပါတယ်။ ချက်ချင်း အကြောင်းကြားပါ။ ဒါမှသာ တုံ့ပြန်ဖြေရှင်းနိုင်မယ်။ လိုအပ်တာတွေ ဖြည့်ဆည်းနိုင်မယ်။

အလုပ်ရှင်တွေအပိုင်းမှာလည်း လူမှုဖူလုံရေးလို့ ပြောရင် အချို့နေရာမှာရှိတဲ့ လုပ်သားအင်အားစုစုပေါင်းကို အပြည့်အဝ မထည့်ဝင်တာမျိုးတွေရှိကြပါတယ်။ အလုပ်ရှင်သည် အကယ်၍များ လုပ်ငန်းခွင်ထဲမှာ ထိခိုက်ဒဏ်ရာရခဲ့ရင် လုပ်ငန်းခွင် ထိခိုက် ဒဏ်ရာရရှိမှု လုပ်ငန်းခွင်ရောဂါတွေဟာ အလုပ်ရှင်မှာ အဓိက တာဝန်ရှိပါတယ်။ ဒါကို လူမှုဖူလုံရေးစနစ်ကနေ အလုပ်ရှင်တာဝန်ကို ဝန်ထုပ်ဝန်ပိုးမဖြစ်အောင် စဉ်းစားပေးတဲ့အချိန်မှာ မယုံကြည်ဘဲ မထည့်ဝင်တဲ့အခါကျရင် ကိုယ့်အတွက် ဝန်ထုပ်ဝန်ပိုး ဖြစ်လာမှာပါပဲ။ ဒါကြောင့် ထည့်ဝင်ရတာကို မကြောက်ကြပါနဲ့။ နောင်တစ်ချိန်မှာ ဖြစ်လာနိုင်တဲ့ လုပ်ငန်းခွင်ထိခိုက်မှုဆိုတာကို ကာကွယ်နိုင်အောင်၊ ဝန်ထုပ်ဝန်ပိုး မဖြစ်အောင် တစ်လုံးတစ်ခဲတည်း မဖြစ်အောင်အတွက် နိုင်ငံတော်ရဲ့စနစ်ကနေ မှန်ကန်အောင်လုပ်ဆောင်ပေးတဲ့အပေါ် မိတ်ဖက်အားလုံးက ပူးပေါင်းဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။

စနစ်အသစ်ထဲမှာ စနစ်ကိုထပ်ပြီးတိုးချဲ့ဖို့အတွက် ဘုတ်အဖွဲ့မှာလည်း အခက်အခဲတွေ ရှိပါတယ်။ ဝန်ထမ်းအင်အားကအစ လိုအပ်ချက်တွေရှိတယ်။ စိုးရိမ်တာကလည်း အချို့စနစ်တွေဟာ အမြန်ဆုံးအကောင်အထည်ဖော်ရမှာတွေရှိတယ်။ အကယ်၍ နောက်ကျမယ်ဆိုရင် ပိုပြီးခက်ခဲလာမယ့် အရာတွေရှိပါတယ်။ ဥပမာပြောရရင် သက်ကြီးပင်စင်ကိစ္စမှာ တိုင်းပြည်ရဲ့အနေအထားက Demographic Change အရ လက်ရှိမှာ ကံကောင်းနေသေးတယ်။ အသက်အရွယ်ကြီးတဲ့ သက်ကြီးရွယ်အိုတွေက နည်းနေသေးတယ်။

အဲဒီအချိန်မှာ ကျွန်မတို့က ပင်စင်စနစ်ကို မသွားနိုင်သေးရင် နောင်သက်ကြီးရွယ်အိုများလာတဲ့အခါမှ ပင်စင်စနစ်စတင်မယ်ဆိုရင် အခက်အခဲတွေ ပိုများသွားနိုင်ပါတယ်။ ပင်စင်စနစ်မှာလည်း အခုကတည်းက ပင်စင်စနစ်ကိုထားရင် ပင်စင်ရန်ပုံငွေက နိုင်ငံတစ်ခုမှာ အင်မတန်ခိုင်ခံ့တဲ့ ရန်ပုံငွေ ဥပမာ လုပ်ငန်းရှင်တွေ လုပ်ငန်းလိုအပ်တဲ့အခါ နိုင်ငံတော်က ဒီငွေကို လှည့်ပြီးတော့ လုပ်ငန်းရှင်တွေ လုပ်သာကိုင်သာရှိအောင် ပြန်ထုတ်ချေးပေးတဲ့ ပုံစံမျိုး အခြားနိုင်ငံတွေမှာလုပ်ကိုင်ကြတယ်။ ပင်စင်ရန်ပုံငွေကို ကျွန်မတို့က ခိုင်ခံ့အောင်ထားရတယ်။အခု ကျွန်မတို့ စနစ်သစ်ထဲမှာ အစိုးရနဲ့ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင်ကတော့ သဘောတူပြီးပါပြီ။ ပင်စင်စနစ်ကို ထပ်ချဲ့ဖို့အတွက် မြန်မြန်သွားသင့်တယ်။ မသွားရင် သက်ကြီးပင်စင်များလာပြီးမှသာ စနိုင်ခဲ့ရင် ပင်စင်စနစ်က ပိုပြီးခက်ခဲအလှမ်းဝေးနိုင်တယ်။

တစ်ပြိုင်နက်တည်းမှာ လုပ်ရမယ့်လုပ်ငန်းစဉ်တွေလည်းရှိတယ်။ ဥပဒေပြုပြင် ပြောင်းလဲရေးအပိုင်းကိုလည်း ပိုကြိုးစားပြောင်းလဲရမှာဖြစ်သလို ပြုပြင်ပြောင်းလဲတိုင်းမှာလည်း အလုပ်ရှင်တွေ၊ အလုပ်သမားတွေရဲ့ အသံတွေကို ပိုပြီး ထည့်သွင်းသွားနိုင်ဖို့ အရေးကြီးတယ်။ ဒါကတော့ လူမှုရေး မိတ်ဖက်အနေနဲ့ဖြစ်ပါတယ်။ ကျွန်မတို့တိုင်းပြည်ရဲ့ စနစ်အားကောင်းလာအောင်လုပ်ဖို့ လူမှုဖူလုံရေးအဖွဲ့ရဲ့ဝန်ကြီးဌာနတွေက သွားနေတာတွေ၊ စေတနာကောင်းနဲ့ ဆောင်ရွက်နေတာတွေ တွေ့ရတယ်။ ဒါကို ဘက်ပေါင်းစုံကနေ ဥပဒေပြုသူတွေရော၊ နိုင်ငံသားတွေအားလုံးရော ဒီစနစ်အပေါ် အာရုံစိုက် ဖြေရှင်းကူညီပံ့ပိုးကြဖို့ တောင်းဆိုပါတယ်။

**အစီအစဉ်မှူး။ ။ ဆက်လက်ပြီးတော့ လူမှုဖူလုံရေးကိစ္စရပ်တွေမှာ လတ်တလော ဖြေလျှော့ပေးဖို့ ကိစ္စတွေလည်း ရှိနေတယ်လို့ သိရပါတယ်။ ဘယ်လို ဖြေလျှော့မှုတွေပေးမလဲဆိုတာကို အလုပ်ရှင်တွေနဲ့ အလုပ်သမားထုတွေအတွက် ဆွေးနွေးပေးပါဦး။**

**ညွှန်ကြားရေးမှူး။** ။ ဥပဒေကို Legal Reform လို့ခေါ်တဲ့ ပြုပြင်ပြောင်းလဲဖို့ လုပ်နေတာဖြစ်လို့ တဖြည်းဖြည်းသွားရမှာဖြစ်ပါတယ်။ အလုပ်ရှင်တွေ၊ အလုပ်သမားတွေနဲ့ ညှိနှိုင်းရမယ်။ အိုင်အယ်လ်အိုကနေ နိုင်ငံတကာ စံချိန်စံညွှန်းတွေနဲ့ ကိုက်ညီအောင် လုပ်ရမယ်။ ဒါက ပုံမှန်သွားရမယ့် ကိစ္စရပ်တွေပါ။ လက်ရှိအခြေအနေမှာတောင် လူမှုဖူလုံရေးအဖွဲ့ကြီးဟာ အလုပ်သမားတွေအတွက် အစွမ်းကုန်ဖြေလျှော့ပေးချင်တာ ဘာကြောင့်လဲဆိုရင် အခုလုပ်နေတဲ့ အလုပ်တွေမှာ အဆင့်တွေ ဘယ်လောက်များသလဲဆိုတာလည်း သက်ဆိုင်ပါတယ်။ အဆင့်တွေကို အချို့ကိစ္စတွေမှာ ဖြေလျှော့ပေးလိုက်တယ်။ ဆိုလိုတာက အထောက်အထား ယူတာများနေတယ်။ အထောက်အထား ကိစ္စရပ်တွေကို ဘယ်လို ဖြေလျှော့မလဲဆိုတာ စလုပ်နေပါတယ်။

လတ်တလောမှာ ဖြေလျှော့ထားတာကတော့ ပင်စင်ယူတဲ့အခါ ဆေးကုသမှု ခံစားခွင့်ဆိုတာ ဥပဒေမှာ ၅၀ ရာခိုင်နှုန်းမဖြစ်မနေ ခံခိုင်းတယ်။ ဒါပေမယ့် လူမှုဖူလုံရေး ဆေးခန်းတွေမှာတော့ ခုနစ်ရက်ကို ဆေးကုသခွင့် အခမဲ့ပေးလိုက်တယ်။ ထည့်ဝင်ကြေးမသွင်းတဲ့ အချိန်မှာတောင် ဆေးခန်းတွေမှာ သူဟာ တစ်လကို ခုနစ်ရက် ဆေးကုသခွင့်ရတယ်။ နောက်တစ်ခုက အရင်က ပုဂ္ဂလိက ဆေးခန်းတွေမှာ အရေးပေါ်အခြေအနေမှသာ ကုကု၊ ဘယ်လိုကုကု ဆေးကုသမှုကုန်ကျစရိတ် ပြန်မပေးဘူး။ ဥပဒေမှာ ဆေးဖိုးပြန်အမ်းတာတွေ တော့ ပါဝင်ပါတယ်။ ဆေးဖိုးတွေ အပြင်ကနေ ဝယ်ယူရတဲ့ ဆေးဖိုးကုန်ကျငွေတွေကို ပြန်အမ်းတယ်။ ပြည်သူ့ဆေးရုံတွေမှာ ဆေးကုသရင် လွှဲပို့လိုက်တဲ့ လူနာတွေက ဆေးရုံတွေကို တက်ကုရတဲ့ အခြေအနေတွေ ဥပမာ နှလုံးခွဲစိတ်တာ၊ ကျောက်ကပ်ဆေးတာတွေဆိုရင်လည်း ဆေးဖိုးပြန်အမ်းတာတွေရှိပါတယ်။

လတ်တလောမှာ ဖြေလျှော့လိုက်တာက အရေးပေါ်ကုသရတဲ့ အခြေအနေတွေမှာ သူ့အသက်အန္တရာယ်ကို စိုးရိမ်ရတယ်ဆိုရင် ပုဂ္ဂလိက ဆေးခန်းမှာ ဆေးကုသမှု ခံယူတယ်ဆိုတောင် ဆေးဖိုးတွေ ပြန်အမ်းပေးနေပါပြီ။ အရင်ကဆိုရင် ရောက်တဲ့အရပ် ဥပမာ - သူက ရန်ကုန်မှာ ထည့်ဝင်ကြေးသွင်းထားရင် ရန်ကုန်မှာပဲ ဆေးဖိုးပြန်အမ်းငွေ အကျိုးခံစားခွင့်ကို ထုတ်နိုင်တယ်။ အခုတော့ ရောက်တဲ့အရပ်မှာ အလုပ်လုပ်တဲ့နေရာကနေ ဘယ်နေရာမှာဖြစ်ဖြစ် ထည့်ဝင်ကြေးသွင်းထားတယ်ဆိုရင် ဆေးကုသမှုခံယူခွင့်ရှိပါတယ်။ ကျွန်မတို့ ဆေးရုံဆေးခန်းတွေမှာ ငွေကြေးအကျိုးခံစားခွင့်ကို ပြန်ထုတ်ပေးလို့ရအောင် ဆောင်ရွက်နေပါတယ်။ ဒါကြောင့် ဆေးကုသမှုခံစားခွင့်ရော၊ ငွေကြေးအကျိုးခံစားခွင့်ရော အခက်အခဲမရှိအောင် မြို့နယ်အချင်းချင်း ချိတ်ဆက်ဆောင်ရွက်ပေးပါတယ်။

အခုလိုမျိုး အလုပ်သမားတွေရဲ့ အကျိုးခံစားခွင့်တွေ မဆုံးရှုံးရအောင် လုပ်ဆောင်ရာမှာ သိထားသင့်တာက ဘယ်အလုပ်ဌာနကို ပြောင်းပြောင်း၊ ထပ်ပြီး မှတ်ပုံမတင်ဖို့ လိုအပ်ပါတယ်။ မီးဖွားမှုယူခါနီးမှာ သူတို့က ဟိုဌာနမှာ SSN နံပါတ်တစ်ခုယူထားတယ်။ နောက်ဌာနမှာလည်း တစ်ကြိမ်ထပ်ပြီး မှတ်ပုံတင်တဲ့အတွက် ပြန်ချိတ်ဆက်ပေးပါတယ်။ ထည့်ဝင်ကြေးကာလ ခြောက်လရှိပြီး မှတ်ပုံတင်ကာလ ၁၂ လစာ ရှိမယ်ဆိုရင် မီးဖွားမှုအကျိုးခံစားခွင့်ကို ထုတ်ပေးပါတယ်။ လုပ်ခလစာပေါ် မူတည်ပြီးတော့ မီးဖွားမှု အကျိုး ခံစားခွင့်တွေ အများကြီးရနိုင်ပါတယ်။ အာမခံ အလုပ်သမားတွေ မီးဖွားခွင့်ယူနေတဲ့ အချိန်မှာ ကျွန်မတို့ဆေးရုံကြီးတွေမှာ မီးဖွားခွင့်ရသလို ဆေးကုသမှုရသလို ငွေကြေးအကျိုးခံစားခွင့်တွေလည်း ရရှိခံစားသွားရတာဖြစ်ပါတယ်။

**ခင်ရတနာ၊ဓာတ်ပုံ-မေဦးမိုး**

# စားသောက်ကုန်ထုတ်လုပ်ခြင်းနှင့် ဝန်ဆောင်မှုပေးခြင်းဆိုင်ရာ သင်တန်းဖွင့်

**ရန်ကုန် ဒီဇင်ဘာ ၁၇**

လူငယ်များအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ရရှိနိုင်စေရန်အတွက် စားသောက်ကုန်ထုတ်လုပ်ခြင်းနှင့် ဝန်ဆောင်မှုပေးခြင်းဆိုင်ရာ သက်မွေးပညာသင်တန်းကို ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ဗိုလ်အောင်ကျော်လမ်း မီးခွက်ဈေးအနီးရှိ အစိုးရနည်းပညာအထက်တန်းကျောင်း (GTHS)၌ ကိုရီးယားမှ ကျွမ်းကျင်ပညာရှင်များက လာရောက်၍ အသက်မွေးဝမ်းကျောင်းပညာ သင်တန်းတစ်ရပ်ကို ပထမအကြိမ်အဖြစ် (အခမဲ့) လေ့ကျင့်သင်ကြားပေးနေပြီဖြစ်ကြောင်း သိရသည်။

နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအေးမြင့်က "သက်မွေးပညာရပ်တွေ တိုးတက်လာစေဖို့ တစ်နိုင်ငံလုံးမှာရှိတဲ့ သက်မွေးပညာကျောင်းတွေမှာ ဒေသရဲ့လိုအပ်ချက်နဲ့ကိုက်ညီတဲ့ ပညာရပ်တွေကို လေ့ကျင့်သင်ကြားပေးနေပါတယ်။ အခုအခါမှာ ပထမဆုံးအဖြစ် ကိုရီးယားနိုင်ငံက အစားအသောက် ထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှုအပိုင်းကို ကျွမ်းကျင်တဲ့ပညာရှင်တွေကနေ စာတွေ့လက်တွေ့သင်ကြားပေးမှာပါ။ ဒါ့အပြင် လုပ်ငန်းခွင်လက်တွေ့ပြုလုပ်ပုံတွေကိုလည်း သင်ကြားပေးမှာဖြစ်လို့ ကျွမ်းကျင်လုပ်သားရှားပါးမှုကို ဖြေလျှော့နိုင်ပြီး ကိုယ်ပိုင်အသေးစားစီးပွားရေးလုပ်ငန်းတွေကိုပါ ဦးစီးဦးဆောင် ပြုလုပ်နိုင်မယ့် အခွင့်အလမ်းတွေ ရရှိမယ့်အပြင် အခြား အသက်မွေးမှုဆိုင်ရာအလုပ်အကိုင်တွေလည်း ရရှိစေမှာဖြစ်ပါတယ်" ဟု ပြောသည်။

ယင်းသင်တန်းကို နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ကိုရီးယားနိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(Korea International Cooperation Agency-KOICA)၊ ကိုရီးယားနိုင်ငံအခြေစိုက် Wholistic Interest Through Health(WITH)နှင့် မေတ္တာအလင်းအသင်း (Myitta-A-Lin Association) တို့ ပူးပေါင်းကာ အစိုးရနည်းပညာအထက်တန်းကျောင်း (လှိုင်သာယာ)၌ ဒီဇင်ဘာ ၁၅ ရက်မှစ၍ သင်ကြားနေပြီး လေးလကြာ ပို့ချသင်ကြားပေးသွားမည်ဖြစ်သည်။

သင်တန်းများအဖြစ် ပေါင်မုန့်နှင့် ကိတ်မုန့်ဖုတ်သင်တန်းတွင် သင်တန်းသား ၂၀၊ အနောက်တိုင်းနှင့် အရှေ့တိုင်း အစားအစာအချက်အပြုတ်သင်တန်းတွင် ၂၀၊ ကော်ဖီနှင့်ဖျော်ရည်သင်တန်းတွင် ၂၀ စုစုပေါင်း သင်တန်းသား ကျား/မ ၆၀ တက်ရောက်ကြရမည်ဖြစ်ပြီး အသက် ၁၅ နှစ်မှ အသက် ၂၀ ကြား ပညာအရည်အချင်း အနိမ့်ဆုံး ရှစ်တန်းအထိ သင်ကြားခဲ့ဖူးသူများ တက်ရောက်နိုင်ကြောင်းနှင့် GTHS(လှိုင်သာယာ)အနေဖြင့် အလားတူသင်တန်းများကို တစ်နှစ်လျှင်နှစ်ကြိမ် ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနအနေဖြင့် နည်းပညာနှင့် သက်မွေးပညာရပ်များ ဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံနှင့်တစ်ဝန်းရှိ အစိုးရနည်းပညာကောလိပ် သုံးကျောင်း၊ အစိုးရစက်မှုလက်မှုသိပ္ပံ ၂၂ ကျောင်း၊ အစိုးရနည်းပညာအထက်တန်းကျောင်း ၃၅ ကျောင်း၊ သက်မွေးပညာသင်တန်းကျောင်း ငါးကျောင်းအပါဝင် စုစုပေါင်း ၆၅ ကျောင်းတွင် ပုံမှန်သက်မွေးသင်တန်းများအပြင် ဒေသလိုအပ်ချက်အပေါ်မူတည်ပြီး မိတ်ဖက်အဖွဲ့အစည်းများနှင့်ချိတ်ဆက်ကာ သက်မွေးပညာသင်တန်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)၊ ဓာတ်ပုံ-မျိုးကြီး**



ပေါင်မုန့်နှင့်ကိတ်မုန့်ဖုတ်သင်တန်း သင်ကြားပို့ချနေစဉ်။

# (၁၀၅)မိုင် သူနာပြုတပ်ဖွဲ့နှင့် မူဆယ်ကရုဏာလူမှုကူညီရေးအသင်းသို့ လူနာတင်ယာဉ်များလှူဒါန်း

**မူဆယ် ဒီဇင်ဘာ ၁၇**

ရှမ်းပြည်နယ် မူဆယ်မြို့နယ် မိုင်းယု(၁၀၅)မိုင် ကြက်ခြေနီသူနာပြုတပ်ဖွဲ့နှင့် မူဆယ်ကရုဏာလူမှုရေးအသင်းများသို့ လူမှုအကျိုးပြုလုပ်ငန်းများ လုပ်ဆောင်ရန်အတွက် မူဆယ်မြို့ရှိ နယူးစတားလိုက် ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ လူနာတင်ယာဉ်များပေးအပ်လှူဒါန်းပွဲကို ဒီဇင်ဘာ ၁၇ ရက်က အဆိုပါကုမ္ပဏီ အစည်းအဝေးခန်းမဆောင်၌ ကျင်းပခဲ့သည်။



အဆိုပါ လူနာတင်ယာဉ်များပေးအပ်လှူဒါန်းပွဲတွင် နယူးစတားလိုက် ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ ဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်း နှင့်တာဝန်ရှိသူများ၊ မိုင်းယု(၁၀၅)မိုင် ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ တပ်ဖွဲ့မှူး ဦးသန့်ဇင်နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မူဆယ်ကရုဏာ လူမှုကူညီရေးအသင်းမှဥက္ကဋ္ဌ ဦးသောင်းထွန်းနှင့် အသင်းဝင်များ တက်ရောက်ခဲ့ကြပြီး ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌက လူနာတင်ယာဉ်လှူဒါန်းသည့် ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။ ထို့နောက် မူဆယ်ကရုဏာ လူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးသောင်းထွန်းက ကရုဏာလူမှုကူညီရေးအသင်းကိုယ်စား မိုင်းယု(၁၀၅)မိုင် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ ဆက်လက်၍ ဂုဏ်ပြုမှတ်တမ်းလွှာများကို မူဆယ်ကရုဏာလူမှုကူညီရေးအသင်းဥက္ကဋ္ဌနှင့် မိုင်းယု(၁၀၅)မိုင် ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှူးတို့က ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများထံ ပေးအပ်ခဲ့သည်။

**သန့်စင်(မူဆယ်)**

# စစ်ကိုင်းတိုင်းဒေသကြီး၌ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှု ၂၇ ခု လုပ်ကိုင်လျက်ရှိ

**မုံရွာ ဒီဇင်ဘာ ၁၇**

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အထိ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုအဖြစ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ရှစ်ခု၊ နိုင်ငံသားရင်းနှီးမြှုပ်နှံမှု ၁၉ ခု စုစုပေါင်း ၂၇ ခု လုပ်ကိုင်လျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးစိုးဦး၏ ပြောကြားချက်အရသိရသည်။

မုံရွာမြို့ ဝင်းယူနတီဟိုတယ် အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၁၅ ရက်က ကျင်းပသည့် စစ်ကိုင်းတိုင်းဒေသကြီး၏ သဘာဝခရီးသွားလုပ်ငန်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် အသေးစား၊ အလတ်စားလုပ်ငန်းများဆိုင်ရာ ဆွေးနွေးပွဲတွင် ဝန်ကြီးက ပြောကြားခဲ့ခြင်းဖြစ်သည်။ "ယနေ့အချိန်မှာ စီးပွားရေးပုံစံပြောင်းလာတဲ့အတွက် မူဝါဒအသစ်တွေချမှတ်ပြီး သဘာဝအရင်းအမြစ်တွေကို အလွန်အကျွံထုတ်တာတွေ၊ သစ်တောတွေခုတ်ယူသုံးစွဲတာတွေကို ကန့်သတ်ပြီး အရင်းအမြစ်တွေကို ထုတ်ယူသုံးစွဲတဲ့ စီးပွားရေးလုပ်ငန်းတွေကို အားမပေးဘူး၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာ ပြည်ထောင်စုအဆင့်နဲ့ ချိတ်ဆက်လုပ်ကိုင်ကြတဲ့ လုပ်ငန်းတွေရှိသလို တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ချိတ်ဆက်တဲ့ လုပ်ငန်းတွေလည်းရှိပါတယ်" ဟု ဝန်ကြီးက ပြောသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အထိ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၇၆၁ သန်းတန်ဖိုးရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ရှစ်ခုကို လည်းကောင်း၊ မြန်မာငွေကျပ် ၄၅၉၆၃ ဒသမ ၀၉၇သန်းတန်ဖိုးရှိ ပြည်တွင်းရင်းနှီးမြှုပ်နှံမှု ၁၉ ခုကိုလည်းကောင်း လုပ်ဆောင်လျက်ရှိသည်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၁၉၈၈-၁၉၈၉ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ အမေရိကန်ဒေါ်လာ ၂၇၅၀ ဒသမ ၃၄၅ သန်းတန်ဖိုးရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ၁၁ ခုနှင့် မြန်မာငွေကျပ် ၁၂၄၅၂၅ ဒသမ ၈၂ သန်းတန်ဖိုးရှိ ပြည်တွင်းရင်းနှီးမြှုပ်နှံမှု ၂၃ ခုတို့ကိုလည်း လုပ်ဆောင်ခွင့်ပြုထားခဲ့ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

# တရားမဝင်ကုန်သွယ်မှုမှ ဖမ်းမိသော တောရိုင်းတိရစ္ဆာန်များအား ပြုစုစောင့်ရှောက်ခြင်းသင်တန်း မူဆယ်၌ဖွင့်

**မူဆယ် ဒီဇင်ဘာ ၁၇**

ရှမ်းပြည်နယ် မူဆယ်ခရိုင် သစ်တောဦးစီးဌာန၊ နိုင်ငံတကာအဖွဲ့အစည်းဖြစ်သည့် သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်)နှင့် လိပ်မျိုးဆက်ရှင်သန်ရေးအဖွဲ့တို့ပူးပေါင်းပြီး တရားမဝင် ကုန်သွယ်မှုများမှ ဖမ်းဆီးရမိသည့် တောရိုင်း တိရစ္ဆာန်များအား စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းပြုစုစောင့်ရှောက်ခြင်း ရက်တိုသင်တန်းကို မူဆယ်မြို့ ကောင်းမူးတုံရပ်ကွက်ရှိ ရွှေသီရိဟိုတယ်၌ ဒီဇင်ဘာ ၁၇ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်စိုးသန့်က သင်တန်းတက်ရောက်သော သက်ဆိုင်ရာဌာနအသီးသီးမှ သင်တန်းသား သင်တန်းသူများအနေဖြင့် စိတ်အားထက်သန်စွာ တက်တက်ကြွကြွဆွေးနွေးစေလိုကြောင်း၊ မြန်မာနိုင်ငံအတွင်း တောရိုင်းတိရစ္ဆာန်များအား အမဲလိုက်သတ်ဖြတ်ကာ စားသောက်ရောင်းချနေခြင်းနှင့် ယင်းတောရိုင်းတိရစ္ဆာန်များအတွက် လှောင်အိမ်နှင့် လှောင်ခြံများ လိုအပ်ခြင်း အစရှိသည့် အခက်အခဲများကို ကြုံတွေ့နေရကြောင်း၊ ထိုအခက်အခဲများကြောင့် အချို့သော တောရိုင်းတိရစ္ဆာန်များမှာ ဖမ်းဆီးရမိပြီးနောက် သေကျေပျက်စီးဆုံးရှုံးနေရသည်ကို တွေ့ရှိရကြောင်းနှင့် တရားမဝင်ကူးသန်းရောင်းနေခြင်းများကိုလည်း ပြည်နယ်အဆင့်မှ ခရိုင်/မြို့နယ်၊ ရပ်ကျေးအဆင့်ထိ ထိရောက်စွာအရေးယူတားဆီးရန် လိုအပ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ကွတ်ခိုင်မြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမျိုးမင်းဦးက သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်)နှင့် လိပ်မျိုးဆက် ရှင်သန်ရေးအဖွဲ့တို့အား လှိုက်လှဲစွာ ကျေးဇူးတင်ရှိကြောင်းနှင့် လိပ်မျိုးဆက်ရှင်သန်ရေးအဖွဲ့မှ ဒေါက်တာကလျာက သင်တန်းဖွင့်လှစ်သည့်ရည်ရွယ်ချက်ကို အသေးစိတ် ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းတွင် သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်)နှင့် လိပ်မျိုးဆက် ရှင်သန်ရေးအဖွဲ့တို့မှ အဖွဲ့ဝင်များနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက မူဆယ်မြို့တွင် တာဝန်ထမ်းဆောင်နေကြသော စစ်ဆေးရေးအရာရှိများနှင့် အခြားသော သက်ဆိုင်ရာဝန်ထမ်း ၅၀ တို့အား တောရိုင်းတိရစ္ဆာန်များ ရောင်းဝယ်သယ်ဆောင်သူများ အသုံးပြုလေ့ရှိသည့် နည်းလမ်းများကို သရုပ်ပြရှင်းလင်းခြင်း၊ တောရိုင်းတိရစ္ဆာန်များ၏ အစိတ်အပိုင်းများကို မျိုးစိတ်ခွဲခြားခြင်း၊ ဖမ်းဆီးရမိသော သတ္တဝါများအား ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုင်ရာ နည်းလမ်းများနှင့် အရေးပေါ် ရှေးဦးသူနာပြုစုနည်းများကို စာတွေ့နှင့် လက်တွေ့ သရုပ်ပြသသင်ကြားပို့ချမည်ဖြစ်ကာ သင်တန်းကာလမှာ ရက်တို နှစ်ရက်ဖြစ်ကြောင်း သိရသည်။

**မိုင်း(မူဆယ်)**



# သတင်းတိုများ

## ကနီမြို့နယ်၌ မူခင်းကျဆင်းရေးပညာပေးဟောပြော

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ် ကနဲကျေးရွာအုပ်စု ကနဲရွာ၌ မူခင်းကျဆင်းရေး၊ သက်ငယ်မုဒိမ်းမှု လျှော့နည်းပပျောက်ရေး၊ လူကုန်ကူးမှု ပပျောက်ရေးနှင့် ယာဉ်မတော်တဆမှုများ မဖြစ်ပွားစေရေးအတွက် အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာလ ဒုတိယပတ်အတွင်းက ကျင်းပခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိုက်စိုးထွန်းက အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကိုကိုအောင်က မူခင်းကျဆင်းရေး သိကောင်းစရာများကို ဒေသခံပြည်သူ ၁၀၀ ခန့်အား အသေးစိတ် ရှင်းလင်းဟောပြောခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## ထီးချိုင့်၌ သစ္စာစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များပြုလုပ်ပေး

သစ္စာစီမံချက်အရ စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနက မြို့နယ်အတွင်းရှိ စာသင်ကျောင်းများနှင့် ကျေးရွာများသို့ ကွင်းဆင်း၍ ဆောင်ရွက်ပေးခဲ့သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကို ကမ်းနီအထကကျောင်း၌ ဒီဇင်ဘာလဒုတိယပတ်အတွင်းက ကျင်းပခဲ့ရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဟန်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးဘဝင်းနှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူ ၂၂၉ ဦးထံသို့ နိုင်ငံသားစိစစ်ရေးကတ်များကို ပေးအပ်ခဲ့ကြသည်။

**ဗထူး**

ကမ္ဘာအံ့ချီးဘွယ်ရာ မဟာဆေးဝင်္ကဘာဆရာတော်ဘုရားကြီး၏
အာလိန်ငါးဆင့်ဘုံအမြင့်နှင့်အကွေ့ (၁၀၀၀) အကောက်(၁၀၀၀)ဘုံနန်းဆောင်



၁၃၂၀-ခုနှစ်၊ ကဆုန်လဆန်း(၅)ရက်၊ (၁၉၅၈-ဧပြီလ-၂၂ရက်)

## မြဘုရားကျောင်းတော်ကြီး လုံးတော်ပြည့်ရွှေချမည်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်ရှိ မဟာဆေးဝင်္ကဘာအာလိန်ငါးဆင့်ကျောင်းတိုက်ကြီးအတွင်းရှိ မြဘုရားကျောင်းတော်ကြီးမှာ ၁၉၅၈ခုနှစ် ဧပြီ ၂၂ရက်၊ ၁၃၂၀ ပြည့်နှစ် ကဆုန်လဆန်း ၅ရက်က ဆေးဝင်္ကဘာဆရာတော်ကြီးနှင့် သံဃာတော်(၁၀၈)ပါးတို့က မြေသန့်စင်ပြီး နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုက ရွှေပန္နက်ချ၍ သမ္မတမန်းဝင်းမောင်က ရွှေအုတ်မြစ်ချတည်ဆောက်ခဲ့ရာ နှစ်ပေါင်း ၆၀ ကျော်ခဲ့ပြီဖြစ်ပါသည်။

ယခုအခါ မိုးလေရာသီဥတုဒဏ်ကြောင့် ယိုယွင်းပျက်စီးမှုများရှိလာပါသဖြင့် မဟာဆေးဝင်္ကဘာသာသနာပြု မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တအဂ္ဂဓမ္မဆရာတော်က မြဘုရားကျောင်းတော်ကြီးအား ပြန်လည်ပြုပြင်လုံးတော်ပြည့် ရွှေချမည်ဖြစ်ပါသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် ကျောင်းတော်ကြီးတစ်ထပ်လျှင် ၁၁ သိန်းကျပ်ဖြင့် ငါးထပ်အတွက် ၅၅ သိန်းကျပ် ကုန်ကျမည်ဖြစ်ရာ တစ်ဦးချင်းဖြစ်စေ၊ စေတနာရှင်များကဖြစ်စေ တတ်စွမ်းသမျှ ထည့်ဝင်လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်အပ်ပါသည်။

**မဟာဆေးဝင်္ကဘာအာလိန်ငါးဆင့်ကျောင်းတိုက်**
**ဖုန်း-၀၁-၆၄၀၃၆၉၊ ၀၉-၂၅၀၆၅၅၈၅၅**

## ခေတ္တစပ်ကြောင်းလမ်းပြီးစီးခြင်းနှင့် ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
ဦးစိန်းနိုင်-ဒေါ်ခင်စန်းယဉ် တို့၏ တစ်ဦးတည်းသောသား
**မောင်စန်းနေသွေး**
နိုင်ငံခြားရေးဝန်ကြီးဌာန/နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန (တွဲဖက်)
နှင့်
ရန်ကုန်မြို့နေ
ဦးကြည်ဆန်း-ဒေါ်မြင့်မြင့်စန်း တို့၏ သမီးငယ်
**မအိခင်မမဆန်း**
နိုင်ငံခြားရေးဝန်ကြီးဌာန

တို့၏ ၁၆-၁၂-၂၀၁၈ ရက် (တနင်္ဂနွေနေ့)တွင် Jasmine Palace Hotel(ရန်ကုန်)၌ ကျင်းပပြုလုပ်သောစေ့စပ်မင်္ဂလာအခမ်းအနားသို့ ကိုယ်တိုင်ကြွရောက်ချီးမြှင့်၍ စေ့စပ်မင်္ဂလာလက်စွပ် ချီးမြှင့်ပေးပါသော နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့်ဇနီး ဒေါ်မေယဉ်ထွန်း၊ မင်္ဂလာစကားချီးမြှင့်ပေးပါသော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့် ဇနီး ဒေါ်သင်းသင်းနု၊ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမိုးကျော်အောင်နှင့်ဇနီး ဒေါ်နီလာအောင် တို့အားလည်းကောင်း၊ မိဘသဖွယ်ကူညီစောင့်ရှောက်၍ စီစဉ်ဆောင်ရွက်ပေးပါသော ငြိမ်းချမ်းရေးကော်မရှင်နှင့် NRPC(ရန်ကုန်)၏ အထောက်အကူပြုအဖွဲ့ခေါင်းဆောင် ဆရာဦးအေးလွင်အားလည်းကောင်း၊ ကိုယ်တိုင် ကြွရောက်ချီးမြှင့် ပေးပါသော မြန်မာအလင်္ကာ ကုမ္ပဏီအုပ်စုမှ ဥက္ကဋ္ဌ ဦးဆန်းနောင်နှင့် ဇနီး ဒေါ်စံပယ်အောင်၊ MD ဦးကောင်းစံ၊ Director ဦးမင်းခန့်၊ Jasmine Palace Hotel Management မှ ဝန်ထမ်းများအားလုံးနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်စန်းနေသွေး-မအိခင်မမဆန်း**

### ဖခင်အမည်မှန်

နမ့်ခမ်းမြို့၊ ပေါက်နေရပ်ကွက်နေ အလက (ကောင်းဆာ)တတိယတန်းမှ မစန္ဒာဝင်း၏ဖခင်အမည်မှန်မှာ ဦးတွမ်ပိတ ၁၃/ကခန(နိုင်)၀၈၇၈၇၈ ဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် နောက်ဆုံးနှစ်မှ မောင်နိုင်မြင့်ဦး(ခ)မောင်မိုင်းနိုင်မြင့်ဦးသည် တစ်ဦးတည်းဖြစ်ပြီး ၎င်း၏မိခင် ဒေါ်စမ်းစမ်းဌေး(ခ)ဒေါ်စမ်းစမ်းအေးသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## ရန်ကုန်တိုင်းဒေသကြီး
## ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်
## ဂေါပကအဖွဲ့ရုံး
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင်၊ ဆိပ်ကမ်းမြို့နယ်ရှိ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်ကြီး၏ (၄၆)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ဗုဒ္ဓ၊ ဓမ္မ၊ သံဃပူဇာအစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

၂။ ပွဲတော်ကျင်းပခြင်း အောင်ပွဲအဖြစ် ပျော်ပွဲရွှင်ပွဲများ၊ ဈေးဆိုင်ခန်းများနှင့် လျှပ်စစ်မီးတို့ကို တစ်ဦးတည်းကန်ထရိုက်လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နိုင်သူအား အောက်ပါအတိုင်း တင်ဒါခေါ်ယူအပ်ပါသည်-

(က) **တင်ဒါပုံစံ စတင် ရောင်းချမည့်ရက်** - ၁၉-၁၂-၂၀၁၈ ရက် (ဗုဒ္ဓဟူးနေ့)
(ခ) **နောက်ဆုံးထား၍ တင်ဒါတင်သွင်းသူမှ သတင်းပေးပို့ရမည့် ရက်နှင့်အချိန်** - ၂၂-၁၂-၂၀၁၈ရက် (စနေနေ့) မွန်းတည့် ၁၂ နာရီ
(ဂ) **တင်ဒါအောင်မြင်သူ စာရင်းကြေညာမည့် ရက်နှင့်အချိန်** - ၂၂-၁၂-၂၀၁၈ရက် (စနေနေ့) မွန်းလွဲ ၁ နာရီ

၃။ အိတ်ဖွင့်တင်ဒါခေါ်ယူသည့် ပုံစံနှင့်စည်းကမ်းချက်များကို အသေးစိတ်သိရှိလိုပါက ဂေါပကရုံးအဖွဲ့မှ ဖုန်း-၀၉-၂၅၀၀၀၃၂၈၀၊ ၀၁-၂၀၀၁၆၉ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါရွေးချယ်ရေးကော်မတီ**
**ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်**

## မြန်မာနိုင်ငံအိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်း
## မှတ်ပုံတင် ၁၅၅/၂၀၁၆-၂၀၁၇(အသင်း)
# အသင်းသားစုံညီအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

မြန်မာနိုင်ငံအိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်း၏ "ပထမအကြိမ်" အသင်းသားစုံညီအစည်းအဝေးကို အောက်ဖော်ပြပါအစီအစဉ်အတိုင်းကျင်းပမည်ဖြစ်ပါသဖြင့် အသင်းဝင်များအားလုံး တက်ရောက်ပေးပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်ရက်** - ၃၀-၁၂-၂၀၁၈ ရက်(တနင်္ဂနွေနေ့)
**ကျင်းပမည့်အချိန်** - နံနက် ၁၁:၃၀ နာရီ
**ကျင်းပမည့်နေရာ** - သီရိရတနာခန်းမ၊ တော်ဝင်နှင်းဆီ၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

အစည်းအဝေးသို့ နာရီဝက်ကြိုတင်ရောက်ရှိပေးပါရန်နှင့် တစ်ဦးချင်း ဖိတ်စာမရရှိသော်လည်း ဤကြော်ငြာချက်ကိုတွေ့ရှိပါက ဖိတ်စာရရှိသကဲ့သို့ သဘောထား၍ အစည်းအဝေးတက်ရောက်ပေးပါရန် ဖိတ်ကြားအပ်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်ကော်မတီ**
**မြန်မာနိုင်ငံအိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်း**

### ဖခင်အမည်မှန်

ပေါင်မြို့နယ်၊ အထက(ရင်းငြိမ်) တက္ကသိုလ်ဝင်တန်းမှ မောင်ဝင်းကိုကို ၏ ဖခင်အမည်မှန်မှာ ဦးပြုံး ၁၀/ပမန(နိုင်)၀၈၉၃၇၉ ဖြစ်ပါကြောင်း။
**ဦးပြုံး**

### အမည်မှန်

ပေါင်မြို့နယ်နေ ဦးပြုံး၏သား အထက(ရင်းငြိမ်) နဝမတန်းမှ မောင်ချစ်ကိုကို၏ အမည်မှန်မှာ မောင်ဖိုးလပြည့် ဖြစ်ပါကြောင်း။
**မောင်ဖိုးလပြည့်**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ကော့ကရိတ်မြို့၊ လေးတိုင်ကျေးရွာနေ နော်ငွေမြင့်ဖြူ၏ ဖခင် စောအထွန်း(ခ)ဦးဘထွန်း(ခ)ဦးသာထွန်း(ခ)ဦးအထွန်း ၃/ကကရ(နိုင်)၀၃၉၁၈၇ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**စာအုပ်စာပေ လှူမိတ်ဆွေ**

### ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း
### ထုချေစေရန် အကြောင်းကြားစာ
**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**
**၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၄၇၈နှင့်ဆက်သွယ်သည့်**
**၂၀၁၈ ခုနှစ် တရားမဇာရီမှုအမှတ်-၂၃၅**

ဦးမျိုးထွန်း **နှင့်** ၁။ ဒေါ်ဆွေဇင်သိမ်း
၂။ ဦးဟန်မျိုးအောင်

**တရားနိုင်** **တရားရှုံးများ**

အမှတ် ၄၀၈၊ ဇာနည် ၁၀ လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ (၁)တရားရှုံး ဒေါ်ဆွေဇင်သိမ်းနှင့် အမှတ် ၃၄၆/ခ၊ မင်းခေါင် ၂ လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ (၂)တရားရှုံး ဦးဟန်မျိုးအောင် (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၄၇၈ တွင် ရရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးမျိုးထွန်းက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၆ ရက် (၁၃၈၀ ပြည့်နှစ် နတ်တော်လပြည့်ကျော် ၄ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးရှေ့ လာရောက်စေ။

၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မြင့်ဟန်)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

### မွေးသက္ကရာဇ်အမှန်

ဝက်လက်မြို့နယ်၊ အောင်ချမ်းသာကျေးရွာနေ ဦးတင့်၏ သား မောင်မျိုးသီဟ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၁-၈-၁၉၉၈ ဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ပါကြောင်း

ဝက်လက်မြို့၊ ဆင်နှင်းကျေးရွာနေ ဦးထွန်းဦး ၅/ဝလန(နိုင်)၀၂၀၂၁၄ ၏သမီး မမိုးစန္ဒာထွန်း ၅/ဝလန(နိုင်)၁၉၂၈၉၈ နှင့် မသက်သက်ဇင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**မမိုးစန္ဒာထွန်း(ခ)မသက်သက်ဇင်**

**ဝန်ထမ်းဖြစ်သူ ငြိမ်းချမ်းလက်ျာ(ငြိမ်းချမ်း) ၁၂/ရကန(နိုင်)၀၇၂၃၈နှင့်**
**ပတ်သက်၍ Golden Myanmar Lighting Co.,Ltd. မှ**

### အများသိစေရန်ကြေညာခြင်း

Golden Myanmar Lighting Co.,Ltd. Golden Myanmar Lighting Oversea Employment Services Agency (ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီ)မှ ဝန်ထမ်းဖြစ်သူ ငြိမ်းချမ်းလက်ျာ(ငြိမ်းချမ်း) ၁၂/ရကန(နိုင်)၀၇၂၃၈သည် ကုမ္ပဏီမှသိရှိခြင်းမရှိဘဲ အလုပ်နှင့်ငွေကြေးကိစ္စများအား ဆောင်ရွက်နေကြောင်း သိရှိရသဖြင့် ကုမ္ပဏီမှ ၂၀၁၈ခုနှစ် ဒီဇင်ဘာ ၁ရက်မှစ၍ အလုပ်တာဝန်မှရပ်စဲ၍ ကုမ္ပဏီ စည်းကမ်းနှင့်အညီ အရေးယူ အလုပ်မှထုတ်ပယ်ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ Golden Myanmar Lighting Co.,Ltd. ၏ လုပ်ငန်းကိစ္စနှင့်ပတ်သက်၍ အလုပ်နှင့်ငွေကြေးကိစ္စရပ်များအား ကုမ္ပဏီရုံးခန်းဖြစ်သော အမှတ်(၂၉-အေ)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ တိုက်ရိုက်လာရောက်ပြီး ဒါရိုက်တာ အဖွဲ့ဝင်များနှင့် ရုံးခန်း၌ လက်မှတ်ရေးထိုးဆောင်ရွက်ပါရန်နှင့် ကုမ္ပဏီမှသိရှိခြင်းမရှိဘဲ အလုပ်နှင့်ငွေကြေးကိစ္စများအား ပြုလုပ်ဆောင်ရွက်သော မည်သူမဆိုတရားဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်ခံရမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**သီသီစံမြခိုင်**
**ဒါရိုက်တာ**
**Golden Myanmar Lighting Co.,Ltd.**
**Golden Myanmar Lighting Oversea Employment Services Agency**

## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည် (ပွဲစားမလို)

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ်၊ အင်း၀ အိမ်ရာ၊ မြေအကျယ် (၈၀×၆၀)ပေ၊ RC ၂ထပ်၊ အိမ်ပါ ကားဂိုဒေါင်ပါ၊ အဝီစိတွင်း၊ အိမ်မီတာပါ၊ လုံချင်းသီးသန့်၊ သိန်း (၃၃၀၀)။

**ဖုန်း-၀၉-၂၆၄၅၄၈၉၀၉**
**၀၆၇၃-၄၃၃၄၀၈**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ကွတ်ခိုင်မြို့နယ်၊ ကောင်းခါးမြို့၊ ရပ်ကွက်(၃)မှ ဦးတာကွယ် ၁၃/ကခန(နိုင်)၀၄၇၁၇၉၏သမီး လားရှိုးတက္ကသိုလ်၊ ဘူမိဗေဒ၊ စတုတ္ထနှစ်မှ မဇခုံမေရီထုစင်(ခ) မမေရီထုစင် ၁၃/ကခန(နိုင်)၁၁၀၀၁၆မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ပါကြောင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ နယ်မြေ(၁)၊ သိပ္ပံလမ်း၊ ပြည်နယ်ပညာရေးဝန်ထမ်းအိမ်ရာဝင်းအတွင်းနေ မတင့်(ခ)ဒေါ်ခင်တင့် ၉/မကန(နိုင်)၀၈၀၄၇၁မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**

ထီးချိုင့်မြို့၊ ကျီးကန်းဒေါင့်ရွာမှ မချမ်းမြေ့မောင်၊ မောင်ဇမ္ဗူကျော်နှင့် ပဋ္ဌမတန်းမှ မောင်ကျော်ဖုန်းမြင့်မိုရ်တို့၏ ဖခင်အမည်မှန်မှာ ဦးစောခိုင် ၅/ထခန(နိုင်)၀၄၆၁၂၄ ဖြစ်ပါကြောင်း။
**ဦးစောခိုင်**

## ဒေါ်စောမြ
### အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ ကျွန်းရွှေမြိုင်လမ်းသွယ်(၂)၊ အမှတ် ၁၁၈နေ (Saw Robert Thein Maung-Green Kan Gyi)တို့၏သမီးကြီး၊ (ဝဏ္ဏကျော်ထင် ဦးဘကြိုင်-ဒေါ်ခင်လေး)တို့၏သမီးချွေးမ၊ သူရဦးအောင်ထက် (ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန)၏ချစ်လှစွာသောဇနီး၊ ဒေါ်စိုးညွှန့်ကြိုင်(M.D,Full Moon Travels & Tour)၊ ဗိုလ်မှူးကျော်ကျော်ထက်(ငြိမ်း)(Director, Full Moon Services Ltd.)-ဒေါ်နီလာအောင်၊ Capt:ကျော်တင့်အောင်-ဒေါ်သင်းသင်းကြိုင်(Director, Full Moon Services Ltd.)၊ Mr.Paul Cook-ဒေါ်ဥမ္မာထက်(UK)၊ Capt:ဝင်းထက်(Uniteam)-ဒေါ်သီဂီဇင်၊ Mr.Stephan Sidel-ဒေါ်သစ်သစ်ထက်(M.D, Full Moon Services Ltd.)ဒုဥက္ကဋ္ဌ (MIFFA)တို့၏ချစ်လှစွာသောမိခင်၊ အောင်လံမြို့၊ ကံကြီးရပ်နေ (ဗိုလ်ကြီးအေးမောင်-ငြိမ်း)-ဒေါ်ခင်ထားဆွေ(ခ)ဒေါ်စောလှတို့၏ချစ်လှစွာသောအစ်မ၊ ဦးအောင်ရဲသွေး (M.D, Noble Chaung Tha Hotel,Goal Keeping Coach,YUFC)-ဒေါက်တာစန္ဒီအောင်ထက်(Director, Noble Chaung Tha Hotel)၊ (မောင်ညီမင်းထက်)၊ Stephanic Cook၊ မောင်ကောင်းဆက်(Full Moon Services Ltd.,LAP 2 MIT)၊ မောင်ထက်ဦးလှိုင်(HDMI, Switzerland, Charlotte Cook)၊ မောင်ပြည့်စုံထက် (Assumption University, Bangkok),Matthew Cook, Julius Siedel(ISY), Annalena Seidel(Network School)တို့၏အဘွား၊ မဆုမြတ်ကြယ်စင်(EMPS)၏ ချစ်လှစွာသောဘွားဘွားကြီးသည် ၁၅-၁၂-၂၀၁၈ရက် (စနေနေ့) ည ၁၀း၃၀နာရီတွင် Grand Hantha ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁၂-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၂၁-၁၂-၂၀၁၈ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါသုဝဏ္ဏနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးကျေးဇူးတင်ရှိခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ F.M.I အိမ်ရာ၊ မင်္ဂလာ ၃ လမ်း၊ အမှတ် K-57 နေ ဦးမျိုးမြင့်(Michael Archer ၊ဌာနခွဲမှူး၊ ငြိမ်း၊ သမဝါယမဦးစီးဌာန) အသက် (၇၃)နှစ်၏ နာရေးကိစ္စအဝဝတို့အတွက် လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်း-Facebookမှလည်းကောင်း၊ လှူဖွယ်ပစ္စည်းနှင့် ပန်းခြင်းများ ပေးပို့သော WFP WORLD Bank Swiss Embassy၊ ဝိဇ္ဇာနှင့်သိပ္ပံပညာများအဖွဲ့၊ မင်းသုံးပါးဘုရားကျောင်းမှ REV သက်ကျော်နှင့် ဝတ်ပြုဆုတောင်းပေးကြသူများ၊ ဆွေမျိုးမိတ်ဆွေသူငယ်ချင်းများ၊ F.M.I အိမ်ရာမှ အိမ်ပိုင်ရှင်များအသင်းအားလည်းကောင်း၊ အစစအရာရာမေတ္တာဖြင့်ဝိုင်းဝန်းကူညီပေးကြသော ပုဂ္ဂိုလ်များ၊ ပြည်တွင်းပြည်ပမှ မိတ်ဆွေများ၊ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာအထူးကျေးဇူးဥပကာရတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးဦးကျော်သာ (မြောက်ဦး) အသက်(၉၄)နှစ်

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့၊ ညောင်ပင်ဈေး ရပ်နေ ဦးရဲဘော်(ဆန်စက်ပိုင်ရှင်)-ဒေါ်ငွေစိန်တို့၏သား၊ [ဦးကျော်ဖုံလှ(ပညာဝန်)-ဒေါ်ရွှေမြသူ]တို့၏သားသမက်၊ ဒေါ်နွဲ့နွဲ့(အလပြ၊ငြိမ်း)၏ခင်ပွန်း၊ (ဦးသာထွန်းအေး-ဒေါ်ခိုင်ခိုင်)၊(ဦးသာနိုးအောင်)-ဒေါ် မမိုးသာ၊(ဦးအောင်ကျော်သာ-ဒေါ်ခင်ခင်ညွှန့်)၊ဦးမောင်ကျော်ထွန်း-ဒေါ်အေးနု၊ ဦးအောင်ကျော်ဇော၊ဦးရွှေသာခိုင်-ဒေါ်မေစုလှိုင်၊ ဒေါ်သာနှင်းအေး-ဦးကျော်ကျော်၊ (ဦးမောင်လှ)-ဒေါ်မြမြစံ၊ဦးကျော်နု-ဒေါ်လှယဉ်၊ ဦးကျော်တင်-ဒေါ်ညိုညိုစံ၊ ဒေါ်သိန်းသိန်း-ဦးမောင်မောင်စိုးတို့၏အစ်ကို၊ သားသမီး ၁၄ယောက်တို့၏ဖခင်၊ မြေး ၂၀ ယောက်၊ မြစ်လေးယောက်တို့၏အဖိုးသည် ၁၆-၁၂-၂၀၁၈ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁း၂၅နာရီတွင် ကမာရွတ်မြို့နယ်၊ (၇)ရပ်ကွက်၊ ပြည်ရိပ်မွန်အိမ်ရာ၊ တိုက် ၂၂၊ အခန်း ၆၈ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၁၂-၂၀၁၈ရက်(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်သန်းသန်းစိုး
### အသက်(၆၀)

မကွေးတိုင်းပြည်သူ့ဆေးရုံကြီး၊ ကလေးကုသဆောင်မှ လက်ထောက်ဆရာဝန်(ကလေး) ဒေါက်တာဝင်းဝင်းထိုက်၏ မိခင် ဒေါ်သန်းသန်းစိုးသည် ၁၇-၁၂-၂၀၁၈ရက် (တနင်္လာနေ့) နံနက်ပိုင်းတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ကလေးကုသဆောင်မိသားစု**
**မကွေးတိုင်းပြည်သူ့ဆေးရုံကြီး**

## ဦးသန်းစိုး AE(ငြိမ်း)
### 1977-March (Civil) အင်းစိန်
### အသက်(၆၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နေ ဦးချစ်(အင်/ယာမှူးကြီး၊ ငြိမ်း)-ဒေါ်ဒေလီယာလှိုင်တို့၏သားတပည့်၊ မအူပင်မြို့၊ ဘုရားကုန်းကျေးရွာနေ (ဦးခင်မောင်-ဒေါ်ခင်စိန်)တို့၏သား၊ လှည်းကူးမြို့၊ ကြို့ကုန်းမြောက်နေ ဦးချစ်တင်-ဒေါ်အေးမြင့်(ရတနာမြင့်ဆန်စက်)တို့၏သားသမက်၊ မအူပင်မြို့နေ ဦးစိုးသိန်း [မူ/အုပ်၊ အမက ချောင်းဖျားကြီး(ဂ)]-ဒေါ်လှလှမြင့်(အမက၊ ဈေးလမ်း၊ မအူပင်)တို့၏ အစ်ကို၊ လှည်းကူးမြို့၊ သီတာအေး၊ မင်းလမ်းနေ မောင်တင့်ဇော်လတ်(ခ) သားသားကြီး B-Tech (Civil)၊မဆုရတနာထက် B.E(Civil),M.E (AIT-Thriland), မောင်ဘုန်းတင့်(1 st Year-IT)တို့၏ဖခင်၊ ဒေါ်ငွေးငွေးဝင်း၏ ချစ်လှစွာသောခင်ပွန်းသည် ၁၃-၁၂-၂၀၁၈ရက်(ကြာသပတေးနေ့)တွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁၂-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် လှည်းကူးမြို့၊ သီတာအေး၊ မင်းလမ်း(ဦးသန်းစိုး)-ဒေါ်ငွေးငွေးဝင်းတို့၏နေအိမ်မှ စခန်းကြီး သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုး မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ဆန်း
### အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံတောင်(စံပြ)ရပ်ကွက်၊ ဦးအောင်ကျော်ဖြူလမ်း၊ အမှတ်၂၃(ပထမထပ်)နေ မခင်မာလွင်၊ မခင်မာကြူ၊ မလှလှရီ၊ မောင်မျိုးခိုင်၊ မမိုးစန္ဒာငြိမ်းတို့၏မိခင်၊ (ဦးလှညိမ်း)၏ချစ်လှစွာသောဇနီးသည် ၁၆-၁၂-၂၀၁၈ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၁၂-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၂၂-၁၂-၂၀၁၈ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါ ဗဟန်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း
## မောင်ထက်နိုင်ရဲရင့်
## (Treasure)
### အသက်(၂၅)နှစ်

ရန်ကုန်မြို့နေ (ဒေါက်တာဦးတင့်နိုင် - ဒေါက်တာဒေါ်ခင်ကြွယ်)၊ ဗိုလ်မှူးအုန်းမောင်(ငြိမ်း)-ဒေါ်မေသူခိုင်တို့၏မြေး၊ ဒေါက်တာသက်နိုင်ဦး-ဒေါ်ဆုသီနိုင် (ဆု-သွားနှင့်ခံတွင်းဆေးကုခန်း) တို့၏ တစ်ဦးတည်းသောသား၊ ကိုနေမျိုး-မယဉ်မွန်သက်ဆု (Ink Drop Digital Printing)၊ ဒေါက်တာသွယ်မွန်သက်ဆုတို့၏ ညီမောင်၊ Rayan ၏ ဦးလေးသည် ၁၆-၁၂-၂၀၁၈ရက် နံနက်၂နာရီတွင် အလ္လာဟ်သျှင်မြတ် အမိန့်တော်ခံယူသွားပါ၍ ယင်းနေ့ညနေ ၄း၃၀ နာရီတွင် အဆွာရ်နမာဇ်အပြီး ရေဝေးကဘာရ်စတန်ဥယျာဉ်တော်၌ ဒါဖနာပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**သင့်သွေးဖြင့် အသက်ကယ်ပါ**

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးခွေးရှောင် (ရန်ကုန်)
### အသက်(၁၀၈)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၄၂လမ်း၊အမှတ်၈၇(မြေညီထပ်)နေ [ဒေါ်မဆင့်(ခ)ဒေါ်ဆင့်]၏ခင်ပွန်း၊ ဦးအလင်း-(ဒေါ်တင်တင်)၊ ဦးမြင့်ဆွေ-(ဒေါ်ခင် သန်းဝေ)၊ ဦးမြင့်ဝင်း-ဒေါ်လင်းယန့်ဖန်း(MACAU)၊ ဦးမြင့်လေး-ဒေါ်စန်းစန်းမြင့်၊ ဒေါ်ခင်နု-(ဦးအေးဝင်း)၊ ဒေါ်ခင်ညွှန့်-ဦးစိန်ဝင်း(Ma Khin Nyunt Tsao & Sydney Tsao-USA) ၊ဒေါ်ယဉ်ယဉ်ထွေး၊ ဦးမြင့်စိုး(Grace Wong & Sammy Wong-USA) တို့၏ချစ်လှစွာသောဖခင်၊ မြေး ၂၆ယောက်၊ မြစ်ငါးယောက်တို့၏ အဘိုးသည် ၁၆-၁၂-၂၀၁၈ရက်(တနင်္ဂနွေနေ့) ညနေ ၆နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁၂-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၁၂-၂၀၁၈ရက်(စနေနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
## ဒေါ်ရင်မေ (တွံတေး၀)
### အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အနော်ရထာလမ်း၊ အမှတ် ၂၃၈(ပထမထပ်)နေ(ဦးသိန်းမောင်-ဒေါ်စိန်တင့်)တို့၏သမီး၊ (ဒေါ်ခင်ရွှေ)၏ညီမ၊ (ဦးတင်မြ)၏ဇနီး၊ (ဒေါ်ကေကေ)၏အစ်မ၊ ဦးသန်းရွှေ-ဒေါ်ဝင်းဝင်းနိုင်၊ ဒေါ်သန်းသန်းအေးတို့၏မိခင်၊ မောင်ထက်လင်းအောင်၊ မောင်အောင်မြင့်မြတ်၊ မောင်မင်းဗိုလ်တို့၏အဘွားသည် ၁၇-၁၂-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၁၂-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယကာကြီး
## ဆရာဦးဖေကြိုင် (ထားဝယ်)
### အသက်(၈၀)

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ (၁၆/၄)ရပ်ကွက်၊ သီတာရေစင်လမ်း၊ အမှတ် ၆၁၈/3B နေဒေါ်တင်စိန်၏ခင်ပွန်း(ရတနာအောင် Auto Service)၊ ဦးမြင့်ဝေ၊ ဦးခင်ဇော်-ဒေါ်ရီရီလွင်၊ ဦးမင်းလွင်-ဒေါ်ရီရီအေး၊ ဦးကျော်လွင်-(ဒေါ်မိုးမိုးမြတ်)၊ ဦးသန်းအောင်-ဒေါ်မေသူလှိုင်၊ ဦးသန်းထိုက်-ဒေါ်နွဲ့နွဲ့ဝင်း၊ ဦးကိုကိုဇော်-ဒေါ်မျိုးမျိုးခင်တို့၏ဖခင်၊ မြေးကိုးယောက်၊မြစ်နှစ်ယောက်တို့၏အဘိုးသည် ၁၇-၁၂-၂၀၁၈ရက်(တနင်္လာနေ့) မွန်းလွဲ ၁း၃၅နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁၂-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင်ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၁၂-၂၀၁၈ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး
## ဒေါ်သင်းသင်းကြည် အသက်(၅၈)နှစ်
### အလယ်တန်းပြဆရာမ
### အမက(၂)၊ တောင်ဥက္ကလာပဆရာမဟောင်း
### အမက(၂၄)လခွဲ၊ တောင်ဒဂုံဆရာမဟောင်း
### အထက(၁)မြောက်ဥက္ကလာပ

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၃)ရပ်ကွက်၊ တိုက် ၂၁၄၊ အခန်း ၃နေ (ဦးကြည်၊ အဖွဲ့ခွဲမှူး၊ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန-ဒေါ်ရီရီ)တို့၏သမီး၊ ဦးမင်းဇော်(C/E) Ex. MFSL-ဒေါ်စိုးစိုးအောင်၊ ဒေါ်စိုးစိုးကြည် HR Consultant တို့၏အစ်မ၊ မောင်ကောင်းခန့်ဇော်(UIT)၊ မောင်ဟိန်းထက်ဇော် (အထက-၂၊ ဗဟန်း)တို့၏ကြီးကြီးသည် ၁၆-၁၂-၂၀၁၈ ရက် (တနင်္ဂနွေနေ့) နံနက် ၃း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၁၂-၂၀၁၈ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၁၂-၂၀၁၈ ရက်(စနေနေ့)နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာ
### ကြည်း-၂၄၁၀၉
## ဗိုလ်ကြီးသန်းငြိမ်း (ငြိမ်း)
### (OTS-၈၅)
### လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)
### လဝက(မြောင်းမြခရိုင်)
### အသက်(၅၇)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နေ(ဦးကျော်ရှိန်)-ဒေါ်ကျင်သန်းတို့၏သား၊ ထောက်ကြန့်၊ ကျောက်စိမ်းလမ်းနေ(ဦးစိုးညွှန့်)-ဒေါ်သန်းတင်တို့၏သားသမက်၊ (ဗိုလ်ကြီးကျော်သူငြိမ်းထက်)၊ ဗိုလ်ကြီးမျိုးမင်းထက်-ဒေါ်နှင်းမြတ်နိုးတို့၏ဖခင်၊ ဒေါ်ချိုချိုဝင်း၏ ချစ်လှစွာသောခင်ပွန်းသည် ၁၆-၁၂-၂၀၁၈ ရက်(တနင်္ဂနွေနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၁၂-၂၀၁၈ ရက်(အင်္ဂါနေ့)မွန်းတည့် ၁၂ နာရီတွင် ထောက်ကြန့်၊ မြို့ရှောင်လမ်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်မြင့်သီတာထွန်း (ဌာနခွဲစာရေး)
### ဒက္ခိဏခရိုင်၊ သစ်တောဦးစီးဌာန
### အသက်(၄၉)နှစ်

မိတ္ထီလာမြို့၊ ချည်စက်ရပ်ကွက်နေ (ဦးထွန်းရွှေ-ဒေါ်လှမြင့်)တို့၏သမီး၊ ဦးဇော်မင်းထွန်း(ဦးစီးအရာရှိ၊ စိုက်ပျိုးရေးဦးစီးဌာန၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့)-ဒေါ်မာတလေးနာတို့၏ညီမ၊ ဦးအောင်ကျော်ကျော်ထွန်း(ဗိုင်းတောင့်/စက်ပြင်)-ဒေါ်ရီရီငွေး(ဗိုင်းတောင့်/ချည်ကုန်ထုတ်၊ တပ်မတော်ချည်/ထည်စက်ရုံ၊ မိတ္ထီလာမြို့)တို့၏အစ်မ၊ မောင်ထက်မြက်စွမ်းရည်ဦး(INFOLOG MYANMAR)၏မိခင်၊ ဦးစိုးနိုင်(တောအုပ်၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ရမည်းသင်းမြို့)၏ဇနီးသည် ၁၅-၁၂-၂၀၁၈ရက် (စနေနေ့) နံနက် ၃း၂၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁၂-၂၀၁၈ရက် (တနင်္ဂနွေနေ့)တွင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးခင်မြင့်
### အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ ဘရဏီလမ်း၊ အမှတ် ၉၆၂နေ (ဦးရွှေဘော်-ဒေါ်မြစိန်)တို့၏သား၊ ဒေါ်စိန်ဝင်း၏မောင်၊ ဦးထွန်းမြင့်၊ ဒေါ်လှကြည်တို့၏အစ်ကို၊ (ဒေါ်ကြည်စိန်)၏ခင်ပွန်း၊ ဦးခင်မောင်တွတ်-ဒေါ်ကြည်ကြည်ဆွေ(Mother Trading Co.,Ltd)၊ ဒေါ်သန်းသန်းငွေး၊ (ဒေါက်တာဦးအေးသွင်)-ဒေါ်ခင်ခင်ငွေး၊ ဦးမြင့်သိန်း(New Day Energy Co.,Ltd)-ဒေါ်ခင်စန်းဝင်း၊ (ဦးတင်ထွဋ်)၊ ဦးချိုလင်းဦး-ဒေါ်ခင်ခင်အေး(မြေတိုင်းဦးစီးဌာန)၊ မြေးခုနစ်ယောက်၊ မြစ်ခုနစ်ယောက်တို့၏အဘိုးသည် ၁၆-၁၂-၂၀၁၈ရက် (တနင်္ဂနွေနေ့) ည ၉း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၁၂-၂၀၁၈ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၁၂-၂၀၁၈ရက်(စနေနေ့)နံနက် ၇နာရီမှ ၉နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

ကာကွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားရေးမှူး(ငြိမ်း) ဗိုလ်မှူးကြီးဇေယျကျော်ထင်သန်းတင်သည် ၁၄-၁၂-၂၀၁၈ရက် (သောကြာနေ့) နံနက် ၉း၃၀နာရီတွင် ကန်သာယာဆေးရုံ၌ ကွယ်လွန်သွားကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်ဇေယျကျော်ထင်ကျော်ညွှန့်(ငြိမ်း)-ဒေါ်သီတာစိန်**
**ဆက်သွယ်ရေးညွှန်ကြားရေးမှူး(ငြိမ်း)**
**ဒုတိယဝန်ကြီး(ငြိမ်း)**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်တင်တင်အေး
### အသက်(၈၉)နှစ်

ဦးခမ်းအောင် (ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့စာတိုက်လုပ်ငန်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)-ဒေါ်ခင်စီစီ(အထက-၂၊ ဗဟန်း)တို့၏မိခင် ဒေါ်တင်တင်အေးသည် ၁၅-၁၂-၂၀၁၈ရက်(စနေနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာ့စာတိုက်လုပ်ငန်းရုံးချုပ်မှ**
**အရာထမ်း/အမှုထမ်း ဝန်ထမ်းမိသားစုများ**

### ဘုရား၊ ရဟန်း ကျောင်း၊ ရေတွင်း ဒါယကာကြီး
## ဦးကြည်အုန်း
### အထက(၂)လမ်းမတော်(ငြိမ်း)
### အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ လှည်းတန်းလမ်း(တို)၊ အထက(၂)လမ်းမတော်ကျောင်းဝင်းနေ (ဦးဘစော-ဒေါ်ညို)တို့၏သား၊ (ဦးပေါ်ထွန်း-ဒေါ်ပန်းရီ)တို့၏သားသမက်၊ (ဦးကျော်သန်း-ဒေါ်တင်လှ)၊ (ဒေါ်အေးရွှေ)၊ ဦးကြည်စိန်-ဒေါ်သိုက်သိုက် တို့၏ညီ/မောင်၊ (ဦးခင်အောင်-ဒေါ်အမာဆွေ)၊ (ဦးတင်ဇော်)တို့၏အစ်ကို၊ မခင်သူဇာဝင်း၊ ခင်မောင်မောင်အုန်း၊ လွင်မောင်မောင်အုန်း-အေးအေးမိုးတို့၏ဖခင်၊ ဒေါ်အေးဝင်း၏ခင်ပွန်းသည် ၁၇-၁၂-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၈း၁၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁၂-၂၀၁၈ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်မြ (ရွှေနဂါးကြေးအိုး)
### အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ သတိပဋ္ဌာန်လမ်း၊ အမှတ် ၄၂နေ (ဦးဝင်းမောင်-ဒေါ်မြသင်)တို့၏သမီး၊ (ဦးထွန်းရ-ဒေါ်ငယ်)တို့၏သမီးချွေးမ၊ ဦးသိန်းနု၏ဇနီး၊ ဦးမြင့်သိန်း-ဒေါ်ရင်ရင်ချို၊ ဦးခင်မောင်ငွေ-ဒေါ်စမ်းစမ်းအေး တို့၏အစ်မကြီး၊ (ဒေါ်ကြည်ကြည်စန်း)၊ ဦးနိုင်ဝင်း၊ ဦးသောင်းနိုင်-ဒေါ်အိအိအေး၊ ဦးမိုးအေး-ဒေါ်ဥမ္မာဝင်း၊ ဦးသိန်းထိုက်-ဒေါ်နိုင်နိုင်အေး၊ ဦးနန္ဒမြင့်-ဒေါ်သင်းသင်းမြတ်၊ ဦးအောင်ကျော်စိုး-ဒေါ်ကြည်ကြည်လွင်တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မြေးကိုးယောက်တို့၏အဘွားသည် ၁၇-၁၂-၂၀၁၈ ရက် (တနင်္လာနေ့) ညနေ ၅း၂၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့်၁၉-၁၂-၂၀၁၈ရက်တွင် ရေဝေးသုသာန်၌သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (သင်္ဂြိုဟ်မည့်အချိန်အားထပ်မံကြေညာပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ သိမ်၊ ကျောင်း၊ရေတွင်း ဒါယကာကြီး
## ဦးခင်ကျော် [စိန်ပေါလ်ကျောင်းသားဟောင်း(၁၉၇၀)]
### B.E(EP),1978
### လက်ထောက်ဌာနမှူး(ငြိမ်း)၊ ယာ/အုံ-မြို့တော်စည်ပင်
### အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်ရပ်ကွက်၊ ဝတ်ကျောင်းလမ်း၊ တတိယထပ်(ယာ)၊ အမှတ်၃၁နေ(ဦးထွန်းရီ-ဒေါ်သိန်းမြ)တို့၏သား၊ (ဦးကေးလေး-ဒေါ်ညိုတင်)ပေါင်းတလည်မြို့တို့၏သားသမက်၊ ဦးစန်းမြင့်မောင်(UNITEAM Shipping )-ဒေါ်အိအိကျော် ၊ဦးထက်ထက်ကျော်(မြို့တော်စည်ပင်၊ လမ်း/တံတား)-ဒေါ်သက်မာဝင်း၊ ဦးကိုကိုကျော်-ဒေါ်ယဉ်ယဉ်နုတို့၏ဖခင်၊ မြေးငါးယောက်တို့၏ ဘိုးဘိုးကြီးသည် ၁၇-၁၂-၂၀၁၈ရက် နံနက် ၂း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၁၈ရက် (သောကြာနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးကျော်မြင့်စိုး(ခ)ဦးပေါက်စီ
### အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အိမ်ကြီးလမ်း၊ အမှတ် ၃၀နေ(ဦးအုန်းဖေ-ဒေါ်သိန်းရွှေ)တို့၏သား၊ ဒုတိယဗိုလ်မှူးကြီးမောင်မောင်(ငြိမ်း)-ဒေါ်ဝါဝါစိုး၊ ဦးခင်မောင်အေး-ဒေါ်စန်းမြင့်၊ ဦးညီညီ-ဒေါ်မာလာတို့၏ညီ၊ ဦးမောင်မောင်-ဒေါ်ညွှန့်ညွှန့်အုန်းတို့၏အစ်ကို၊ ဒေါ်မာဂရက်(ခ)ဒေါ်ချိုချိုဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ မနှင်းပပစိုး၊ မငွေးငွေးမော်၊ မောင်ပိုင်စိုးတို့၏ ချစ်လှစွာသောဖခင်သည် ၁၆-၁၂-၂၀၁၈ ရက်(တနင်္ဂနွေနေ့) ည ၉း၁၂ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၁၂-၂၀၁၈ ရက် (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

[ကွယ်လွန်သူအားရည်စူး၍ ၂၂-၁၂-၂၀၁၈ ရက်(စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၁၇**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Vikram Misri အား ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ ကြည်းတပ်စစ်သံမှူး၊ ရေတပ်စစ်သံမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

ထိုသို့တွေ့ဆုံရာတွင် အိန္ဒိယသမ္မတကြီး၏ မြန်မာနိုင်ငံ ချစ်ကြည်ရေးခရီးစဉ် အောင်မြင်မှုအခြေအနေများ၊ တပ်မတော်နှစ်ရပ်အကြား ရင်းရင်းနှီးနှီးဖြင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိခြင်းကြောင့် နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ကောင်းမွန်လာသည့်အခြေအနေများ၊ မြန်မာနိုင်ငံ ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများနှင့် အခက်အခဲများအပေါ် အိန္ဒိယနိုင်ငံက မြန်မာနိုင်ငံဘက်မှ အားပေးထောက်ခံရပ်တည်ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများ၊ နှစ်နိုင်ငံ နယ်စပ်ဒေသလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများ၊ တပ်မတော်နှစ်ရပ်အကြား လေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်နေမှုနှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်စေရေးအတွက် အဆင့်မြင့်ခေါင်းဆောင်များအပြင် စစ်မှုထမ်းများအဆင့်လိုက် ချစ်ကြည်ရေးခရီးများ အပြန်အလှန်လည်ပတ်ရေးဆိုင်ရာကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းရရှိသည်။

**သတင်းစဉ်**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Vikram Misri အား လက်ခံတွေ့ဆုံစဉ်။**
ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

# အရှေ့တောင်အာရှတက္ကသိုလ်များ အားကစားပြိုင်ပွဲတွင် မြန်မာဗိုဗီနမ်အဖွဲ့ ရွှေသုံးခု၊ ငွေတစ်ခု ထပ်မံရရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၇**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် (၁၉)ကြိမ်မြောက် အရှေ့တောင်အာရှတက္ကသိုလ်များ အားကစားပြိုင်ပွဲ၏ ဗိုဗီနမ်ပြိုင်ပွဲ ဒုတိယနေ့ကို ယနေ့ နံနက်နှင့် ညနေပိုင်းက ဆက်လက်ကျင်းပရာ မြန်မာဗိုဗီနမ်အဖွဲ့က ရွှေတံဆိပ် သုံးခု၊ ငွေတံဆိပ် တစ်ခု ထပ်မံရရှိခဲ့သည်။



**အမျိုးသားလေးယောက်တွဲပြိုင်ပွဲ ရွှေတံဆိပ်ဆုရ မြန်မာအသင်း။**

ပြိုင်ပွဲ ဒုတိယနေ့တွင် အပြပြိုင်ပွဲ လေးမျိုး၊ အတိုက်ပြိုင်ပွဲနှစ်မျိုး ကျင်းပခဲ့ပြီး မြန်မာဗိုဗီနမ်အဖွဲ့က ပြိုင်ပွဲလေးမျိုးတွင် ဆုတံဆိပ်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာဗိုဗီနမ်အဖွဲ့အတွက် ရွှေတံဆိပ်ဆုများကို အမျိုးသမီး တစ်ကိုယ်တော် ဓားတစ်လက်အပြပြိုင်ပွဲတွင် မေဟန်နီအောင်လွင်၊ အမျိုးသားအသင်းလိုက် လေးယောက်တွဲပြိုင်ပွဲတွင် အောင်ခိုင်လင်း၊ ဟိန်းထက်အောင်၊ ဖြိုးမင်းစိုး၊ နိုင်ထွန်း အတွဲ၊ အမျိုးသားတစ်ကိုယ်တော် လက်သိုင်းပြိုင်ပွဲတွင် ရာဇာထွန်းတို့က ရရှိခဲ့ပြီး ငွေတံဆိပ်ဆုကို အမျိုးသား၊ အမျိုးသမီး နှစ်ယောက်တွဲအပြပြိုင်ပွဲတွင် ရာဇာထွန်းက ရရှိခဲ့သည်။ ရာဇာထွန်းသည် ယနေ့ကျင်းပသည့်ပြိုင်ပွဲတွင် ရွှေတစ်ခု၊ ငွေတစ်ခု ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ အတိုက်ပြိုင်ပွဲတွင် မြန်မာကစားသမားများ ဆုတံဆိပ်နှင့် လွဲချော်ခဲ့ပြီး ကမ္ဘောဒီးယားနှင့် ထိုင်းကစားသမားများ ရွှေတံဆိပ်ဆုရခဲ့သည်။

ပြိုင်ပွဲနောက်ဆုံးနေ့ကို ဒီဇင်ဘာ ၁၈ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး ရွှေတံဆိပ်ငါးခု ချီးမြှင့်မည်ဖြစ်သည်။ မြန်မာဗိုဗီနမ်အဖွဲ့သည် ဒုတိယနေ့အပြီးတွင် ရွှေငါးခု၊ ငွေသုံးခု၊ ကြေးနှစ်ခု ဆွတ်ခူးရရှိထားသည်။

**ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်**

# ဗီယက်နမ်ဖိတ်ခေါ် ယူ-၂၁ ပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် မြန်မာနှင့် ဗီယက်နမ်အသင်း ယနေ့ ကစားမည်

**ရန်ကုန် ဒီဇင်ဘာ ၁၇**

ဗီယက်နမ်ဖိတ်ခေါ် ယူ-၂၁ ပြိုင်ပွဲ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို ဒီဇင်ဘာ ၁၈ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် ဗိုလ်လုပွဲယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဗိုလ်လုပွဲအဖြစ် ယနေ့ မြန်မာစံတော်ချိန် ၄ နာရီခွဲတွင် မြန်မာနှင့် အိမ်ရှင် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မလေးရှားနှင့် တောင်ကိုရီးယားကလပ် ဂင်မ်ဟီး ယူ-၂၁ အသင်းတို့မှာ တတိယနေရာလုပွဲ ကစားရမည်ဖြစ်သည်။ အုပ်စုပွဲများကို ဒီဇင်ဘာ ၁၂ ရက်မှ ၁၆ ရက်အထိ ကျင်းပခဲ့ပြီး ပတ်လည်စနစ်ဖြင့် ကျင်းပကာ အမှတ်အများဆုံးနှစ်သင်းမှာ ဗိုလ်လုပွဲ၊ အဆင့် ၃/၄ နေရာရ အသင်းမှာ တတိယလုပွဲကစားရမည်ဖြစ်သည်။ မြန်မာ ယူ-၂၁ အသင်းသည် အုပ်စုပွဲများတွင် ဗီယက်နမ်အသင်းကို ငါးဂိုး-နှစ်ဂိုး၊ တောင်ကိုရီးယားကလပ် ဂင်မ်ဟီးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် နှစ်ပွဲဆက်ရှုံးနိမ့်ခဲ့သော်လည်းနောက်ဆုံးပွဲတွင် မလေးရှားအသင်းကို သုံးဂိုးပြတ်အနိုင်ရခဲ့သည်။ အုပ်စုပွဲစဉ်များအပြီးတွင် အိမ်ရှင်ဗီယက်နမ်အသင်းက သုံးပွဲနိုင် ကိုးမှတ်ဖြင့် အုပ်စုပထမရခဲ့ပြီး ကျန်အသင်းများဖြစ်သည့် မြန်မာ၊ မလေးရှားနှင့် ဂင်မ်ဟီးအသင်းတို့ တစ်ပွဲနိုင်၊ နှစ်ပွဲရှုံးစီဖြင့် သုံးမှတ်စီရခဲ့သည်။ ဂိုးကွာခြားချက်တွင် မြန်မာအသင်းက အသာရသောကြောင့် အုပ်စုဒုတိယရပြီး ဗိုလ်လုပွဲတက်ရောက်ခဲ့ခြင်း ဖြစ်သည်။

မြန်မာ ယူ-၂၁ အသင်းသည် ၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲအတွက် ရည်ရွယ်၍ ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပြီး နည်းပြချုပ်အဖြစ် ဦးကြည်လွင်က ကိုင်တွယ်နေခြင်းဖြစ်သည်။

**ရဲရင့်ရှိုင်း**

## (၁၉)ကြိမ်မြောက် အရှေ့တောင်အာရှ တက္ကသိုလ်များ အားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဒီဇင်ဘာ ၁၇**

(၁၉)ကြိမ်မြောက် အရှေ့တောင်အာရှ တက္ကသိုလ်များ အားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၉ ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း Indoor Stadium (B) ၌ ကျင်းပမည်ဖြစ်ရာ အဆိုပါအခမ်းအနားကျင်းပပုံများကို ယင်းနေ့ ညနေ ၄ နာရီ ၁၀ မိနစ်မှ စတင်၍ မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ မြန်မာ့အသံရေဒီယိုအစီအစဉ်၊ MRTV Sport Channel နှင့် MRTV Facebook တို့မှ တိုက်ရိုက်ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## (၁၉)ကြိမ်မြောက် အရှေ့တောင်အာရှတက္ကသိုလ်များ အားကစားပြိုင်ပွဲ မြန်မာနှင့်ထိုင်း အမျိုးသားဘောလုံး ဗိုင်နယ်ပွဲစဉ် တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဒီဇင်ဘာ ၁၇**

(၁၉)ကြိမ်မြောက် အရှေ့တောင်အာရှတက္ကသိုလ်များ အားကစားပြိုင်ပွဲ၏ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုင်နယ်ပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် ထိုင်းအသင်းတို့သည် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ဒီဇင်ဘာ ၁၈ ရက် ညနေ ၃ နာရီခွဲတွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ အဆိုပါပြိုင်ပွဲကျင်းပပုံများကို ယင်းနေ့ ညနေ ၃ နာရီ ၁၅ မိနစ်မှ စတင်၍ မြန်မာ့ရုပ်မြင်သံကြား(MRTV)၊ မြန်မာ့အသံရေဒီယိုအစီအစဉ်၊ MRTV Sport Channel နှင့် MRTV Facebook တို့မှ တိုက်ရိုက်ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

